# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၇ ရက် အင်္ဂါနေ့။ Tuesday, 2 May 2017 (၈၉၁၂)


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

# အင်္ဂမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ပုဂံဒေသရှိ ဘုရားပုထိုးစေတီများ သွားရောက်ဖူးမြော်လေ့လာ



အင်္ဂမတန်း ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ ပုဂံဒေသရှိ သဗ္ဗညုဘုရားအား ဖူးမြော်လေ့လာကြစဉ်။

**ညောင်ဦး မေ ၁**

ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ)သို့ ရောက်ရှိနေသည့် အင်္ဂမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ(ပုဂံ)ဒေသအတွင်းရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများကို သွားရောက်ဖူးမြော် လေ့လာကြသည်။

အင်္ဂမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ပုဂံဒေသရှိ ရွှေစည်းခုံ၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ သဗ္ဗညု၊ ဗူးဘုရား၊ ကန်တော့ပလ္လင်၊ မြစေတီ/ဂူပြောက်ကြီး၊ လောကနန္ဒာ စသည့် ဘုရားပုထိုးစေတီများသို့ သွားရောက်ကာ ဘုရားပုထိုးစေတီများတွင် မွမ်းမံထားသည့် ရှေးဟောင်းဗိသုကာအနုလက်ရာများ၊ နံရံဆေးရေးပန်းချီများအား အသေးစိတ်လေ့လာခဲ့ကြကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# ယခုနှစ်အတွင်း ရခိုင်ပြည်နယ်မှ အိန္ဒိယနိုင်ငံသို့ မတ်ပဲတန်ချိန် တစ်သောင်းကျော်တင်ပို့နိုင်ရေး စတင်ဖော်ဆောင်



ရခိုင်ပြည်နယ်အတွင်းရှိ မတ်ပဲစိုက်ခင်းများကို တွေ့ရစဉ်။

**စစ်တွေ မေ ၁**

ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အခွင့်အလမ်းကောင်းများရှိနေသဖြင့် ယခုနှစ်အတွင်းတွင် မတ်ပဲတန်ချိန် တစ်သောင်းကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ပြောကြားသည်။

ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ရခိုင်ပြည်နယ် ပြည်သူများ တွေ့ဆုံပွဲတွင် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရခိုင်ပြည်နယ်မှာ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ အခွင့်အလမ်းကောင်းတွေ အများကြီးရှိတဲ့အတွက် လာမယ့် မိုးရာသီကနေစပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ရောက်ရှိ

စာမျက်နှာ » ၃



သီရိမင်္ဂလာ မဟာသာသနာ့ ဗိမာန်တော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

စာမျက်နှာ » ၈




ရက် ၁၀၀ အလွန် YBS နှင့် ဆက်လက်ပြုပြင်ပြောင်းလဲရမည်များ

စာမျက်နှာ » ၆


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ပြည်သူနှင့်အတူ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ရောက်ရှိ



**ဘယ်လ်ဂျီယံ(ဘရပ်ဆဲလ်) မေ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပသမဂ္ဂ(အီးယူ)ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ဗြိတိန်နိုင်ငံသို့ တရားဝင်ခရီးသွားရောက်ရန် ဧပြီ ၃၀ ရက်ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၄၀ တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး သံရုံးယာယီတာဝန်ခံ ဦးဟောက်ခမ့်ဆုမ်းနှင့် သံရုံးမှတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ Singtong Lapisetpanတို့က ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် တာဝန်ရှိသူများက ဘရပ်ဆဲလ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် ည ၁၂ နာရီ ၅ မိနစ်တွင် ထိုင်းနိုင်ငံမှ ဆက်လက်ထွက်ခွာခဲ့ရာ မေ ၁ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ပြင်သစ်နိုင်ငံ Charles De Gulle အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘရပ်ဆဲလ်လေကြောင်းလိုင်းဖြင့် ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ဘယ်လ်ဂျီယံနိုင်ငံသို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် တာဝန်ရှိသူများက ဘရပ်ဆဲလ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ Steigenberger Wiltcher's Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**(သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

မတ်ပဲပိုမိုစိုက်ပျိုးထုတ်လုပ်ဖို့ အကောင်အထည်ဖော်စီစဉ်ဆောင်ရွက်နေပါတယ်။ အခု ၂၀၁၇-၂၀၁၈ မှာ ရခိုင်ပြည်နယ်အနေနဲ့ မတ်ပဲတန်ချိန် တစ်သောင်းကျော်ကို အိန္ဒိယနိုင်ငံကို တင်ပို့နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုတင်ပို့တဲ့အခါမှာ ဖြစ်နိုင်ရင် ရန်ကုန်ကနေ မဟုတ်ဘဲနဲ့ စစ်တွေဆိပ်ကမ်းကနေ အိန္ဒိယနိုင်ငံကို တိုက်ရိုက်ပို့နိုင်ရင် ပြည်နယ်ကုန်သွယ်မှုက လက်ရှိအနေအထားထက် တိုးလာမယ့်အခြေအနေပါ။ ဒါပေမယ့် အခက်အခဲဖြစ်နေတာက ဒီစစ်တွေဆိပ်ကမ်းမှာ တန်ချိန်သုံး၊ လေးထောင်လောက် တင်နိုင်တဲ့သင်္ဘောတွေပဲ ဆိုက်ကပ်နိုင်တာဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ စစ်တွေဆိပ်ကမ်းသစ်တစ်ခု တည်ဆောက်ပေးနိုင်မယ်ဆိုရင် အိန္ဒိယကို တိုက်ရိုက်ပဲတင်ပို့နိုင်တဲ့ ဆိပ်ကမ်းကြီးတစ်ခုဖြစ်လာမှာပါ။ ဒါကို ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြည်ထောင်စုအဆင့်မှာ တင်ပြပေးနိုင်ဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူလူထုတွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက တင်ပြခဲ့သည်။

ရခိုင်ပြည်နယ်တွင် စစ်တွေမြို့နယ်နှင့် မောင်တောမြို့နယ်တို့၌ နယ်စပ်ကုန်သွယ်ရေးဇုန်စခန်းများခဲ့ပြီး ကုန်သွယ်မှုပမာဏမြင့်မားခဲ့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ယခု လတ်တလောအခြေအနေတွင် ဒေါ်လာငါးသန်းဝန်းကျင်သာ ကုန်သွယ်မှုရှိနေကြောင်း သိရသည်။ ယင်းအခြေအနေကို ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ဖြေရှင်းနိုင်ရန် မောင်တောမြို့နယ်အတွင်းရှိ ကညင်ချောင်း ကုန်သွယ်မှုဇုန်ကို ယခုနှစ်အတွင်းတွင် အပြီးသတ်တည်ဆောက်နိုင်ရန် တွန်းအားပေးလုပ်ဆောင်လျက်ရှိသည်။ ကညင်ချောင်းကုန်သွယ်ရေးစခန်းကို ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်နှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းကာ ငွေကျပ်သိန်းပေါင်းတစ်သောင်းဖြင့် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။ နိုင်ငံတော်မှ ငွေကျပ်သိန်းပေါင်းခြောက်ထောင် မတည်ပေးခဲ့ပြီး ကျန်သိန်းလေးထောင်မှာ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း ပါဝင်ထည့်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု မဟာစီမံကိန်းတစ်ရပ်အဖြစ် မြောက်ပိုင်းဇုန်၊ အလယ်ပိုင်းဇုန်နှင့် တောင်ပိုင်းဇုန်ဟူ၍ ဇုန်သုံးခုခွဲကာ သတ်မှတ်လုပ်ဆောင်လျက်ရှိရာ မြောက်ပိုင်းဇုန်ကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် မတ်ပဲစိုက်ပျိုးမှုကို အဓိကထား လုပ်ဆောင်သွားမည်ဖြစ်ပြီး မြောက်ဦးဒေသကိုလည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင်ဆောင်ရွက်လျက်ရှိသည်။ မြောက်ပိုင်းဇုန်ဒေသတွင် လက်ရှိမတ်ပဲစိုက်ပျိုးရန် ဆောင်ရွက်နေပြီး ရေချိုငါးမွေးမြူရေးလုပ်ငန်းကိုလည်း ကျောက်တော်ဒေသတွင် စတင်စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကာ ရေချိုငါးမွေးမြူရေးလုပ်ငန်း အောင်မြင်ပါက အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်၌ လတ်တလောနိမ့်ကျနေသည့် ကုန်သွယ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

## ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်း(ပုဂံ) ဖွင့်ပွဲအခမ်းအနားကျင်းပ

**ညောင်ဦး မေ ၁**

ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ စာရိတ္တကောင်းမွန်သည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊ မှန်ကန်သောယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အများနှင့် စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ဒေသန္တရဗဟုသုတများရရှိလာစေရန်နှင့် ကျောင်းသားကျောင်းသူများ၏ စံနမူနာပြုလူငယ်များပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဘက်စုံပညာထူးချွန်လူငယ် ကျောင်းသား ကျောင်းသူများကို ရွေးချယ်ပြီး ဘက်စုံပညာထူးချွန်လူငယ်စခန်းများတွင် ဂုဏ်ပြုချီးမြှင့်လျက်ရှိရာ အဆိုပါစခန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ)ကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ) ဖွင့်ပွဲအခမ်းအနားကို အပန်းဖြေစခန်းမုခ်ဦးတွင် ကျင်းပပြီး အဌမတန်းဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူသုံးဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူများအနေဖြင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းရှိရန် အရေးကြီးကြောင်း၊ မိမိဆန္ဒထက် အများစုဆန္ဒကို အလေးထားစေလိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ယူဆောင်ရွက်ကြမည့် အနာဂတ်၏ သားကောင်းရတနာများနှင့် တိုင်းပြည်အတွက် အားကိုးရမည့် လူရည်ချွန်လူရည်မွန်များအဖြစ် ပွဲကိုင်နိုင်မည့်သူများဖြစ်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘက်စုံပညာ ထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ)တွင် လာရောက်အပန်းဖြေလှေ့လာလျက်ရှိသည့် အဌမတန်း ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများအား ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကြသည်။

ညပိုင်းတွင် အဌမတန်း ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုသည့်အနေဖြင့် ညစာစားပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ) ဖွင့်ပွဲနှင့် ညစာစားပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများနှင့် ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**(နိုင်လင်းကြည်)**

# ပြုံယမ်းအရေးနှင့်ပတ်သက်ပြီး စင်ကာပူ၊ ထိုင်းဝန်ကြီးချုပ်များနှင့် သမ္မတထရန့် တိုင်ပင်ဆွေးနွေး




**ဝါရှင်တန် မေ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့နှင့်အတူ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား လက်နက်ဖွံ့ဖြိုးလာမှုနှင့်ပတ်သက်ပြီး ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများရှိစေရန် တယ်လီဖုန်းမှတစ်ဆင့် တိုင်ပင်ဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများအရသိရသည်။

ဧပြီ ၃၀ ရက်တွင် သမ္မတဒေါ်နယ်လ်ထရန့်က စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းနှင့် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့အား တယ်လီဖုန်းသီးခြားခေါ်ဆိုခဲ့ကြောင်း အိမ်ဖြူတော်အရာရှိများက ဆိုသည်။

နိုင်ငံ့ခေါင်းဆောင်သုံးဦးတို့သည် ကုန်သွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရာတွင် ရလဒ်ကောင်းများ ထွက်ပေါ်လာရေးအတွက် ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ထို့ပြင် စင်ကာပူဝန်ကြီးချုပ်နှင့် ထိုင်းဝန်ကြီးချုပ်တို့အား အိမ်ဖြူတော်သို့ အလည်အပတ်လာရောက်ရန် သမ္မတထရန့်က ဖိတ်ခေါ်ခဲ့သည်။

သမ္မတထရန့်သည် ထိုင်းနှင့်စင်ကာပူနိုင်ငံခေါင်းဆောင်များနှင့် မြောက်ကိုရီးယားအရေး တိုင်ပင်ဆွေးနွေးနိုင်ဖွယ်ရှိသည်ဟု အေဘီစီရုပ်သံလိုင်းတစ်ခုနှင့် အင်တာဗျူးတစ်ရပ်တွင် ပြောကြားခဲ့ကြောင်း အိမ်ဖြူတော်အရာရှိတစ်ဦးက ဆိုသည်။

ပြုံယမ်း၏ နျူကလီးယားလက်နက် ဖွံ့ဖြိုးလာမှုသည် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုကို ဖြစ်စေသည်ဟု အိမ်ဖြူတော်အရာရှိက ၎င်း၏ယူဆချက်ကိုဖော်ပြသည်။ ထို့ကြောင့် အမေရိကန်နှင့် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# အီရန်ဂြိုဟ်တုရုပ်မြင်သံကြားဌာနအကြီးအကဲ အစ္စတန်ဘူမြို့၌ သေနတ်ပစ်ခံရ၍ သေဆုံး




**အစ္စတန်ဘူ မေ ၁**

လွန်ခဲ့သည့်နှစ်အတွင်းက အီရန်နိုင်ငံရှိ တရားရုံးတစ်ရုံးက မျက်ကွယ်တွင် ချမှတ်သည့် စီရင်ချက်တစ်ရပ်အဖြစ် ထောင်ဒဏ်ခြောက်နှစ်ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည့် ဂြိုဟ်တုရုပ်မြင်သံကြားလုပ်ငန်းအကြီးအကဲတစ်ဦးသည် ၎င်း၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်အတူ တူရကီနိုင်ငံ အစ္စတန်ဘူမြို့တွင် ဧပြီ ၂၉ ရက်က သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးသွားကြောင်း တူရကီအစိုးရ ဒိုဂန်သတင်းဌာနက ဧပြီ ၃၀ ရက်တွင် သတင်းဖော်ပြသည်။

ဂျီအီးအမ်ရုပ်မြင်သံကြားဌာနကို တည်ထောင်သူ ဆာအိကာရီမိန်သည် ၎င်းနှင့်အလုပ်အတူ လုပ်ကိုင်နေသူနှင့်အတူ အစ္စတန်ဘူမြို့ မာလ်စကတ်ဒေသအနီး ဧပြီ ၂၉ ရက် ဒေသစံတော်ချိန် ည ၈ နာရီခန့်တွင် မော်တော်ယာဉ်မောင်းနှင်နေစဉ် ၎င်းတို့၏ မော်တော်ယာဉ်ကို ဂျစ်ကားတစ်စီးက လမ်းပိတ်ရပ်တန့်စေခဲ့ပြီး ၎င်းတို့အား သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဒိုဂန်သတင်းဌာနက ဖော်ပြသည်။

အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရောက်ရှိလာချိန်တွင် သေဆုံးသွားသည့်ဆာအိ၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိပြီး သေနတ်ထိမှန်သွားသည့် ၎င်း၏လုပ်ဖော်ကိုင်ဖက်အား ဆေးရုံသို့တင်ပို့ကုသပေးခဲ့သော်လည်း ၎င်း၏အသက်ကို ကယ်တင်နိုင်ခြင်းမရှိခဲ့ပေ။

သေနတ်ပစ်ခတ်ခံရ၍ သေဆုံးသွားသူနှစ်ဦးမှာ အီရန်လူမျိုးများဟု ဒိုဂန်သတင်း၌ ဖော်ပြပြီး ဟာရီယက်နေ့စဉ်သတင်းစာ၌မူ ဆာအိအား ဗြိတိန်နိုင်ငံသား၊ ၎င်း၏လုပ်ဖော်ကိုင်ဖက်အား ကူဝိတ်နိုင်ငံသားဖြစ်ကြောင်း ဖော်ပြသည်။

မျက်နှာဖုံးများ စွပ်ထားသည့် သေနတ်သမားနှစ်ဦးက ဂျစ်ကားပေါ်မှဆင်းကာ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဟာရီယက်နေ့စဉ်သတင်းစာက ဖော်ပြသည်။

သေနတ်သမားများ အသုံးပြုခဲ့သောကားကို ၎င်းတို့ကစွန့်ပစ်သွားပြီး မီးလောင်ကျွမ်းထားသည့် ဂျစ်ကားကို နောက်ပိုင်းတွင် ရှာဖွေတွေ့ရှိရသည်။

**ရိုက်တာ။**

## အိန္ဒိယ၌ ရထားများရောက်ရှိနေသည့်နေရာသိနိုင်ရေး အာရ်အက်ဖ်အိုင်ဒီ နည်းစနစ်အသုံးပြုမည်

**နယူးဒေလီ မေ ၁**

ရေဒီယိုကြိမ်နှုန်းဖြင့် အတည်ပြုပေးသောစနစ်(အာရ်အက်ဖ်အိုင်ဒီ)အား အသုံးပြု၍ ကုန်ရထားများ၊ ခရီးသည်တင်ရထားများနှင့် ရထားစက်ခေါင်းများ မည်သည့်နေရာ၌ရောက်ရှိနေသည်ကို သိရှိနိုင်တော့မည်ဖြစ်ကြောင်း အိန္ဒိယရထားလုပ်ငန်းဌာနက မေ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အာရ်အက်ဖ်အိုင်ဒီသည် ကြိုးမဲ့(ဝိုင်ယာလက်)စနစ်တစ်ခုဖြစ်ပြီး အာရ်အက်ဖ်အိုင်ဒီကတ်ပြားမှ ပေးပို့သောရေဒီယိုလှိုင်းများကို လက်ခံခြင်းနှင့် ထုတ်လွှင့်ခြင်းတို့ ပြုလုပ်နိုင်သည့် ဧရိယာတိုင် (ကောင်းကင်တိုင်)များ ပါဝင်သည့် ဆက်သွယ်ရေးကိရိယာ ဖြစ်သည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ထွန်းကားလာမှုနှင့်အတူ အိန္ဒိယရထားလုပ်ငန်းဌာနက အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကြိုးစနစ်ဖြင့် ရထားရောက်ရှိနေသည့်နေရာကို သိရှိနိုင်ရန် အစီအစဉ်ချမှတ်ဆောင်ရွက်တော့မည်ဖြစ်သည်။

အိန္ဒိယရထားလုပ်ငန်းတွင် ကုန်တွဲ ၂ ဒသမ ၂၅ သိန်း၊ လူစီးရထားတွဲ ၅၀၀၀၀ နှင့် ရထားစက်ခေါင်း ၉၀၀၀ ရှိကြောင်း၊ အဆိုပါစနစ်အသုံးပြုနိုင်ရေးအတွက် ရူပီး ၅၇ ကုဋေ ပမာဏရှိ ရန်ပုံငွေကို သုံးစွဲရန် ခွင့်ပြုပေးထားကြောင်း အိန္ဒိယရထားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ပီတီအိုင်။**

# ဝေဟင်နှင့်ရေပြင် မောင်းနှင်နိုင်သောလေယာဉ် တရုတ်နိုင်ငံ၌ ပထမဆုံးအကြိမ် ခရီးစဉ်ပျံသန်းမှု ပြုလုပ်

**ပေကျင်း မေ ၁**

ဝေဟင်နှင့် ရေပြင်တွင် မောင်းနှင်နိုင်သော လေယာဉ်တစ်မျိုးကို တရုတ်နိုင်ငံက တည်ဆောက်ခဲ့ပြီးဖြစ်ရာ ပထမဆုံးအကြိမ် ခရီးစဉ်ပျံသန်းမှုကို ဧပြီ ၃၀ ရက်က ပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက မေ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတောင်ပိုင်း ကျူဟိုင်းမြို့၌ အေဂျီ-၆၀၀ အမျိုးအစား ဝေဟင်နှင့် ရေပြင်တွင် မောင်းနှင်နိုင်သော လေယာဉ်၏ခရီးစဉ် ပျံသန်းမှုကို ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ပြည်တွင်း၌ တည်ဆောက်ခဲ့သော အေဂျီ-၆၀၀ အမျိုးအစား လေယာဉ်ကို တောမီးငြိမ်းသတ်နိုင်ရန် လည်းကောင်း၊ ပင်လယ်ပြင်အတွင်း ကယ်ဆယ်ရေးနှင့် ရှာဖွေရေး လုပ်ဆောင်နိုင်ရန် လည်းကောင်း အသုံးပြုနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်အား တရုတ်နိုင်ငံ၏ နိုင်ငံရေပိုင်နက်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက်လည်း အသုံးပြုနိုင်မည်ဆို၏။

တရုတ်နိုင်ငံသည် တပ်မတော်ခေတ်မီတိုးတက်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိနေချိန်တွင် ဝေဟင်နှင့် ရေပြင်သွားလာနိုင်သော လေယာဉ်ကို တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ကနဦးအနေဖြင့် အေဂျီ-၆၀၀ အမျိုးအစား လေယာဉ်၏ ပထမဆုံးအကြိမ် ခရီးစဉ်ပျံသန်းမှုကို မေလနှောင်းပိုင်းတွင် ပြုလုပ်ရန် စီစဉ်ထားခဲ့သော်လည်း မူလအစီအစဉ်ပါ အချိန်ဇယား သတ်မှတ်ချက်ထက် စောစွာခရီးစဉ် ပျံသန်းခြင်းဖြစ်သည်။

**ဆင်ဟွာ။**



# ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် မေ ၁**
ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော် တတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

တတိယနေ့စာတမ်းဖတ်ပွဲ နံနက်ပိုင်းအစီအစဉ်တွင် သဘာပတိများအဖြစ် ဒေါက်တာမောင်မောင်စံ(ကြည်မင်း) နှင့် ဒေါ်ခင်ဖုရားရည်(နတ်မောက်အနီချို)တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဦးရဲထွန်း(သန်လျင်မောင်ဝင်းဝါ)က "ဇာတ်သဘင်စာပေ အင်္ဂလိပ်-မြန်မာဘာသာပြန်" စာတမ်းနှင့် စာတမ်းရှင် ဦးမောင်မောင်ဦး(ဟိန်းလတ်)က "ဘာသာပြန် (သုတ)"စာတမ်းတို့ကို ဖတ်ကြားကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

မွန်းလွဲပိုင်းစာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ဦးမောင်မောင်ဦး(ဟိန်းလတ်)နှင့် ဒေါ်စမ်းစမ်းနွဲ့(စမ်းစမ်းနွဲ့-သာယာဝတီ)တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဦးရဲမြင့်ကျော်(ရဲမြင့်ကျော်)က "မြန်မာဘာသာပြန်စာပေတွင် လိုအပ်နေသော နိုင်ငံရေးဒဿနစာပေ" စာတမ်း၊ စာတမ်းရှင် ဦးလှမြင့်(ဒေါက်တာလှမြင့်)က "ပါဠိ (သို့မဟုတ်) မြန်မာပရိယတ္တိစာပေမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခြင်း" စာတမ်းနှင့် စာတမ်းရှင် ဒေါက်တာစိန်မြင့်က "မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၏ လူထုအတွင်း စာပေလွှမ်းခြုံမှုမြှင့်တင်ခြင်း"စာတမ်းတို့ကို ဖတ်ကြားကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ထို့နောက် ဘာသာပြန်စာပေစာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့်အတူ နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဗဟိုပုံနှိပ်စက်ရုံဝင်းမြေညီထပ်၊ ပထမထပ်တို့၌ကျင်းပလျက်ရှိရာ စာအုပ်အရောင်းဆိုင်များတွင် ရဟန်းသံဃာများ၊ စာပေချစ်မြတ်နိုးသူ၊ လေ့လာဝယ်ယူအားပေးသူများဖြင့် စည်ကားခဲ့သည်။

**(သတင်းစဉ်)**




# ဘာသာပြန်စာပေစာတမ်းဖတ်ပွဲမှ စာတမ်းရှင်များ၏ အတွေးအမြင်များ

တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ရဲထွင်

**ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော် နောက်ဆုံးနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပသည်။ အဆိုပါစာတမ်းဖတ်ပွဲတွင် ပါဝင်ဖတ်ကြားသူစာတမ်းရှင်များ၏ အတွေးအမြင်များကို ကောက်နုတ်စုစည်းဖော်ပြအပ်ပါသည်။**


**ဦးရဲထွန်း(သန်လျင်မောင်ဝင်းဝါ)**


**ဦးမောင်မောင်ဦး(ဟိန်းလတ်)**


**ဦးရဲမြင့်ကျော်(ရဲမြင့်ကျော်)**


**ဦးလှမြင့်(ဒေါက်တာလှမြင့်)**


**ဒေါက်တာစိန်မြင့်**

### လူငယ်တွေပြဇာတ်စာပေကို ဖတ်စေချင်တယ်
### ဦးရဲထွန်း(သန်လျင်မောင်ဝင်းဝါ)

"ဇာတ်သဘင်စာပေ အင်္ဂလိပ်-မြန်မာဘာသာပြန်"ဖတ်ကြားမှာပါ။ ဇာတ်သဘင်စာပေနဲ့ပတ်သက်လို့ မြန်မာလို ဘာသာပြန်တဲ့အခါမှာ ကမ္ဘာ့ဇာတ်သဘင်စာပေတွေပါ လေ့လာပြီးတော့မှ ပြန်ဆိုဖို့လိုတယ်။ မြန်မာဇာတ်သဘင်သုတေသီတွေ၊ ကျောင်းသူကျောင်းသားတွေ ဇာတ်သဘင်စာပေတွေကို လေ့လာဖို့လိုတယ်။ အဲဒီလိုဖြစ်စေချင်တဲ့ ဆန္ဒ၊ စေတနာလေးတွေနဲ့ ဒီစာတမ်းနဲ့ တပ်လှန့်အသိပေးလိုက်တာပါ။

လူငယ်တွေ ပြဇာတ်စာပေတွေကို ဖတ်စေချင်တယ်။ နိုင်ငံတကာမှာ စာပေသုတေသီတွေအများစု တန်ဖိုးထားရတဲ့၊ လေးစားရတဲ့ ရှိတ်စပီးယားပြဇာတ် စာပေတွေ၊ မြန်မာမှာလည်း ဦးပုညတို့၊ ဦးကြင်ဥတို့စသဖြင့် နာမည်ကြီးဆရာကြီးတွေရဲ့ ဂန္ထဝင်ပြဇာတ်တွေကို ယှဉ်တွဲပြီးလေ့လာစေချင်တယ်။ အဲဒီလို မြန်မာနဲ့ နိုင်ငံတကာရဲ့ အနုပညာမှာ ကိန်းအောင်းနေတဲ့ တကယ့်စာပေအလင်္ကာတွေကို ရယူခံစားစေချင်တယ်။ မျိုးဆက်သစ်တွေက နောင်တစ်ချိန်မှာ စိတ်အားထက်သန်လို့ ဇာတ်သဘင်သုတေသန ပညာရှင်တွေဖြစ်လာရင် သူတို့ရဲ့ရေးသားချက်တွေက အလွန်တန်ဖိုးရှိပြီး နောင်လာမယ့်ခေတ်တွေမှာ လက်ဆင့်ကမ်းနိုင်မယ့် ပညာရှင်တွေဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

### စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အထောက်အကူပြုပါတယ်
### ဦးမောင်မောင်ဦး(ဟိန်းလတ်)

"ဘာသာပြန်(သုတ)"စာတမ်း ဖတ်ပါမယ်။ ဘာသာပြန်စာအုပ် ခုနစ်အုပ် ဘာသာပြန်ပြီးပြီ။ ဘာသာပြန်နဲ့ပတ်သက်လို့ အမျိုးသား စာပေဆု နှစ်ကြိမ်ရတယ်။ ထွန်းဖောင်ဒေးရှင်း(သုတ)စာပေဆုရပါတယ်။ ဘာသာပြန်နဲ့ပတ်သက်သမျှ မှတ်ခဲ့သမျှ၊ ဆည်းပူးခဲ့သမျှ၊ အမှားတွေရော၊ လေ့လာဆည်းပူးစရာလိုတာတွေရော အားလုံးကိုချပြတာပါ။ ရန်ကုန်တက္ကသိုလ်မှာ ဘာသာပြန်သင်တန်းသင်ပေးနေပါတယ်။ အဲဒါကြောင့် ဒီစာတမ်းကို ပြုစုတာဖြစ်ပါတယ်။ ဘာသာပြန်သင်တန်းရှိရမယ်။ ရန်ကုန်တက္ကသိုလ်မှာ သင်နေတာက ဘာသာပြန်တစ်ဝက်တစ်ပိုင်းပဲရှိတယ်။ ဘာသာပြန်သီးသန့်သင်တန်းတစ်ခုလိုတယ်။ ဘာသာပြန်စာပေအသင်းလိုတယ်။ ဒီလအတွင်းမှာ မြန်မာဘာသာပြန် စာပေတိုးမြှင့်ရေးအသင်းဖွဲ့မယ်။ ဘာသာပြန်ဆရာတွေစုစည်းမယ်။ သင်တန်းတွေပေးမယ်။ စာအုပ်တွေထုတ်မယ်၊ အစိုးရသစ်လက်ထက်မှာ စာတမ်းဖတ်ပွဲ သုံးကြိမ်ရှိတာ နှစ်ကြိမ်ဖတ်ရတယ်။ ပထမနိုင်ငံရေးစာပေစာတမ်းဖတ်ပွဲဖတ်တယ်။ အခုဘာသာပြန် စာတမ်းဖတ်ပွဲမှာလည်း ဖတ်ပါတယ်။ ဒါမှပြည်သူတွေအသိအမြင် ပိုကျယ်ပြန့်လာမယ်။ ပိုပြီးစိတ်ဝင်စားလာမယ်။ စာတမ်းဖတ်ပွဲနဲ့ စာအုပ်ရောင်းပွဲတော်ပါကျင်းပတော့ စာဖတ်ပရိသတ်တွေအတွက်ရော၊ လူငယ်တွေအတွက်ရော စာပေချစ်စိတ်၊ စာပေကိုမြတ်နိုးလာစိတ် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် အထောက်အကူပြုပါမယ်။

### နိုင်ငံရေးဒဿနကျမ်းတွေ ဘာသာပြန်ဖို့လိုတယ်
### ဦးရဲမြင့်ကျော်(ရဲမြင့်ကျော်)

"မြန်မာဘာသာပြန်စာပေတွင် လိုအပ်နေသော နိုင်ငံရေးဒဿနစာပေ"စာတမ်း ဖတ်ပါမယ်။ အဓိကကတော့ မြန်မာစာပေမှာ ပြီးခဲ့တဲ့ ၂၀ ရာစုအတွင်းမှာ နိုင်ငံရေး စာပေဩဇာလွှမ်းမိုးခဲ့တယ်။ နဂါးနီစာပေရဲ့ ဩဇာလွှမ်းမိုးခဲ့ပါတယ်။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ ဒီလိုဈေးကွက်စီးပွားရေးစာပေတွေ အားနည်းခဲ့ပါတယ်။ နိုင်ငံရေး ဒဿနစာပေတွေ တော်တော်ပျောက်နေတာ နိုင်ငံရေးဒဿနဌာနဆိုတာလည်းမရှိဘူး။ နိုင်ငံရေးဒဿနကို ကျွမ်းကျင်တဲ့သူ ပညာရှင်လည်းမရှိဘူး။ နိုင်ငံရေးဒဿနနဲ့ ပတ်သက်တဲ့ကျမ်းတွေ ဘာသာပြန်ဖို့လိုအပ်တယ်။ ပညာရှင်ကြီးတွေရဲ့ မူရင်းကျမ်းစာတွေကို ဘာသာပြန်ဖို့လိုတယ်။ ဒါကြောင့် လှုံ့ဆော်တိုက်တွန်းတဲ့သဘောပါ။ ဒီကျမ်းတွေက အင်မတန်အရေးကြီးပါတယ်။ ဒီကျမ်းတွေ ဒီစာတွေမူရင်းတွေကို ဖတ်နိုင်မှ နိုင်ငံရေးအတွေးအခေါ်မြင့်မားလာပါမယ်။ အခုလို နိုင်ငံတည်ဆောက်ရေးကာလတွေမှာ ဒီလိုဒဿနစာပေအခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။

စာတမ်းဖတ်ပွဲတွေက အခုဆိုစိပ်လာပါတယ်။ စာတမ်းဖတ်ပွဲကို အချိန်လေးနည်းနည်းပေးသင့်ပါတယ်။ စာတမ်းရှင်တွေအတွက် ပြင်ဆင်ချိန်တစ်နှစ်ကို နှစ်ကြိမ်လောက်ပေးသင့်တယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ဒီလိုစာတမ်းဖတ်ပွဲတွေလုပ်ပေးတာ ကျေးဇူးတင်ပါတယ်။

### နိုင်ငံခြားသားတွေ ဗုဒ္ဓဘာသာကို ပိုပြီးစိတ်ဝင်စားလာတယ်
### ဦးလှမြင့်(ဒေါက်တာလှမြင့်)

"ပါဠိ(သို့မဟုတ်)မြန်မာပရိယတ္တိစာပေမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း"စာတမ်းကို ဖတ်မှာပါ။ ရည်ရွယ်ချက်က ကမ္ဘာ့နိုင်ငံအသီးသီးက နိုင်ငံခြားသားတွေ ဗုဒ္ဓဘာသာကို အရင်ကထက် ပိုပြီးစိတ်ဝင်စားလာကြတယ်။ ဒါပေမယ့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို အားလုံးဘာသာပြန်ပြီးသား မရှိပါဘူး။ တချို့တစ်ဝက်ပဲ ဘာသာပြန်ထားတာရှိပါတယ်။ အဲဒီထဲကမှ ၃၃ အုပ်လောက်ပဲ ထွက်ပါတယ်။ သာသနာရေးဝန်ကြီးဌာန ပိဋကတ်ဘာသာပြန်အသင်းက ဘာသာပြန်တာကလည်း အပြည့်အစုံ မထွက်နိုင်သေးပါဘူး။ ဒါကြောင့်မို့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစတာတွေကို အင်္ဂလိပ်ဘာသာ ပြန်ဆိုထုတ်ဝေနိုင်မှသာ ကမ္ဘာ့နိုင်ငံအသီးသီးက ဗုဒ္ဓဘာသာရဲ့ အနှစ်သာရတွေကို ပိုမိုသိရှိမယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ဒီစာတမ်းကို တင်ပြခြင်းဖြစ်ပါတယ်။ ဗုဒ္ဓရဲ့တရားတော်တွေထဲမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အသိပညာ၊ အတွေးအခေါ်ပညာ၊ ဇာတ်တော်တွေ၊ ပုံပြင်ကအစ ကလေးတွေကို သင်ပေးလို့ရတယ်။ ပါဠိတော်တွေ၊ အဋ္ဌကထာတွေကို ဘာသာပြန်တဲ့အခါ ဘာသာရေးတစ်ခုတည်း ဘာသာပြန်တာမဟုတ်ဘူး။ ကဏ္ဍအသီးသီးကိုလွှမ်းခြုံပြီး ဘာသာပြန်ခြင်းဖြစ်တယ်လို့ နားလည်သဘောပေါက်စေချင်ပါတယ်။

ဒီလိုစာတမ်းဖတ်ပွဲတွေလုပ်တာ ကောင်းပါတယ်။ ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲလုပ်တာ အကျိုးရှိပါတယ်။ နိုင်ငံတကာနဲ့ဆက်ဆံတဲ့အခါမှာ အင်္ဂလိပ်ဘာသာက ကြားခံဘာသာတစ်ခု ဖြစ်နေတဲ့အတွက်ကြောင့် အင်္ဂလိပ်ဘာသာကို ပြန်ဆိုမယ်။ တိုင်းရင်းသားဘာသာတွေ၊ တခြားဘာသာတွေလည်း ပါတာပေါ့။ ဘာသာပြန်စာပေကို လူငယ်မျိုးဆက်သစ် စာရေးဆရာတွေ၊ ဆရာကြီးတွေဆီက နည်းလမ်းတွေယူပြီး အတုယူလိုက်နာဆောင်ရွက်လို့ရတယ်။ ဘာသာပြန်စာပေက တိုင်းပြည်အတွက် အရေးကြီးတယ်။

### စာတမ်းဖတ်ပွဲလုပ်တာ စာပေလောကတိုးတက်မှာပါ
### ဒေါက်တာစိန်မြင့်

ဖဆပလခေတ် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း လှုပ်ရှားဆောင်ရွက်မှုတွေ နောက်ပိုင်းမှာ

**စာမျက်နှာ ၈ သို့**

# ရက် ၁၀၀ အလွန် YBS နှင့် ဆက်လက်ပြုပြင်ပြောင်းလဲရမည်များ




ဆုနှင်းလဲ

လက်ရှိတွင် YBS စနစ် စတင်ပြောင်းလဲကျင့်သုံးခဲ့သည်မှာ သုံးလကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့်အပြင် ရက်ပေါင်း ၁၀၀ ကျော်သို့ပင် ရောက်ရှိလာပြီဖြစ်သည်။ စနစ်တစ်ခုအပြောင်းအလဲတွင် အချိန်ကာလ သုံးလသည် တိုတောင်းသော ကာလဖြစ်သည့်အပြင် ရက်ပေါင်း ၁၀၀ ကျော် ဆိုသည်ကလည်း ခဏတာပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ သို့ရာတွင် နေ့စဉ်နှင့်အမျှ လှုပ်ရှားသွားလာနေကြရသော ရန်ကုန်မြို့နေ လူထုအနေဖြင့် နိစ္စဓူဝ လိုလိုပင် မိမိတို့နေအိမ်အသီးသီးမှ ရည်ရွယ်ချက်အမျိုးမျိုး၊ ဦးတည်ရာအမျိုးမျိုးတို့ဖြင့် သွားလာနေကြရာတွင် အခက်အခဲနှင့် အဆင်မပြေမှုများက ရှိနေဆဲဖြစ်သောကြောင့် ရက် ၁၀၀ သည်လည်း ကြာမြင့်သည်ဟုပင်ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံရွေးချယ်ခဲ့သော အစိုးရတစ်ရပ်ဖြစ်သောကြောင့် ထိုအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အလျင်အမြန်အောင်မြင်ဖြစ်ထွန်းချင်စိတ်ဖြင့် အမျှော်လင့်ကြီး မျှော်လင့်နေသောကြောင့်လည်း ဖြစ်သည်။

**မထသ မှ YBS သို့**

မထသမှ YBS သို့ ပြောင်းလဲလိုက်သော်လည်း ထူးမခြားနားသေးဟု အများက ဝေဖန်နေကြသေးသည်။ မထသကို မိတ်ကပ်လိမ်းထားခြင်း၊ ဆေးသုတ်ထားခြင်းသာ ဖြစ်သည်ဟုလည်း ဆိုကြ၏။ ယင်းသို့ ဝေဖန်သည့်အတိုင်းပင် လက်ရှိ YBS သည် မထသကို စနစ်ပြောင်းဆောင်ရွက်နေသည် ဖြစ်သော်လည်း စီမံအုပ်ချုပ်နေသူအချို့မှလွဲ၍ ကျန်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအားလုံးသည် မထသ ဆောင်ရွက်ခဲ့စဉ်က လူများပင်ဖြစ်သည်။ မထသဟူသည် ဟိုယခင်ကပင် တည်ရှိခဲ့သည့် မထသ(မြို့တွင်း)နှင့် ၂၀၁၀ ရွေးကောက်ပွဲအလွန် အစိုးရသစ်တက်လာသည့်အခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယာဉ်လိုင်းအားလုံးကို ကြီးကြပ်ကွပ်ကဲရန်အတွက် ဖွဲ့စည်းခဲ့သည့် မထသ(ဗဟို)ဟူ၍ နှစ်ဖွဲ့ရှိသည်။ မထသ(ဗဟို)သည် ယာဉ်လိုင်းအားလုံးကို ကြပ်မတ်ခြင်းဖြစ်ပြီး ယင်းအဖွဲ့လက်အောက်တွင် ယာဉ်လိုင်းကြီး ၁၇ လိုင်းရှိသည်။ မထသ(မြို့တွင်း)သည်လည်း မထသ(ဗဟို)အဖွဲ့လက်အောက်မှ ယာဉ်လိုင်းတစ်ခုပင်ဖြစ်ပြီး ယာဉ်အင်အား၊ လူအင်အား အတောင့်တင်းဆုံး ယာဉ်လိုင်းအဖွဲ့ကြီးပင်ဖြစ်သည်။ အဆိုပါ မထသ(မြို့တွင်း) သည် ယခင်ခေတ်အဆက်ဆက် ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် ယာဉ်လိုင်းဖြစ်ပြီး တစ်ဦးချင်း ယာဉ်ပိုင်ရှင်များအနေဖြင့် မထသ ယာဉ်လိုင်း လက်အောက်ခံအဖြစ် ဝင်ရောက်ပြေးဆွဲခဲ့ကြခြင်းဖြစ်သည်။ နောက်ပိုင်းတွင် အများပြည်သူဝန်ဆောင်မှု သယ်ယူပို့ဆောင်ရေးအသွင်ဖြစ်ပေါ်မလာဘဲ ယာဉ်ကိုအရင်းအနှီးပြုကာ စီးပွားရှာသည့် ပုံစံဖြစ်ပေါ်လာသည်။ ဝင်ငွေကောင်းသော ယာဉ်လမ်းကြောင်း၊ ခရီးသည်များသော လမ်းကြောင်းများကို ပြေးဆွဲလိုကြပြီး ခရီးသည်နည်းပါးသော ယာဉ်လိုင်းများကို မပြေးဆွဲလိုသည့် အနေအထားများလည်း ရှိလာခဲ့သည်။ ယာဉ်လိုအပ်ချက်အရ ဒိုင်နာ၊ ကင်တာယာဉ်တို့ကဲ့သို့ ကုန်တင်ယာဉ်အငယ်စားများဖြင့်ပင် ခရီးသည်ပို့ဆောင်ဖြစ်ခဲ့ကြသည်။ မြို့ပြ ပို့ဆောင်ရေးတွင် ယခင်ကပင် ယာဉ်လိုအပ်ချက် ရှိနေဆဲဖြစ်ပြီး ယခုထက်တိုင် ယင်းပြဿနာကို ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ တစ်ဦးချင်းပိုင် ယာဉ်ပိုင်ရှင်များကို ကြီးကြပ်ကွပ်ကဲထိန်းသိမ်းရန် ခက်ခဲလာပြီး ကာယကို အရင်းပြုကာ နံနက်မိုးမလင်းခင်မှပင် ညမိုးချုပ်အထိ လုပ်ကိုင်ရသော အလုပ်အကိုင်ဖြစ်သောကြောင့်လည်း စနစ်တကျလခစားစနစ်၊ ပံ့သေဝင်ငွေစနစ် ထူထောင်နိုင်ခြင်းမရှိဘဲ နေ့စဉ် ရှာဖွေနိုင်သည့်အပေါ်တွင် ပုတ်ပြတ်ပေးသည့်စနစ်ဖြင့် လုပ်အားခကို ယူစေသည့်စနစ်ကို ကျင့်သုံးခဲ့ကြရာမှာ အပြိုင်အဆိုင်ငွေရှာသည့် အနေအထားများလည်း ဖြစ်လာခဲ့သည်။

ယင်းသို့သော အနေအထားများမှ အများပြည်သူကို ဗဟိုပြုဝန်ဆောင်မှုပေးမည့် ယာဉ်လိုင်းစနစ်ကို ဖော်ဆောင်ရန် စီမံချက်ချဆောင်ရွက်ရာတွင် မထသ(ဗဟို) စီမံကွပ်ကဲမှုစနစ်မှ ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ YRTA က ကြပ်မတ်မည့်စနစ်ကို ကျင့်သုံးမည်ဟု သိရသည်။ မထသ(မြို့တွင်း) သည်လည်း ပုဂ္ဂလိကယာဉ်လိုင်းကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းကာ YBS ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲမည် ဖြစ်သည်။ အခြားသော ပုဂ္ဂလိက ယာဉ်လိုင်းများ၊ တစ်ဦးချင်းပိုင်ယာဉ်များသည်လည်း အများပိုင်ယာဉ်လိုင်းကုမ္ပဏီများအဖြစ် ဖွဲ့စည်းရန် ပြင်ဆင်ကာ ယာဉ်လိုင်းများအလိုက် ပြေးဆွဲရမည်ဖြစ်သည်။ ယခင်က ယာဉ်လမ်းကြောင်း ထပ်နေသော၊ တူနေသော လမ်းကြောင်းများကို စုစည်းကာ လိုအပ်သလို ပြုပြင်ပြောင်းလဲ၍ ယခင် လိုင်းငယ်ပေါင်း ၃၀၀ ကျော်ရှိရာမှ လက်ရှိ YBS တွင် လိုင်းပေါင်း ၈၀ ခန့်သာ ရှိတော့သည်။ အဆိုပါ လိုင်းနံပါတ် အတိုး၊ အလျှော့၊ ခရီးစဉ်လမ်းကြောင်း အပြောင်းအလဲများကိုလည်း ခရီးသည်များ၏ လိုအပ်ချက်အပေါ်မူတည်၍ အစဉ်ပြောင်းလဲသွားမည်ဟု သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။ လိုင်းအပြောင်းအလဲတွင် ယာဉ်နှစ်ဆင့်၊ သုံးဆင့်ပြောင်းစီးရသည့် ခရီးစဉ်များ ရှိလာသောကြောင့် ယာဉ်စီးခ ပိုမိုကုန်ကျသည့်အပြင် ခရီးနှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့နေရသောကြောင့် ယင်းသို့သော အခက်အခဲများအပေါ် သက်ဆိုင်ရာအဖွဲ့မှ စနစ်တကျပြန်လည်သုံးသပ်ကာ လိုအပ်ချက်အပေါ် ပြုပြင်ပြောင်းလဲရန် လိုအပ်မည်ဖြစ်သည်။

သို့ရာတွင် မည်သို့ပင် မထသမှ YBS သို့ ပြောင်းလဲလိုက်သည်ဖြစ်စေ လက်ရှိ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားအားလုံးမှာ ယခင်လူများပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များတွင် အများပြည်သူဝန်ဆောင်မှုအပေါ် လိုက်ပါပြောင်းလဲလုပ်ဆောင်လာသူများရှိသလို ယခင်လိုပင် ကြမ်းတမ်းရိုင်းစိုင်းမှုများက ရှိနေဆဲပင်ဖြစ်သည်။ ဝင်ငွေရှာဖွေမှုအပေါ်တွင်သာ အဓိကထားလိုကြပြီး ဝန်ဆောင်မှုအပေါ် လျစ်လျူရှုနေကြဆဲပင်ဖြစ်သည်။ အများပိုင်ယာဉ်လိုင်းကုမ္ပဏီအဖြစ် ဖွဲ့စည်းနိုင်သည့် ကုမ္ပဏီအနည်းငယ်သာ ရှိသေးသည့်အတွက် ကျန်ယာဉ်လိုင်းများကို စည်းကမ်းတကျဖြစ်စေရန်ဆောင်ရွက်မှုတွင် အားနည်းမှုများ၊ အခက်အခဲများ ရှိနေဆဲပင်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့်လည်း YBS သည် မထသကို မိတ်ကပ်လိမ်းထားခြင်း၊ ဆေးသုတ်ထားခြင်းဟုသာ ဝေဖန်နေကြခြင်း ဖြစ်သည်။

**YBS တွင် အဓိကလိုအပ်ချက်ဖြစ်နေသည့် ခရီးသည်တင်ယာဉ်များ**

ယခင် မထသစနစ်ကပင် ခရီးသည်တင်ယာဉ် လိုအပ်ချက်များစွာရှိခဲ့သည်။ ရုံးချိန်များတွင် မှတ်တိုင်များ၌ ခရီးသည်များ စုပြုံနေသည်မှာ ယခင်ကပင်ဖြစ်သည်။ ထို့ကြောင့်လည်း အဓိကလိုအပ်ချက်ဖြစ်နေသည့် ခရီးသည်တင်ယာဉ်များအတွက် တိုင်းဒေသကြီးအစိုးရက ကျပ်ဘီလီယံ ၆၀ ရင်းနှီးမြှုပ်နှံကာ ပြည်ပမှ ဘတ်စ်ကားသစ်များ ဝယ်ယူသွားမည်ဟု အစိုးရအဖွဲ့က တရားဝင်ပြောကြားထားပြီးဖြစ်သည်။ ယခုအချိန်တွင် တရုတ်နိုင်ငံမှ ကားကုမ္ပဏီနှင့် အစိုးရချင်း သဘောတူစာချုပ်ချုပ်ဆိုကာ ဝယ်ယူထားပြီဖြစ်ပြီး မေလကုန်တွင် ယာဉ်အသစ်များ ရရှိမည်ဟု သိရသည်။ ယင်းသို့ တရုတ်နိုင်ငံလုပ်ယာဉ်များ ဝယ်ယူမှုအပေါ်တွင်လည်း ဝေဖန်မှုများရှိနေပြီး သက်ဆိုင်ရာအနေဖြင့်လည်း ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့များ၊ နည်းပညာအဖွဲ့များနှင့် တိုင်ပင်ကာ ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု ပြန်လည်ရှင်းလင်းခဲ့သည်။

ကားသစ်တစ်စီးလျှင် ဒေါ်လာ ငါးသောင်းကျော်ခန့်ရှိပြီး လေအေးပေးစက်စနစ်၊ မြန်မာနိုင်ငံ၏ လမ်းများနှင့်လျော်ညီ၍ ပေးရသည့်စျေးနှုန်းနှင့် ထိုက်တန်သည့် ယာဉ်အသစ်များရရှိရေးကို ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းကြောင့် မူလထက် အချိန်အနည်းငယ်နှောင့်နှေးသွားခဲ့ပြီး မေလကုန်မှ ကားသစ်များ ရရှိနိုင်မည်ဟု သိရသည်။ ယင်းအပြင် အခြားသော ပုဂ္ဂလိကကုမ္ပဏီများက တင်သွင်းလာခဲ့သော ဘတ်စ်ကားသစ်များသည်လည်း ဆက်တိုက်ဆိုသလို ရောက်ရှိလာမည်ဖြစ်သောကြောင့် YBS ယာဉ် လိုအပ်ချက်အပေါ် မကြာမီဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတို့က ပြောသည်။

**စည်းကမ်းကောင်းမွန်သော ကျွမ်းကျင်ယာဉ်မောင်းများ လိုအပ်နေမှု**

မည်သို့ပင် စနစ်ပြောင်းပြောင်း၊ ကားသစ်တွေ ဘယ်လိုပြောင်းပြောင်း ထိုစနစ်ကိုပုံဖော်ရာတွင် ပါဝင်မည့်သူများ၏ အရည်အသွေးများကလည်း အဓိကကျလှသည်။ မထသမှ YBS ပြောင်းပြောင်း၊ ကားဟောင်းမှ ကားသစ်ပြောင်းလဲစေကာမူ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များသည် ယခင်ယာဉ်လုပ်သားများပင် ဖြစ်သည်။ လက်ရှိတွင် ပြုပြင်ပြောင်းလဲလာသော ယာဉ်လုပ်သားများစွာရှိသလို မပြုပြင်နိုင်သေးသည့် ယာဉ်လုပ်သားများစွာလည်း ရှိနေသေးသည်။ ယင်းသို့သော ပြဿနာရပ်များကို အဖြေရှာရာတွင် နိုင်ငံတကာကဲ့သို့ ယာဉ်စီးခ ပေးချေသည့် ကတ်စနစ်ကို အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းနှင့် ယာဉ်လုပ်သားများကို အလုပ်ချိန်စနစ်တကျဖြင့် လုပ်ကိုင်စေခြင်းတို့ပင် ဖြစ်သည်။ ယင်းအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျသင်ကြားတတ်မြောက်ပြီးသော၊ ခရီးသည်တင်ဆောင်နိုင်သည့် ယာဉ်များကို အမှန်တကယ်မောင်းနှင်ခွင့်ရှိသော ယာဉ်မောင်းများဖြစ်ရန် လိုအပ်သည့်အတွက် YRTA အနေဖြင့် မွမ်းမံသင်တန်းများ၊ အသိအမှတ်ပြု ယာဉ်လုပ်သားကတ်ပြားများကို စနစ်တကျ ထုတ်ပေးရမည်ပင် ဖြစ်သည်။

ယာဉ်စီးခ ပေးချေရာတွင် ကတ်စနစ်ကို အသုံးပြုနိုင်ပါက အငြင်းပွားဖွယ်ရာများ မဖြစ်ပေါ်နိုင်တော့သည့်အပြင် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ အမှန်တကယ်ရရှိသည့် ဝင်ငွေကိုလည်း သိရှိနိုင်မည် ဖြစ်သည်။ ထိုသို့ မှန်မှန်ကန်ကန်ရရှိလာပါက ယာဉ်လုပ်သားများကိုလည်း ထိုက်တန်စွာ လုပ်အားခပေးအပ်လာနိုင်မည်ဖြစ်ပြီး သတ်မှတ်အလုပ်ချိန် ရှစ်နာရီခန့်၊ နေ့ဆိုင်း၊ ညဆိုင်းဖြင့် အချိန်ခွဲကာ လုပ်ကိုင်စေခြင်းဖြင့် ယာဉ်လုပ်သားများအနေဖြင့်လည်း အများပြည်သူအပေါ် ကောင်းမွန်သောဝန်ဆောင်မှုများ ပေးလာနိုင်မည်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယာဉ်လုပ်သားများ၏ အလုပ်ချိန်သည် အင်မတန်များပြားလွန်းနေပြီး နံနက်မိုးမလင်းခင်ကပင် လုပ်ငန်းခွင် စတင်ခဲ့ရာမှ ညမိုးချုပ်သည်အထိ နေ့စဉ် လူပေါင်းများစွာ ထိတွေ့ဆက်ဆံနေရသူတို့သည် အများပြည်သူဝန်ဆောင်မှုအပေါ် ကောင်းမွန်စွာ ပေးအပ်နိုင်မည်မဟုတ်ပေ။ အလုပ်ချိန်များပြား ပင်ပန်းလွန်းခြင်း၊ လူများစွာနှင့် ပြောဆိုဆက်ဆံရခြင်း၊ လုပ်ငန်းခွင်အတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ ဆုပေး၊ ဒဏ်ပေးစနစ်များမရှိခြင်း၊ စားဝတ်နေရေးအရသာ လုပ်ကိုင်နေခြင်းဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းအပေါ် အကျွမ်းဝင်မှုမရှိခြင်းတို့က ကာယလုပ်သား၊ ယာဉ်လုပ်သားများ၏ အားနည်းချက်များပင် ဖြစ်နေသည်။ သက်ဆိုင်ရာ အစိုးရအာဏာပိုင်အဖွဲ့အနေဖြင့် YBS ပြုပြင်ပြောင်းလဲရေးများတွင် အထက်ပါ အချက်များကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းအပေါ် ကျွမ်းကျင်သူများနှင့် လွှတ်တော်အမတ်များကလည်း အကြံပြုတိုက်တွန်းထားချက်များလည်း ရှိသည်။


**ရက် ၁၀၀ အလွန်နှင့် ရှေ့ဆက်ရဦးမည့် YBS**

လက်ရှိ YBS စနစ်အပေါ် အများပြည်သူအပါအဝင် လွှတ်တော်အမတ်များ၊ အတိုက်အခံများက အကြံပြုဝေဖန်မှုများ ရှိနေသော်လည်း စနစ်တစ်ခု အပြောင်းအလဲသည် ကောင်းမွန်သော အရှေ့တစ်ခုဆီသို့ ရောက်ရှိအောင် ကြိုးစားဆောင်ရွက်သွားရမည်ဟု လွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်သည်။ သုံးလအလွန် YBS အပေါ် ထပ်ဆင့်မြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တရားဝင်သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ပြောကြားထားပြီး လက်ရှိတွင် ကားသစ်များ ရောက်ရှိလာရေးကို စောင့်ဆိုင်းရဦးမည်ဖြစ်သည်။ အလားတူ ဘတ်စ်ကားလိုင်းများတွင် ဂျီပီအက်စ်စနစ် တပ်ဆင်မှုများကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်နေပြီး အချို့သော ပုဂ္ဂလိကကုမ္ပဏီများက ဝိုင်ဖိုင်အင်တာနက်စနစ်နှင့် စီစီတီဗွီ လုံခြုံရေးကင်မရာများကိုလည်း တပ်ဆင်ပေးလာကြသည်။ ယခင်က မကြုံဖူးသော လေအေးပေးစက်ဖွင့် လိုင်းကားများလည်း အပြိုင်အဆိုင် ပြေးဆွဲလာသည်ကို တွေ့ရသည်။ အစိုးရအဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ရမည့် ကိစ္စများတွင် မီးပွိုင့်များကို ထိန်းချုပ်ဆောင်ရွက်မည့် ထိန်းချုပ်ရေးစင်တာ စတင်ဆောင်ရွက်နိုင်ရန်နှင့် အဆိုပါ ထိန်းချုပ်ရေးစင်တာမှတစ်ဆင့် ဘတ်စ်ကားများကို ထိန်းချုပ်ကွပ်ကဲမည့် Bus Operator စနစ် ကျင့်သုံးနိုင်ရေး၊ ကတ်စနစ်သုံး ငွေပေးချေမှုစနစ် အကောင်အထည်ပေါ်ရေး၊ ယာဉ်လိုအပ်ချက်ဖြစ်နေသော နေရာများတွင် ကားသစ်များ တိုးချဲ့ပြေးဆွဲပေးရေး၊ ယာဉ်အဆင့်ဆင့်

**စာမျက်နှာ ၇ သို့** ■

# အင်္ဂလိပ်ဘာသာပြန် ဇာတ်တော်ကြီးဆယ်ဘွဲ့များ

o မြင့်ဆွေဦး o



ဇာတ်ဆိုသည်မှာ ဇာတက ဆိုသော ပါဠိစကားမှ ရွေ့လျောလာသော စကားဖြစ်သည်။ ဖြစ်ပျက်သော အကြောင်းအရာဟု အဓိပ္ပာယ်ရသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော နိကာယ်ငါးရပ်အနက် ခုဒ္ဒကနိကာယ်တွင်ပါရှိသော ပါဠိဇာတ်တော်၌ မြတ်စွာဘုရားဖြစ်တော်ပေါင်း ၅၄၇ ဇာတ်ကို ဟောကြားတော်မူခဲ့သည်။ သို့ရာတွင် ခေါ်ရလွယ်ကူအောင် ဇာတ်ပေါင်း ၅၅၀ ဟုခေါ်ကြသည်။ ထိုဇာတ်တော်များကို ပါဝင်သော ဂါထာဦးရေအလိုက် နိပါတ်အားဖြင့် ၂၂ ပိုင်းခွဲခြားထားသည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့ကို မဟာနိပါတ်တွင် ထည့်သွင်းထားသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့မှာ တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟော်သဓာ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရနှင့် ဝေဿန္တရာဇာတ်တော်ကြီးများဖြစ်ကြသည်။

အရှင်ဗုဒ္ဓဃောသမထေရ် ပြုစုတော်မူခဲ့သော ပါဠိအဋ္ဌကထာများသည် အခြားပိဋကတ်တော်များနှင့်အတူ သာသနာတော်သက္ကရာဇ် ၉၃၀ ကျော်၌ သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံအောက်ပိုင်း သထုံပြည်သို့ ရောက်ရှိလာခဲ့သည်။ ထို့နောက် သာသနာနှစ် ၁၆၀၁ ခု (သက္ကရာဇ် ၄၁၆ ခုနှစ်)တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းက သထုံပြည်ကို သိမ်းယူသည်မှစ၍ ပိဋကတ်တော်များသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့သွားလေသည်။

ကုန်းဘောင်ခေတ်မတိုင်မီကပင် ဇာတ်တော်ကြီးများကို အဋ္ဌကထာနိဿယဖွင့်ဆိုခဲ့ကြသည်ဟု အဆိုရှိသည်။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက် သက္ကရာဇ် ၁၁၂၅-၁၁၃၈ ခုနှစ်အတွင်း ပင်းတလဲမြို့ စီရင်စု လှည်းကူးမရွာ ဇာတိဖြစ်သော ခန့်ထိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရမထေရ်သည် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို အဋ္ဌကထာနိဿယအဖြစ် ပြန်ဆိုခဲ့သည်။ ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် ပခန်းကြီးမြို့ စီရင်စု ဝက်ခုတ်ရွာဇာတိ မဏိသာရဓဇ မဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ ဝက်ခုတ်ဆရာတော်ဘုရားသည် ဇာတ်ကြီးဆယ်ဘွဲ့အဋ္ဌကထာနိဿယများကို စီရင်တော်မူလေသည်။ မည်သို့ပင်ဆိုစေကာမူ ဤနိဿယကျမ်းများသည် ပါဠိတစ်ချက် အနက်တစ်ချက် ရေးသားထားသော နိဿယပြန်အဖွင့်ကျမ်းများသာဖြစ်၍ မြန်မာစကားပြေကျမ်းဟူ၍ သတ်မှတ်၍မရပေ။

ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၄၄ ခုနှစ်မှစ၍ မင်းဘူးဆရာတော် ဦးဩဘာသအရှင်သည် ဇာတ်တော်ကြီးဆယ်စောင်အနက် သုဝဏ္ဏသာမဇာတ်နှင့် ဘူရိဒတ်ဇာတ်တော်တို့မှတစ်ပါး ကျန်ဇာတ်တော်ကြီးများကို မြန်မာစကားပြေသက်သက်ဖြင့် စီကုံးရေးသားတော်မူလေသည်။

သုဝဏ္ဏသာမဇာတ်တော်ကို မင်းဘူးမြို့ ရန်ကုန်ဆရာတော်၏ တပည့် အသျှင်ဦးပညာတိက္ခဆရာတော်က ပြန်ဆိုရေးသားခဲ့၍ ဘူရိဒတ်ဇာတ်တော်ကြီးဝတ္ထုကိုကား ဦးဩဘာသ ဆရာတော်၏တပည့် နန္ဒမေဓာဆရာတော်က ပြန်ဆိုရေးသားခဲ့သည်။

ဤသို့ စကားပြေသက်သက်ဖြင့် ရေးသားပြန်ဆိုလိုက်သဖြင့် ဇာတ်တော်ကြီးဆယ်စောင်ကို ရှင်လူအများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ကြသည်။ ဆရာတော် ဦးဩဘာသသည် ဇာတ်တော်ကြီးများကို ချောမွေ့ပြေပြစ်သော စကားလုံးတို့ဖြင့် တန်ဆာဆင်၍ ရေးသားထားသဖြင့် ဖတ်ရှုမငြီးဖွယ်ရာဖြစ်သည်။ ထို့ကြောင့် ကျန်ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထုများကို ဘုရားဒေသနာအဖြစ်ဖြင့် လေ့လာနိုင်ရုံသာမက စံပြုထိုက်သော မြန်မာစကားပြေအနေဖြင့် လေ့လာဖတ်ရှုနိုင်ပေသည်။

ဤဇာတ်ကြီးဆယ်ဘွဲ့မြန်မာဘာသာပြန်များကို အင်္ဂလိပ်လူမျိုးပညာရှင်တို့က ဖတ်ရှုပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ကြဖူးသည်။ အင်္ဂလိပ်ဘာသာသို့ ပထမဆုံးပြန်ဆိုသူမှာ အရှေ့တိုင်းပညာရှင်လည်းဖြစ်၊ အောက်စဖို့(ဒ်)တက္ကသိုလ်တွင် မြန်မာဘာသာသင်ကြားပို့ချပေးနေသူတစ်ဦးဖြစ်သည့် ရစ်ချက် ဖလင်းဟင်း စိန့်အင်ဒရူးစိန့်ဂျွန် ဖြစ်သည်။ ထိုပညာရှင်မှာ ဇာတ်ကြီးဆယ်ဘွဲ့ ဘာသာပြန်များအပြင် မြန်မာဖတ်စာတစ်အုပ်နှင့် မြန်မာသဒ္ဒါကျမ်းတစ်စောင်ကို ရေးသားပြုစုခဲ့သည်။ ယင်းတို့မှာ A Burmese Reader နှင့် Burmese Self Taught ဖြစ်သည်။ ထိုအရှေ့တိုင်းပညာရှင်က ပထမဆုံးဘာသာပြန်ခဲ့သောဇာတ်တော်ကြီးမှာ ဘူရိဒတ်ဇာတ်ဖြစ်သည်။ ထိုဇာတ်တော်ကြီး အင်္ဂလိပ်ဘာသာပြန်ကို ၁၈၉၂ခုနှစ်တွင် Journal of the Royal Asiatic Society ဂျာနယ်တွင် ဖော်ပြခဲ့သည်။

ထိုဘာသာပြန်နိဒါန်းတွင် ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်မှ ရိုက်နှိပ်သောမူမှ ပြန်ဆိုခဲ့သည်ဟု ရေးသားခဲ့သည်။ ဒုတိယပြန်ဆိုသော ဇာတ်တော်ကြီးမှာ တေမိဇာတ်တော်ဖြစ်သည်။ ထိုဇာတ်တော်ကြီးအမည်မှာ ပါဠိတော်၌ မူခပက္ခဇာတ်တော်ဟု အမည်ရှိသည်။ ထိုခေတ်မြန်မာတို့က ထိုဇာတ်တော်မှ အဓိကမင်းသား၏ အမည်ဖြင့် တေမိဇာတ်တော်ကြီးဟု ခေါ်တွင်ခဲ့လေသည်။ ထိုဇာတ်တော်ကို အင်္ဂလိပ်ဘာသာပြန်ဆို၍ ၁၈၉၃ခုနှစ် Journal of the Royal Asiatic Society ဂျာနယ်တွင် ဖော်ပြခဲ့သည်။

တတိယအင်္ဂလိပ်ဘာသာပြန် ဇာတ်တော်ကြီးမှာ သုဝဏ္ဏသာမဇာတ်တော်ကြီးဖြစ်သည်။ မြန်မာဘာသာမူမှာ ဟံသာဝတီစာအုပ်တိုက်မှ ထုတ်ဝေထားခြင်းဖြစ်သည်။ ယင်းဇာတ်တော်ကြီးမှာ ဆရာတော်ဦးဩဘာသ ပြန်ဆိုသောဇာတ်မဟုတ်ဘဲ အရှင်ပညာတိက္ခရေးသားခြင်းဖြစ်သည်။ ၁၈၉၄ ခုနှစ်ထုတ် Journal of the Royal Asiatic Journal တွင် ဖော်ပြခဲ့သည်။

စတုတ္ထပြန်ဆိုသော ဇာတ်တော်ကြီးမှာ ဝိဓူရဇာတ်တော်ကြီးဖြစ်သည်။ ယင်းကို ၁၈၉၆ ခုနှစ် Journal of the Royal Asiatic Journal တွင် ဖော်ပြသည်။

Royal Fleming St. Andrew st. John သည် အရှေ့တိုင်းပညာရပ်များကို လေ့လာနေသူဖြစ်ပြီး ယခုမြန်မာဇာတ်တော်ကြီး ဆယ်ဘွဲ့ကို ဘာသာပြန်ရာတွင် ရှိရာပုံပြင်များကို ဦးစားပေးပြီး ရွေးချယ်ပြန်ဆိုခဲ့ခြင်း ဖြစ်သည်။

ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုကိုမူ ပညာရေးဝန်ထမ်းနှစ်ဦးက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ကြသည်။ တစ်ဦးမှာ ဟိုက်စကူးကျောင်းဆရာ ဝှိုက်(O.White)ဖြစ်ပြီး ကျန်တစ်ဦးမှာ ပညာဝန်ဂေါ့ (L. A. Goss) ဖြစ်သည်။

ကျောင်းဆရာ ဝှိုက် (O.White) ဘာသာပြန်သော ဝေဿန္တရာဇာတ်တော်ကြီးကို ၁၉၀၆ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ကျောင်းသုံးစာအုပ်ပြဋ္ဌာန်းရေးကော်မတီက ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်းနှင့် တန်းမြင့်ကျောင်းထွက်အတန်းတို့တွင် ပြဋ္ဌာန်းထားသော ဆရာတော် ဦးဩဘာသ၏မူကို ဘာသာပြန်ထားခြင်းဖြစ်သည်။

ပညာဝန်ဂေါ့ကလည်း ၁၈၈၆ ခုနှစ်တွင် ဝေဿန္တရာဇာတ်တော်ကြီးကို ဘာသာပြန်ခဲ့သည်။ ထိုဘာသာပြန်မူတွင် မြန်မာ့ရိုးရာကောက်ကြောင်း၊ ပန်းချီများ ထည့်သွင်းဖော်ပြထားလေသည်။ မြန်မာဘာသာပြန်မူကို ပြန်ဆိုထားခြင်းဖြစ်ပြီး မြန်မာပန်းချီပညာရှင်တစ်ဦး၏ သရုပ်ဖော်ပုံများကိုလည်း ထည့်သွင်းထားသည်ဟု စာအုပ်အတွင်း စာမျက်နှာတွင် ဖော်ပြထားသည်။

ထိုစာအုပ်အကြောင်းကို ဆရာတိုက်စိုးက ရေးသားရာတွင် မြန်မာ့စာပေတွင် တေမိ၊ ဇနက၊ ဝေဿန္တရာ စသောဇာတ်ကြီးဆယ်ဘွဲ့ကို ရှေးဦးပထမ ဂန္ထဝင်မြောက်အောင် ဖွဲ့နွဲ့ရေးထားခဲ့သူမှာ ကုန်းဘောင်ခေတ်မှ မင်းဘူးလေသာဆရာတော် ဦးဩဘာသ ဖြစ်လေသည်။ ဦးဩဘာသဇာတ်ဝတ္ထုများသည် ထိုခေတ်အခါ၌ ဘုန်းကြီးကျောင်းမှာရော အရပ်ထဲ၌ပါ ထင်ရှားကျော်ကြား၏။ ကိုလိုနီခေတ်အစ ရောက်ပြန်လေသောအခါ အစိုးရကျောင်း ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းတို့တွင် သုံးစွဲပြဋ္ဌာန်းသည်အထိ ခေတ်စားလာခဲ့သည်။

အစိုးရကျောင်းများတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ စာအုပ်များကို ကျောင်းသုံးပြဋ္ဌာန်းသည့်အခါ ကျောင်းသားများအတွက် ဇာတ်တော်ကြီးစကားပြေများကို အပြည့်အဝနားမလည်ကြ။ ထိုစဉ်က အစိုးရကျောင်းများတွင် အင်္ဂလိပ်ကပြားများ၊ တရုတ် စသူများလည်း တက်ရောက်သင်ယူနေကြသည်။ ထိုသူတို့သည် မြန်မာစာကို မကျွမ်းကျင်ကြ။ ထိုသူများသာမက တိုင်းရင်းသားအချို့ပင် မြန်မာစာနှင့် ယဉ်ပါးခြင်းမရှိကြ။ ထိုသူများအဖို့ ဦးဩဘာသ၏ ဇာတ်ဝတ္ထုအဖွဲ့သည် ပါဠိပါဠ်သားတွေ ရောပါနေသည်။ ပေါရာဏတွေ၊ ရှေးဟောင်းဝေါဟာရတွေ ပါနေသည်။ ကာရန်တွေကလည်းပါနေသည်။ သူတို့အတွက် ခက်ခဲနေသည်။ အဓိကအားဖြင့် ဝတ္ထုကြောင်းကို တစ်နည်းနည်းဖြင့်သိလျှင် စာမေးပွဲ၌ရေးသားဖြေနိုင်သည်။ ထို့ကြောင့် ထိုကျောင်းသားများကို ရည်ရွယ်၍ ဝေဿန္တရာဇာတ်ကို အင်္ဂလိပ်ဘာသာပြန်ပြီး အတန်းထဲ၌ သင်ကြားပေးခြင်းဖြစ်သည်။

ပညာဝန်ဂေါ့၏ ဝေဿန္တရာဇာတ်ဝတ္ထုကို ၁၈၈၆ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်သည်။ ထိုဇာတ်ဝတ္ထုမှာ အင်္ဂလိပ်ဘာသာပြန်ဖြစ်သော်လည်း စာအုပ်အတွင်း ရုပ်ပုံများမှာ မြန်မာ့ရေးရိုးရေးစဉ် လက်ရာများဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကောက်ကြောင်းပန်းချီများဖြစ်သည်။

ထိုပန်းချီများအကြောင်းကို ဆရာတိုက်စိုးက

"ဤသည်မှာ ရှေးဟောင်းမင်းညီမင်းသားများ၊ ရှေးခေတ်လူကုံထံများ၏ ဆင်ယင်ထုံးဖွဲ့မှု တစ်စိတ်တစ်ဒေသပေတည်း။ ထိုအလေ့အထကို ဝေဿန္တရာနှင့် မဒ္ဒီဒေဝီတို့ ခရီးသွားပုံတွင် ရောစွက်၍ ဇာတ်ကြောင်းဆွဲ(ဝါ)ကောက်ကြောင်းဖြင့် ပီပီသသရေးသားထားသည်ကို ရှုမြင်နိုင်ကြပါသတည်း" ဟု ရေးသားခဲ့သည်။

ကျောက်စာဝန်တော် စိန်ခိုသည် ၁၈၈၈ ခုနှစ်တွင် အတွင်းဝန်ရုံးတွင် အစိုးရစာတော်ပြန်အဖြစ် အမှုထမ်းခဲ့သည်။ ထိုနှစ်မှာပင် ဇာတ်တော်ကြီးဆယ်ဘွဲ့မှ မဟာဇနကဇာတ်ကို အင်္ဂလိပ်ဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။ ထိုအင်္ဂလိပ်ဘာသာပြန်ကို ၁၈၈၈ ခုနှစ်တွင် ဟံသာဝတီပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

အင်္ဂလိပ်ဘာသာပြန်မူကို ဆရာတော်စိန်ခိုသည် ၁၇၈၅ ခုနှစ် ပေမူမှနေ၍ ဘာသာပြန်ခြင်းဖြစ်သည်။ မူရင်းမှာ မင်းဘူးဆရာတော်ဦးဩဘာသ ရေးသားခဲ့သည့် မဟာဇနကဇာတ်တော်ကြီးဖြစ်သည်။ ကက်သလစ်ဘုန်းတော်ကြီး ဘီဝန်ဒတ် ရေးသားပြုစုသော(Life or Lagend of Gaudaima)တွင် မဟာဇနကဇာတ်တော် အကျဉ်းချုပ်ကိုဖော်ပြခဲ့သည်ဟု ဆိုသည်။

ဆရာတော် စိန်ခိုပြန်ဆိုသော မဟာဇနကဇာတ်တော်ကြီး၏ နောက်ပိုင်းတွင် ဘာသာပြန်ဝေါဟာရမှတ်စုများကို ဖော်ပြရေးသားထားလေသည်။ ။

**စကားပြေသက်သက်ဖြင့် ရေးသားပြန်ဆိုလိုက်သဖြင့် ဇာတ်တော်ကြီးဆယ်စောင်ကို ရှင်လူအများ အလွယ်တကူဖတ်ရှုလေ့လာနိုင်ကြသည်။ ဆရာတော် ဦးဩဘာသသည် ဇာတ်တော်ကြီးများကို ချောမွေ့ပြေပြစ်သော စကားလုံးတို့ဖြင့် တန်ဆာဆင်၍ ရေးသားထားသဖြင့် ဖတ်ရှုမငြီးဖွယ်ရာဖြစ်သည်။ ထို့ကြောင့် ကျန်ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထုများကို ဘုရားဒေသနာအဖြစ်ဖြင့် လေ့လာနိုင်ရုံသာမက စံပြုထိုက်သော မြန်မာစကားပြေအနေဖြင့် လေ့လာဖတ်ရှုနိုင်**

■ စာမျက်နှာ ၆ မှ

ပြောင်းလဲစီးနင်းနေရသော ခရီးသည်များ အဆင်ပြေစေရေး ဆောင်ရွက်ပေးရေးတို့ကို စနစ်တကျဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းသို့ ကနဦးစနစ်အပြောင်းအလဲမှ နောက်တစ်ဆင့် အပြောင်းအလဲကိုမြှင့်တင်ရာတွင် အများပြည်သူကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် သတင်းထုတ်ပြန်ဆောင်ရွက်ပေးရမည်ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်မှတစ်ဆင့် တိုက်တွန်းအကြံပြုထားသည်။

စနစ်တစ်ခု ပြောင်းလဲရာတွင် အချိန်ကာလအားဖြင့် ကြာမြင့်နိုင်ပြီး ဒေသတွင်း နိုင်ငံများဖြစ်သော စင်ကာပူ၊ တောင်ကိုရီးယားနိုင်ငံတို့တွင် ဘတ်စ်ကားပြေးဆွဲမှုစနစ် ပြောင်းလဲခဲ့ရာတွင် သုံးနှစ်ခန့် ကြာမြင့်ခဲ့သည်ဟု သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်က ဆိုထားသည်။ လက်ရှိ YBS သည် သုံးလတာကို ကျော်လွန်ခဲ့ပြီဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တစ်နှစ်တာကာလအတွင်း ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ် ပီပြင်စွာပေါ်ထွန်းလာရန်ကို ရည်မှန်းထားသည်ဟု ဆိုသည်။ ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် YBS စတင်သည်မှ ယနေ့ထက်တိုင် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပြည်သူ့အစိုးရအပေါ် ယုံကြည်စွာဖြင့် မျှော်လင့်လျက်ရှိသည်။ ခေတ်အဆက်ဆက် မြို့ပြချဲ့ထွင်မှုများ၊ လူဦးရေ၊ ယာဉ်အစီးရေများပြားလာမှုတို့တွင် စနစ်ကျသော သယ်ယူပို့ဆောင်ရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ယနေ့ YBS အပြောင်းအလဲတွင် အခက်အခဲများ ကြုံတွေ့နေရပြီး စနစ်ကျကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်သို့ရောက်ရှိအောင် မဖြစ်မနေ ပြောင်းလဲရမည်ပင် ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုက ဆုံးဖြတ်ပေးမည့် YBS စနစ် ပြုပြင်ပြောင်းလဲရေးတွင် အများပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုအပြင် ယာဉ်လိုင်းများ၊ ယာဉ်ပိုင်ရှင်များ၊ ကုမ္ပဏီများ၊ ပါဝင်ဆောင်ရွက်နေကြသည့်ယာဉ်လုပ်သားများ၏ ပြုပြင်ပြောင်းလဲရေးများ အပါအဝင် အဓိကကြီးကြပ်ကွပ်ကဲနေသည့် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ အကောင်အထည်ဖော်နိုင်မှုစွမ်းရည်များပေါ်တွင်လည်း မူတည်နေမည် ဖြစ်သည်။ ။

# သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် ဒုတိယအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၁**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ကျင်းပသည့် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ ဝတ္တကမြေအတွင်း ဆောက်လုပ်လှူဒါန်းသည့် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန် ဒုတိယအကြိမ် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက လက်ခံရယူသည်။

ထို့နောက် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ မိသားစုက အလှူငွေကျပ်သိန်း ၃၄၀၊ ရွှေတောင်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀၀၊ Mother Industrial Co.,Ltd. က ငွေကျပ် သိန်း ၃၅၀၊ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀၀၊ ဧရာဝတီဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀၀၊ ထူးဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀၀၊ ကွန်းခိုရာဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၃၀၀၊ နေကမ္ဘာမြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀၊ Amazing Group က ငွေကျပ်သိန်း ၂၀၀၊ ကြယ်နီလာကုမ္ပဏီက ငွေကျပ်သိန်း ၂၀၀၊ အောင်မြင်သူ ကုမ္ပဏီက ငွေကျပ်သိန်း ၂၀၀၊ Sky One Co.,Ltd .က ငွေကျပ်သိန်း ၂၀၀၊ K T Development က ငွေကျပ်သိန်း ၂၀၀၊ Authentic Co.,Ltd. က ငွေကျပ်သိန်း ၂၀၀၊ IGE မျှဝေသောလက်များဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၂၀၀ နှင့် နောင်တုံကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လက်ခံရယူသည်။

ဆက်လက်၍ ကုမ္ပဏီများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များနှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက အခမ်းအနားတက်ရောက်လာကြသည့် အလှူရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန် လျာထားဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

အဆိုပါ သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ကြီး အတွက် ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အလှူငွေ ပေးအပ်ပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်သိန်း ၇၃၉၀ ကျော်ဖြစ်ပြီး ပထမအကြိမ်အပါအဝင် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်သိန်း ၉၂၉၀ ကျော် ဖြစ်ကြောင်း သိရှိရသည်။

ယခုဆောက်လုပ်နေသည့် သာသနာ့ဗိမာန်တော်ကြီးသည် အလျား ၁၈၆ ပေ၊ အနံ ၇၂ ပေရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးနှင့်ကပ်လျက် ဝတ္တကမြေအတွင်း၌ တည်ဆောက်နေခြင်းဖြစ်သည်။ အဆိုပါ ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးပါက ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း သံဃာတော်များ စာပြန်ပွဲကျင်းပခြင်း၊ ဘာသာရေး သာသနာရေးဆိုင်ရာ အခမ်းအနားများကျင်းပခြင်းများကို အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘက်စုံပညာထူးချွန်လူငယ်များ ဂုဏ်ပြုကြိုဆိုပွဲနှင့် ဘက်စုံပညာထူးချွန်လူငယ် (အင်းလေးအပန်းဖြေစခန်း) ဖွင့်ပွဲ ကျင်းပ

**ညောင်ရွှေ မေ ၁**
ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုကြိုဆိုပွဲနှင့် ဘက်စုံပညာထူးချွန်လူငယ် (အင်းလေးအပန်းဖြေစခန်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ညောင်ရွှေမြို့ အထကခေါင်တိုင် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး(ခေါင်တိုင်လူရည်ချွန် စခန်းမှူး) ဦးမြင့်အောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က စခန်းဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အတွက် ပညာရည်ထူးချွန်၍ ကျန်းမာသန်စွမ်းကာ စာရိတ္တကောင်းမွန်ပြီး မျိုးချစ်စိတ်ရှိသည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေးသည် ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးနှင့် နိုင်ငံ့သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရေးအတွက် အခြေခံပညာကျောင်းသား ကျောင်းသူများမှ ပညာရည်ထူးချွန်ထက်မြက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သူများကို ဘက်စုံပညာထူးချွန်လူငယ်များအဖြစ် သတ်မှတ်ရွေးချယ်၍ ဂုဏ်ပြုချီးမြှင့်ခြင်းအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ ငါးနှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဘက်စုံပညာထူးချွန်လူငယ်အဖြစ် အဋ္ဌမတန်းကျောင်းသား ကျောင်းသူ ၁၇၆ ဦး၊ နဝမတန်းကျောင်းသား ကျောင်းသူ ၁၇၆ ဦးနှင့် ဒသမတန်းကျောင်းသား ကျောင်းသူ ၁၇၆ ဦး စုစုပေါင်း ၅၂၈ ဦးတို့ကို စိစစ်ရွေးချယ်၍ အဋ္ဌမတန်းကျောင်းသား ကျောင်းသူများကို ပုဂံအပန်းဖြေစခန်း၊ နဝမတန်း ကျောင်းသား ကျောင်းသူများကို အင်းလေးအပန်းဖြေစခန်းနှင့် ဒသမတန်းကျောင်းသား ကျောင်းသူများကို ငွေဆောင်အပန်းဖြေစခန်းများသို့ တစ်ပြိုင်တည်း လေ့လာရေးအပန်းဖြေစေလွှတ်နိုင်ခဲ့ပါကြောင်း။

အဋ္ဌမတန်း၊ နဝတန်းနှင့် ဒသမတန်း အတန်းတစ်တန်းစီအတွက် အပန်းဖြေစခန်းတစ်ခုစီ သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြင့် ထူးချွန်ကျောင်းသားတစ်ဦးသည် အဋ္ဌမတန်းမှ စတင်ရွေးချယ်ခံရပြီး နှစ်စဉ် ဆက်လက်ရွေးချယ်ခံရပါက သုံးနှစ်အတွင်း အပန်းဖြေစခန်း သုံးခုလုံး၌ အပန်းဖြေလေ့လာခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ယခုနှစ်တွင် ဒသမတန်း၌ သုံးထပ်ကွမ်းဘက်စုံပညာထူးချွန်လူငယ် ၅၆ ဦး၊ နှစ်ထပ်ကွမ်းဘက်စုံပညာထူးချွန်လူငယ် ၄၈ ဦးနှင့် နဝမတန်း၌ နှစ်ထပ်ကွမ်းဘက်စုံပညာ ထူးချွန်လူငယ် ၇၉ ဦး ပေါ်ထွက်လာခဲ့သည့်အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ယခုကဲ့သို့ ဘက်စုံပညာထူးချွန်လူငယ်များကို အပန်းဖြေစခန်းအသီးသီးသို့ စေလွှတ်ခြင်းဖြင့် စခန်းချနေထိုင်စဉ်ကာလအတွင်း ပညာရေးဆိုင်ရာဟောပြောပွဲများ၊ စာပေဗဟုသုတနှီးနှောဆွေးနွေးခြင်းများ၊ ပတ်ဝန်းကျင်ပြည်သူ့ဘဝလေ့လာရေးနှင့် ဒေသလုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ လက်မှုပညာများနှင့် ဒေသန္တရဆိုင်ရာဗဟုသုတများကိုလည်း လေ့လာဆည်းပူးခွင့်ရရှိစေမည်ဖြစ်ပါကြောင်း။

ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များအနေဖြင့် ဉာဏ်ပညာထူးချွန်ထက်မြက်ရုံသာမက စာရိတ္တကောင်းမွန်ပြီး မိမိကိုယ်ကို ယုံကြည်အားကိုးသည့် စိတ်ဓာတ်၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသည့် စိတ်ဓာတ်ကောင်းများဖြင့် အချင်းချင်းချစ်ကြည်ရင်းနှီးစွာ နေထိုင်တတ်ခြင်း၊ ဦးဆောင်မှုပေးနိုင်ခြင်း၊ အမိန့်နာခံတတ်ခြင်း၊ အများနှင့် ပူးပေါင်းဆောင်ရွက်နေထိုင်တတ်ခြင်း စသည့် အလေ့အကျင့်ကောင်းများရရှိအောင် လေ့ကျင့်မွေးမြူသွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်တတ်ခြင်း၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရင့်သန်ခိုင်မာပြီး အဘက်ဘက်က ယုံကြည်အားကိုးရသော နိုင်ငံ့အကျိုးပြုလူငယ်များ၊ ကျောင်းသား ကျောင်းသူများ၏ စံနမူနာပြလူငယ်များအဖြစ် ကြိုးစားသွားကြရန် ဆန္ဒပြုတိုက်တွန်းလိုပါကြောင်း။

ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များကို အထူးတိုက်တွန်းမှာကြားလိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူအားလုံးက ယုံကြည်ကိုးစားမျှော်လင့်ထားကြသည့် ပညာရည်ထူးချွန်ပြီး ကျန်းမာကြံ့ခိုင်၍ အကျင့်စာရိတ္တကောင်းမွန်သော နိုင်ငံ့သားကောင်း သမီးကောင်းများဖြစ်လာအောင် မိမိကိုယ်ကို အစဉ်အမြဲ လေ့ကျင့်ပျိုးထောင်ခြင်းဖြင့် မိမိဘဝနှင့် နိုင်ငံ့အနာဂတ်အတွက် အကောင်းဆုံးစွမ်းဆောင်နိုင်သူ နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဘက်စုံပညာထူးချွန်လူငယ်ကျောင်းသားများ ကိုယ်စား ကျောင်းသားတစ်ဦးအား ရင်ထိုးတံဆိပ်ပေးအပ်ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဘက်စုံပညာထူးချွန်လူငယ် ကျောင်းသူတစ်ဦးအား ရင်ထိုးတံဆိပ်ပေးအပ်သည်။

ထို့နောက် ၂၀၁၇ ခုနှစ် အင်းလေးခေါင်တိုင် ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်းဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်များကိုပေးအပ်ကာ အင်းလေးဒေသဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

○ စာမျက်နှာ ၅ မှ
ဘာသာပြန်စာပေအသင်းနဲ့ ဘာသာပြန်စာပေ ဘယ်လောက်တိုးတက်လာသလဲ ဒါကိုပြန်ပြီးဖော်ထုတ်တာပါ။ ဟိုတုန်းကတော့ ဘာသာပြန်စာပေအသင်း၊ နောက်ပိုင်းမှာ စာပေဗိမာန်နဲ့ပူးတွဲသွားတဲ့အခါ စာပေဗိမာန်လို့ပဲ သိတော့တယ်။ ဘာသာပြန်စာပေဆိုတာ မသိတော့ဘူး။ ဘာသာပြန်စာပေသည် စာပေဗိမာန်ရဲ့အစပါပဲ။ အရင်က ထုတ်ခဲ့တဲ့ ရှားပါးစာအုပ်တွေ စာပေဗိမာန်က ပြန်ထုတ်နိုင်ရင် သိပ်ကောင်းမှာပဲ။ အဲဒီရည်ရွယ်ချက်လည်းပါတယ်။ စာတမ်းဖတ်ပွဲတွေလုပ်တာ အားလုံးအတွက်ကောင်းတယ်။ စာတမ်းဖတ်ပွဲတင်မကဘူး၊ စာအုပ်ဈေးရောင်းပွဲတော်ပါ လုပ်ပေးတဲ့အတွက် ရှင်သန်ရမှာက စာဖတ်သူ၊ စာအုပ်ရောင်းသူ၊ စာရေးသူ၊ စာအုပ်ထုတ်သူတွေ တစ်ယောက်နဲ့တစ်ယောက် ဆက်စပ်နေမှ စာပေလောက တိုးတက်မှာပါ။ ဒါ့အပြင် စာပေလောကတိုးတက်ဖို့အတွက် စာပေလောကသားတွေအပြင် ကမကထလုပ်ပေးတဲ့ အစိုးရအဖွဲ့အစည်းတွေ၊ လုပ်ပေးနိုင်တဲ့အဖွဲ့အစည်းတွေ ဒါတွေအများကြီး လိုအပ်တာပေါ့။ နောက်ပိုင်းလုပ်နိုင်ရင်ပိုကောင်းတာပေါ့။ ရှေ့ကိုတိုးတက်လာမယ့်အလားအလာတွေ အများကြီးရှိတယ်။ စာဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်ဖို့အတွက် ဒါတွေကို လုပ်တာပိုကောင်းပါတယ်။

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ရှိ အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)သို့ ရောက်ရှိစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်ရုံမှထုတ်လုပ်ထားရှိသည့် ဆေးဆိုးပန်းရိုက်ထည်များ အခြေအနေနှင့်စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို PPP ပြုလုပ်မည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့ရှိ ပြည်ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများအား စက်ရုံတွင်အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်စေရန် လေ့ကျင့်သင်ယူထားရန် လိုကြောင်း၊ စက်မှုလုပ်ငန်းများတွင် ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်အတွက် အလေးထားစစ်ဆေးရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ညနေပိုင်းတွင် ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)သို့ ရောက်ရှိပြီး အသစ်တည်ဆောက်ပြီးဖြစ်သော သုံးထပ်စာသင်ဆောင် Car Mechatronic Workshop တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)သို့ ရောက်ရှိပြီး Machine Tool Shop, Assembly Shop, P.V.C Cable Manufacturing Shop တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ရှိ အမှတ်(၃၂) အကြီးစားစက်ရုံ (ကြံခင်း) ဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး ကျောက်မိုင်းဌာနတွင် ထုံးကျောက်များ ထုတ်လုပ်လျက်ရှိသည့် အခြေအနေ၊ ထုတ်လုပ်ပြီးထုံးကျောက်များ ကြိတ်ခွဲနေသည့် အခြေအနေနှင့် ကုန်ကြမ်းကြိတ်ဌာနတို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပုသိမ်မှန်စက်ရုံသို့ ရောက်ရှိပြီး ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ထားရှိမှု၊ စက်ရုံအသစ်တိုးချဲ့မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကုန်သိုလှောင်ရုံများနှင့် ဆိပ်ခံဘောတံတားများကို လုပ်ငန်းတိုးချဲ့နိုင်ရန် အသင့်ပြင်ဆင်ထားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်သာယာမြို့နယ်၌ အလုပ်သမားသုံးထောင်ကျော် ချီတက်လမ်းလျှောက်

**ရန်ကုန် မေ ၁**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်သာယာမြို့နယ်တွင် ယနေ့နံနက်ပိုင်းက အခမ်းအနားကျင်းပရာနေရာသို့ အလုပ်သမားသုံးထောင်ကျော် ချီတက်လမ်းလျှောက်ကြသည်။

စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား သုံးထောင်ကျော်သည် ယနေ့နံနက် ၇ နာရီခန့်တွင် အဆိုပါမြို့နယ်အတွင်းရှိ နဝဒေးမှတ်တိုင်အနီး၌ စတင်စုဝေးကာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကျင်းပမည့် လှိုင်သာယာမြို့နယ် (မိုးလုံလေလုံ) အားကစားရုံဝင်းအတွင်းသို့ သက်ဆိုင်ရာ အဖွဲ့အစည်းအလိုက် သမဂ္ဂအလံများကိုင်ဆောင်ကာ ချီတက်လမ်းလျှောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ယနေ့သည် အလုပ်သမားတွေအတွက် ရှေ့ဆက်ရပ်တည်နိုင်မှု၊ ရှင်သန်မှုတွေအတွက် တိုက်ပွဲဝင်ခဲ့ကြသူတွေကို အသိအမှတ်ပြုမှုတစ်ခုဖြစ်သလို၊ ရှေ့ဆက်ပြီးတော့ အလုပ်သမားထုရဲ့ ဘဝကို မြှင့်တင်ပေးနိုင်ဖို့အတွက် ဒီလိုမေဒေးနေ့ အခမ်းအနားပွဲတွေကနေ တစ်ဆင့် ညီညွတ်တဲ့ အင်အားနဲ့ ကြိုးပမ်းရုန်းကန်သွားကြရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ "လက်ရှိကာလမှာဆိုရင် စက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ဆောင်ရွက်နေပါတယ်။ စက်မှုဇုန်တိုင်းဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကို ငွေရှာပေးနေတဲ့ စီးပွားရေးနယ်မြေတွေဖြစ်ပါတယ်။ ဒါကြောင့် စက်မှုဇုန်ကြီးတွေမှာ အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေ၊ အလုပ်ရှင်တွေ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်တဲ့အခါမှာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ကြားမှာ ညီညီညွတ်ညွတ်နဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြဖို့လိုပါတယ်။ အဆင်မပြေသေးတဲ့ ဥပဒေတွေကို ပြုပြင်ပြောင်းလဲဖို့ ကျွန်တော်တို့ကြိုးစားကြရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဖတ်ကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာနှင့် အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ဥက္ကဋ္ဌ ဦးမောင်မောင်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်များမှ (ကဏ္ဍအလိုက်) တာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအောင်ရှင် (မုံရွာ)၊ လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူတစ်ဦးနှင့် ILO ရန်ကုန်ရုံးမှ တာဝန်ရှိသူတစ်ဦးတို့က အမှာစကားပြောကြားကြသည်။

"တစ်နှစ်တစ်ခါလုပ်တဲ့ပွဲမှာ အလုပ်သမားတစ်ယောက်အနေနဲ့ပါဝင်ပြီး အလုပ်သမားထု အင်အားပြသခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အခုဆိုရင်တိုင်းပြည်က အရင်ကထက် အများကြီးပွင့်လင်းမြင်သာလာတယ်။ အနည်းဆုံးလုပ်ခလစာကို ဒီထက်ပိုရဖို့ မျှော်လင့်နေတဲ့ အလုပ်သမားအများကြီးရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အလုပ်သမားတွေအားနဲ့ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ တစ်ထောင့်တစ်နေရာက အထောက်အကူပြုနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု အဆိုပါအခမ်းအနားသို့တက်ရောက်လာသူ လှိုင်သာယာမြို့နယ် ချားမင်းအထည်ချုပ် အခြေခံအလုပ်သမားသမဂ္ဂအဖွဲ့ဥက္ကဋ္ဌဖြစ်သူ မသဉ္ဇာထက်က ပြောသည်။

အဆိုပါအခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)က ကြီးမှူးကျင်းပပြီး အနုပညာရှင်များ၊ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ပညာပေးအစီအစဉ်များအဖြစ် အမျိုးသမီး အကြမ်းဖက်မှုကာကွယ်ရေး၊ ရွှေ့ပြောင်းအလုပ်သမားရေးရာ ပညာပေးအစီအစဉ်၊ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်အကြောင်းအရာ၊ အဓမ္မလုပ်အားစေခိုင်းမှုပပျောက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေးအကြောင်းအရာများပါဝင်သည့်အပြင် အလုပ်သမားများဆွေးနွေးလိုသည့် လုပ်ငန်းခွင်ဆိုင်ရာကိစ္စရပ်များကို အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ကျွမ်းကျင်သူများနှင့် ဥပဒေအကြံပေးတို့က ဆွေးနွေးခဲ့ကြသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# သက်ကြီးသတင်းစာဆရာကြီးများ ကန်တော့ပွဲကျင်းပ

**ရန်ကုန် မေ ၁**

အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း တတိယအကြိမ် သက်ကြီးသတင်းစာဆရာကြီးများ ကန်တော့ပွဲနှင့် သတင်းထောက်ဝတ်စုံ ပေးအပ်ပွဲကို ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဝင်း အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ပွဲကို ဗုဒ္ဓမင်္ဂလာတရားနှင့်အညီ ကျင်းပခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်သာခုခေါ်ဆိုပါကြောင်း ပူဇော်ပွဲတွင် သက်ကြီးသတင်းစာ ဆရာကြီးများ၏ ဩဝါဒကိုခံယူ၍ သတင်းစာလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်မာစွာရပ်တည်သွားကြရန် ပြောကြားခဲ့ကြသည်။

ထို့နောက် သက်ကြီးသတင်းစာဆရာကြီးများဖြစ်ကြသော ဒါရိုက်တာမောင်ယဉ်ကျော်၊ ဒေါက်တာဦးသန်းဦး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်(ရှိန်အောင်ဗိုလ်)၊ ဦးသက်တင်၊ (မောင်သာတင့်)၊ ဦးရန်နောင် (ရန်နောင်ပညာရေး)တို့က သတင်းသမားများအတွက် သတင်းသည် သတင်းစာ၏ အသက်ဖြစ်ပြီး သတင်းသမားများသည် အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်ပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိသော သတင်းများနှင့် သတင်းဓာတ်ပုံများကိုလည်း သမိုင်းဝင်သည့် ဓာတ်ပုံများ ရေးသားဖော်ပြနိုင်အောင် ရေးသားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဥပဒေ၊ သတင်းစာကျင့်ဝတ်၊ ဂုဏ်သိက္ခာများနှင့်အညီ ဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း ပြောကြားကြသည်။

ယင်းနောက် သက်ကြီးသတင်းစာဆရာကြီး ခြောက်ဦးတို့ကို မတည်အလှူရှင် နိုင်ငံတကာ ဗုဒ္ဓသာသနာပြု မယ်တော်ကြီး ဒေါ်မြင့်မြင့်စန်းနှင့် အလှူရှင်များ၊ မြို့နယ်သတင်းစာဆရာအသင်း၊ အသင်းဝင်များက ကျပ် တစ်သိန်းစီနှင့် ပစ္စည်းများဖြင့် ဩကာသကန်တော့ချီးဖြင့် ကန်တော့ကြပြီး အလှူရှင် မယ်တော်ကြီးက သတင်းထောက်ဝတ်စုံများ ပေးအပ်ရာ အသင်းဝင်များ ကိုယ်စား ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီးက လက်ခံရယူ၍မယ်တော်ကြီးနှင့် အလှူရှင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၆၈၄)**

# နွေရာသီစာအုပ်ဈေးရောင်းပွဲတော် နောက်ဆုံးနေ့၌ စာအုပ်အဟောင်းမျိုးစုံ အခမဲ့လှူဒါန်း

**ရန်ကုန် မေ ၁**

ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံခန်းမဆောင်၌ ယနေ့တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပခဲ့သည့် "ဘာသာပြန် စာပေစာတမ်းဖတ်ပွဲ" နှင့်အတူ စက်ရုံပထမထပ်နှင့် မြေညီထပ် စင်္ကြံများနှင့် စက်ရုံဝင်းတို့၌ ပြသရောင်းချသည့် "နွေရာသီစာအုပ်ဈေးရောင်းပွဲတော်"မှ စာအုပ်ဆိုင်များ ညနေပိုင်း ပိတ်ချိန်ထိ ရောင်းသူ၊ ဝယ်သူ၊ လေ့လာသူ၊ စာချစ်သူများ ယခင်ရက်များကထက် ပိုမိုစည်ကားခဲ့ကြသည်ကို တွေ့ရသည်။



ယနေ့တွင် ပိုမိုစည်ကားခဲ့ရခြင်းမှာ "နွေရာသီ ဈေးရောင်းပွဲတော်"၌ ခင်းကျင်းပြသကြသည့် စာအုပ်ဆိုင်များစုပေါင်း၍ အင်္ဂလိပ်-မြန်မာ စာအုပ်မျိုးစုံ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ကဗျာ၊ ဆောင်းပါးပေါင်းချုပ် စသည့် စာအုပ်အဟောင်းမျိုးစုံတို့ကို "တစ်ဦးလျှင် နှစ်အုပ်နှုန်းအခမဲ့"၊ "စာကြည့်တိုက်ဆိုလျှင် လေးအုပ်နှုန်း အခမဲ့" ကြိုက်နှစ်သက်သလို အခမဲ့ရွေးချယ်ယူနိုင်ကြောင်း စာတန်းချိတ်ကြေညာထားသည့်အတွက် စာချစ်သူ လူကြီးလူငယ်များ ကြိတ်ကြိတ်တိုးရွေးချယ်ယူကြခြင်းကြောင့် ဖြစ်သည်။

နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ညနေ ၅ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ အဆိုပါ နွေရာသီ စာအုပ်ဈေးရောင်းပွဲတော်ကို ဘာသာပြန် စာတမ်းဖတ်ပွဲနှင့်အတူ ဧပြီ ၂၉ ရက်၊ ၃၀ ရက်နှင့် ယနေ့တို့တွင် ကျင်းပခဲ့ရာ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုနှင့် စာဖတ်ရှိန်မြှင့်တင်မှုကို များစွာ အထောက်အကူရရှိစေမည်ဖြစ်ကြောင်း စာပေလောကသားများက ပြောဆိုကြသည်။ **(ကိုချစ်)**

# ပန်းချီဆရာကြီးဦးကံညွန့် ရာပြည့်အထိမ်းအမှတ်ပန်းချီပြပွဲ ကျင်းပမည်



**မန္တလေး မေ ၁**
ပန်းချီဆရာကြီးဦးကံညွန့် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ပန်းချီပြပွဲကို နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံရေဆေးပန်းချီအသင်း၌ ကျင်းပသည့် အစည်းအဝေးမှ သိရသည်။

အဆိုပါပန်းချီပြပွဲကျင်းပနိုင်ရန်အတွက် ကော်မတီဖွဲ့စည်းခြင်း၊ ပန်းချီကားစုဆောင်းရေးအဖွဲ့နှင့် ဘဏ္ဍာရေးရှာကြံရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ကြောင်း ပြပွဲကျင်းပနိုင်ရေးကော်မတီ ဥက္ကဋ္ဌဦးဇော်ဝင်း(သစ်ထွင်း)က ပြောသည်။

"ဆရာကြီးဦးကံညွန့်ရဲ့ ကျေးဇူးက မန္တလေးက ပန်းချီဆရာတွေနဲ့ မကင်းကြပါဘူး။ အမှတ်တရပြပွဲလေးပြုလုပ်ဖို့အတွက် ဆရာရဲ့တူ ဇင်ကောလင်းက လာရောက်အကြံပေးခဲ့လို့ ကျွန်တော်တို့အနေနဲ့ အခုလို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဆရာ့ရဲ့ တပည့်တွေ မည်သူမဆို ပါဝင်နိုင်ဖို့ ဖိတ်ခေါ်ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါပြပွဲကို မန္တလေးတောင်ပန်းချီပြခန်း၌ လာမည့်နိုဝင်ဘာ ၁၇ ရက်မှ စတင်ကာ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရာပြည့်အထိမ်းအမှတ်အဖြစ် ဆရာရေးဆွဲခဲ့သည့် ခဲပန်းချီကား ၁၀၀ ကို စာအုပ်အဖြစ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ အမှတ်တရတီရှပ်အင်္ကျီများကိုလည်း ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ရာပြည့်အထိမ်းအမှတ်ပြပွဲ ကျင်းပနိုင်ရန်အတွက် အနယ်နယ်အရပ်ရပ်မှ ဆရာ၊ တပည့်များ၊ ပန်းချီကားဝယ်ယူစုဆောင်းသူများ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ကာ အဆိုပါပြပွဲတွင် ဆရာကြီးဦးကံညွန့်ရေးဆွဲခဲ့သည့် ပန်းချီကား ၁၀၀ ကို ပြသသွားမည်ဖြစ်သည်။

ပန်းချီဆရာကြီးဦးကံညွန့်ကို စစ်ကိုင်းမြို့တွင် ၁၉၁၇ ခုနှစ်တွင် မွေးဖွားကာ ၂၀၀၅ ခုနှစ်တွင် ပုသိမ်ကြီးမြို့၌ ကွယ်လွန်ခဲ့ပြီး မန္တလေးပန်းချီပန်းပုကျောင်း၌ ကျောင်းအုပ်ဆရာကြီးအဖြစ်တာဝန်ယူကာ ပန်းချီလောကတွင် ခဲဘုရင်ဟု တင်စားခေါ်ဝေါ်ခံရသည်အထိ ခဲပန်းချီရေးဆွဲရာ၌ လက်ရာကောင်းမွန်သူတစ်ဦးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ဖျာပုံမြို့ ချောင်းတွင်းတံတားအနီး ချောင်းအတွင်းသွယ်တန်းထားသော Fiber Cable ကြိုးများပြုတ်ကျ

**ဖျာပုံ မေ ၁**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ



ချောင်းတွင်းတံတားဘေး ချောင်းအတွင်း သွယ်တန်းထားသော Fiber Cable ကောင်းကင်ကြိုးများကို ကမ်းစပ်တွင် ကွန်ကရစ်တိုင်များစိုက်ထူ၍ ဖြတ်သန်းသွယ်တန်းထားရာတွင် ကွန်ကရစ်တိုင်များ ဘေးသို့ယိုင်နေပြီး ကေဘယ်လ်ကြိုးများ အောက်သို့အနည်းငယ်လျော့ကျနေခြင်းကို ဧပြီ ၂၉ ရက် ညပိုင်းက အမည်မသိရေယာဉ်တစ်စင်းက ဝင်တိုက်၍ ချောင်းကမ်းနှစ်ဖက်ရှိ ကွန်ကရစ်တိုင် ခြောက်လုံးကျိုးကျပြီး ချောင်းအတွင်းကေဘယ်လ်ကြိုးများပြုတ်ကျနေသဖြင့် ပြုတ်ကျနေသောကြိုးများကို ဖျာပုံမြို့ရေအောက်ကေဘယ်လ်ရုံးမှ တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများက ချောင်းတွင်းတံတားဘေးတွင် ယာယီတင်၍ ကပ်ထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် သက်ဆိုင်ရာဆက်သွယ်ရေးလိုင်းများ ဆက်သွယ်မှုပြတ်တောက်ခြင်းမရှိကြောင်း သိရပြီး သက်ဆိုင်ရာဆက်သွယ်ရေးကုမ္ပဏီများက အမြန်ဆုံးပြန်လည်ပြုပြင်ပေးသွားမည် ဖြစ်ကြောင်း ဖျာပုံမြို့ ရေအောက်ကေဘယ်လ်ရုံးမှ တာဝန်ခံအရာရှိ ဦးဗညားဝင်းထံမှ သိရသည်။

**(၅၄၀)**

# မင်းတပ်မြို့ စည်ပင်သာယာဈေးသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**မင်းတပ် မေ ၁**
ချင်းပြည်နယ် မင်းတပ်မြို့၏ စည်ပင်သာယာဈေးသစ် အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ ရက်က ကျင်းပသည်။

ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ မင်းတပ်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတိတ်ထန်း၊ ချင်းပြည်နယ် စည်ပင်သာယာရေးညွှန်ကြားရေးမှူး ဦးထလာဟာရဲနှင့် တာဝန်ရှိသူတို့က မင်္ဂလာပန္နက်တိုင်များကို စိုက်ထူပေးကြသည်။

မင်းတပ်မြို့ စည်ပင်သာယာဈေးသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က မီးလောင်ခဲ့ရာ ယာယီဈေးတန်းဆောက်လုပ်၍ ဈေးရောင်းချနေရကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်က အဆင့်အတန်းမီဈေးသစ်ကြီး ဆောက်လုပ်ပေးရန် ရန်ပုံငွေခွင့်ပြုပေးခြင်းအတွက် မင်းတပ်မြို့နေပြည်သူများက ဝမ်းသာပီတိဖြစ်ကြသည့်အပြင် သောင်းသောင်းဖြဖြကြိုဆိုကြောင်း မြို့မိမြို့ဖ ဦးထန်းတမ်က ပြောသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒိုက်ဦးမြို့နယ်၌ အာစာရနိဗ္ဗာန်ကူးတံတားဖွင့်ပွဲ ကျင်းပ

**ဒိုက်ဦး မေ ၁**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၈) မကျည်းတန်းရပ်ကွက် မကျည်းတန်းပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၃) ဝါဆိုရပ်ကွက်ကို ဆက်သွယ်ထားသော အာစာရနိဗ္ဗာန်ကူးတံတားဖွင့်ပွဲကို ဧပြီ ၂၉ ရက်က ကျင်းပသည်။



အဆိုပါတံတားကို ရန်ကုန်မြို့ ကံဦးဇေတဝန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနန္ဒသာမိဘိဝံသ၊ ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါတံတားသစ်ကြီးကို ရန်ကုန်မြို့ ကံဦးဇေတဝန်ကျောင်းဆရာတော်နှင့် ပုညခင်ကုသိုလ်ရှင်အဖွဲ့မှ ငွေကျပ် ၃၉ သိန်း မတည်ကာ မကျည်းတန်း၊ ဝါဆိုရပ်ကွက်နှင့် အနယ်နယ်အရပ်ရပ်ရှိ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၃၂၅ သိန်းကျော်ဖြင့် ဆောက်လုပ်ထားသော အကျယ် ခုနစ်ပေ၊ အရှည် ပေ ၁၀၀၊ အမြင့် ၁၈ ပေရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်**(IPRD)

# ပုဗ္ဗသီရိမြို့နယ်တွင် မူခင်းကျဆင်းရေးအတွက် ပညာပေးဟောပြော

**နေပြည်တော် မေ ၁**
ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ဦးဆောင်မှုဖြင့် နယ်မြေအတွင်း မှုခင်းကျဆင်းရေးအတွက် ရပ်ကွက်အလိုက် အသိပညာပေးဟောပြောပွဲများ အဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ဧပြီ ၂၈ ရက် နံနက် ၈ နာရီက ကိုးရွာသပြေကုန်းအုပ်စု ကံလှကွက်သစ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က အသိပညာပေးဟောပြောရာ ဒေသခံပြည်သူ ၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၁၀၇)**

# ရွာသာအေးကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း

**ငါန်းဇွန် မေ ၁**
ငါန်းဇွန်မြို့နယ် သရက်ချိုပင်အုပ်စု ရွာသာအေးကျေးရွာတွင်းလမ်းကို ဧပြီ ၃၀ ရက်က ကွန်ကရစ်လမ်းခင်းရန် လမ်းမြေညှိခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ဒုံဒင်ကျေးရွာနှင့် ရွာသာအေးကျေးရွာကြားရှိ ချောင်းမှာ မိုးရာသီကာလတွင် ချောင်းရေလျှံပြီး ရွာတွင်းလမ်းများပျက်စီးကာ သွားလာ၍မရသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သော ပြည်သူလူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ရန်ပုံငွေကျပ် ၄ ဒသမ ၉၉၂ သန်းဖြင့် ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ အဆိုပါလမ်းမှာ အရှည်ပေ ၃၅၀၊ အကျယ် ရှစ်ပေ ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



# ပတ်စ်ပို့သက်တမ်းကုန်ဆုံးတော့မည့် မြန်မာအလုပ်သမား တစ်သန်းကျော် CI ရရှိရေး အလုပ်သမားသံအရာရှိဆောင်ရွက်



မြန်မာနိုင်ငံအစိုးရမှ ပန်းရောင်ကတ် ကိုင်ဆောင်ထားကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မေ ၃ ရက်မှစတင်ပြီး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် CI (Certificate Identify) စာအုပ်ကို မြန်မာနိုင်ငံသားအလုပ်သမားအများစုနေထိုင်ကြသည့် ထိုင်းနိုင်ငံအတွင်းရှိ ခရိုင်ခြောက်ခု၌ CI စာအုပ်ထုတ်ပေးသည့် စင်တာများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအနေအထားအရ CI စာအုပ်ထုတ်ပေးရေးစင်တာအသီးသီးသို့ ပန်းရောင်ကတ် ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားစုစုပေါင်း ခြောက်သောင်းကျော် CI စာအုပ် လာရောက်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ "ပတ်စ်ပို့ ခြောက်နှစ်ပြည့်တော့မယ့်သူတွေနဲ့ သက်တမ်းပြည့်ပြီးဖြစ်တဲ့ အလုပ်သမားတွေကို CI ပြုလုပ်ခွင့်ပေးဖို့ အလုပ်သမားတွေက မျှော်လင့်နေကြတာ ကြာခဲ့ပါပြီ။ တိကျတဲ့အဖြေတစ်ခုကို ထိုင်းနဲ့ မြန်မာအစိုးရဘက်က ကြေညာပေးတာ မတွေ့ရသေးပါဘူး။ ထိုင်းနိုင်ငံဘက်က ပြောနေတဲ့ MoU သွားလုပ်ပြီး ပြန်ဝင်လာရမယ်ဆိုတာ အပြောလွယ်သလောက် လက်တွေ့ဖြစ်လာဖို့ အားနည်းချက်တွေရှိနေတာကို တွေ့ရပါတယ်။ အသွား၊ အပြန်စရိတ် ဘယ်လိုလုပ်ရမယ်ဆိုတာ ဘယ်သူမှ နားမလည်ဘဲရှိနေကြပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာက အဲဒီလို ခြောက်နှစ်ပြည့်သွားပြီဖြစ်တဲ့ အလုပ်သမားတွေကို လက်ရှိဖွင့်လှစ်ထားတဲ့ CI စခန်းတွေမှာပဲ CI စာအုပ်ပြုလုပ်ခွင့်ပေးစေချင်ပါတယ်။ ခုဟာက ရမလိုလိုနဲ့ စောင့်မျှော်နေကြတာ အချိန်ကြာလာတာနဲ့အမျှ ဗီဇာသက်တမ်းတွေလည်း တဖြည်းဖြည်းကုန်နေသူတွေရှိသလို ကုန်ဆုံးတော့မယ့်သူတွေ တရားမဝင်အလုပ်သမားဘဝ ပြန်ရောက်ကြပါတော့မယ်။ မဖြစ်သင့်တဲ့ဟာတွေနဲ့ ကြုံတွေ့ရပြန်တော့မယ့် အလုပ်သမားတွေအတွက် အမြန်ဆုံးနဲ့အဆင်ပြေမယ့် နည်းလမ်းက အဲဒီ CI စာအုပ်ပြုလုပ်ခွင့်ရဖို့ပဲဖြစ်ပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း အဲဒီအလုပ်သမားကိစ္စတွေကို အလေးပေးပြီး မြန်ဆန်စွာ ဆောင်ရွက်ပေးဖို့ တောင်းဆိုချင်ပါတယ်"ဟု ထိုင်းနိုင်ငံ ဖူးခက်မြို့အခြေစိုက် ရွှေ့ပြောင်းအလုပ်သမားကွန်ရက် (MNP)အဖွဲ့ ဥက္ကဋ္ဌ ဦးရွှေထွန်းအေးက ပြောသည်။

ပန်းရောင်ကတ်သမားများနှင့်အတူ CI စာအုပ်ပြုလုပ်ခွင့်ရရှိရန်အတွက် ခရမ်းရောင်နှင့် အနီရောင် ပတ်စ်ပို့ကိုင်ဆောင်ထားကြသည့် အလုပ်သမား တစ်သန်းကျော်တို့လည်း မျှော်လင့်နေကြကြောင်း အလုပ်သမားအရေး လှုပ်ရှားနေသူများက ပြောသည်။

"နေ့စဉ် ဗီဇာနဲ့စာအုပ်သက်တမ်းကုန်နေတဲ့ အလုပ်သမားတွေ မနည်းပါဘူး။ သူတို့တွေ မြန်မာပြည်ပြန် MoU စနစ်နဲ့ပြန်လာဖို့ဆိုတဲ့အစီအစဉ်က အလုပ်သမားအများစုအတွက် သဟဇာတမဖြစ်ပါဘူး။ ဗီဇာနဲ့စာအုပ်သက်တမ်း မကုန်သေးတဲ့ အလုပ်သမားတွေကို CI စာအုပ်ထုတ်ပေးပြီး တဖြည်းဖြည်းနဲ့ MoU စနစ်ထဲ ဆွဲသွင်းတာကမှ အလုပ်ရှင်၊ အလုပ်သမားတွေအတွက် အထိအခိုက်မရှိ အောင်မြင်မှာပါ။ အဲဒီလိုမဟုတ်ဘဲ သက်တမ်းကုန်တဲ့အထိနေ၊ သက်တမ်းကုန်တာနဲ့ မြန်မာပြည်ပြန်ဆိုတာ အလုပ်သမားအနည်းစုအတွက်တော့ အဆင်ပြေမှာပါ။ ဒါပေမယ့် သူတို့လည်း အချိန်တွေ၊ ငွေတွေ တော်တော်ရင်းနှီးလိုက်ရမှာပဲ"ဟု အလုပ်သမားအရေးလှုပ်ရှားဆောင်ရွက်နေသူ ကိုစောမောင်က ပြောသည်။

ဗီဇာသက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည့် အနီရောင်နှင့် ခရမ်းရောင် ယာယီနိုင်ငံကူးလက်မှတ်များကို ထိုင်းနိုင်ငံဘက်က CI (သို့) မနလ (သို့) အခြားအထောက်အထား တစ်စုံတစ်ရာထုတ်ပေးလျှင် ထိုင်းနိုင်ငံဘက်မှ ဗီဇာထုတ်ပေးမည်ဟု ကြေညာချက်ထုတ်ပြန်ထားသည်မှာ အချိန်ကာလ အတော်ကြာနေပြီဖြစ်သော်လည်း ယနေ့အချိန်အထိ အနီရောင်နှင့် ခရမ်းရောင် ပတ်စ်ပို့သမားများအတွက် မည်သည့်အစီအစဉ်မှ နှစ်နိုင်ငံအစိုးရတို့ ဆုံးဖြတ်ချက်မချသေးသည်ကိုတွေ့ရကြောင်း ၎င်းက ပြောသည်။

အလုပ်သမားသံအရာရှိ ဦးမိုးအောင်ခိုင်က "ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဘက်ကို ခရိုင်အလိုက် ပတ်စ်ပို့ကိုင်ဆောင်ထားတဲ့ အလုပ်သမားစာရင်းတွေ တောင်းထားတာ DOE ဘက်ကနေရရှိပြီးရင်တော့ သက်တမ်းမကုန်သေးတဲ့ ခရမ်းရောင်နဲ့ အနီရောင်ပတ်စ်ပို့ ကိုင်ဆောင်ထားတဲ့၊ သက်တမ်းမကုန်သေးတဲ့ အလုပ်သမားတွေကို CI စာအုပ်ထုတ်ဖို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ CI စာအုပ်ထုတ်ပြီးသည့်အလုပ်သမားများ အလုပ်ပါမစ်လုပ်ဆောင်ရာ၌ ထိုင်းနိုင်ငံဘက်က သတ်မှတ်ထားသည့်ရက်အတွင်း အလုပ်ပါမစ်ပြုလုပ်ပေးရန်အခက်အခဲရှိသည့် ကိစ္စနှင့်ပတ်သက်၍ ပဏာမအဆင့်အနေဖြင့် အလုပ်သမားသံအရာရှိနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနတို့ တွေ့ဆုံဆွေးနွေးထားပြီးဖြစ်သလို ထိုင်းနိုင်ငံရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားသံအရာရှိ၊ ထိုင်း အလုပ်သမားဝန်ကြီးတို့သည် အထူးအစည်းအဝေးတစ်ရပ်ကို မကြာမီကပြုလုပ်ခဲ့ပြီး အလုပ်ပါမစ်ပြုလုပ်ရမည့်ရက် သက်တမ်းထပ်မံတိုးပေးရေးနှင့်ပတ်သက်၍ ဆွေးနွေးဖြစ်ကြောင်း သိရသည်။

"ဖေ့စ်ဘွတ်ပေါ်မှာတော့ ဖတ်နေရတာပဲဗျာ။ ဟိုနေ့ပဲ CI လုပ်ပေးတော့မလိုလို၊ အခုပဲမြန်မာပြည်ပြန်စာအုပ် ပြန်လုပ်ရမလိုလိုနဲ့ ကျွန်တော်တို့အလုပ်သမားတွေဘာကိုယုံရမှန်းမသိဖြစ်နေတယ်။ မြန်မာပြည်ပြန် စာအုပ်လုပ်ရမယ်ဆို မထူးတော့ဘူးလေ။ ထိုင်းကို ပြန်မလာတော့ဘူး ဆုံးဖြတ်ထားတယ်။ ငွေလာရှာပါတယ်ဆိုမှ မြန်မာပြည်ပြန် စာအုပ်လုပ်ရမယ်ဆိုတော့ ဘာမှမထူးဘူး။ ကုန်ကျမယ့်ငွေကလည်း ဒီမှာအလုပ်လုပ်နေတဲ့ သုံးလစာလောက်ရှိနေတယ်"ဟု ခြုံဘူရီ ချောင်စံမေငါးဖမ်းလှေဆိပ်တွင် ငါးဖမ်းလှေလိုက်နေသော ဦးထွန်းရီက ပြောသည်။

ထိုင်းနိုင်ငံအတွင်း ခရမ်းရောင်နှင့် အနီရောင်ပတ်စ်ပို့ကိုင်ဆောင်ထားသော မြန်မာအလုပ်သမားဦးရေ စုစုပေါင်း တစ်သန်းခုနစ်သောင်းခန့်ရှိပြီး နေ့စဉ် သက်တမ်းကုန်နေသည့် ပတ်စ်ပို့သမား ၁၀၀၀ ခန့်ရှိရာ မြန်မာအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရအနေဖြင့် CI ပြုလုပ်ခွင့် အလျင်အမြန်မပေးပါက တရားဝင်အလုပ်သမားများအဖြစ်မှ တရားမဝင်အလုပ်သမားများအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်ပြီး အလုပ်သမားများစွာ နစ်နာမှုများဖြစ်မည်ဟု ထိုင်းအလုပ်သမားဝန်ကြီးဌာန(DOE)မှ ဝန်ထမ်းတစ်ဦးက ထောက်ပြဝေဖန်ထားကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# မီးသတ်ယာဉ်များ ရေလွယ်ကူစွာထုတ်ယူနိုင်ရန် မီးသတ်ရေပိုက်ငုတ် ၆၀၀ ကျော် တပ်ဆင်ထား

**ရန်ကုန် မေ ၁**

ရန်ကုန်မြို့တွင် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်ယာဉ်များ ရေအလွယ်တကူရရှိနိုင်ရန်အတွက် မီးသတ်ရေပိုက်ငုတ် ၆၀၀ ကျော် တပ်ဆင်ပေးထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယဌာနမှူး ဦးမျိုးသိန်းက ပြောသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်က ရန်ကုန်တစ်မြို့လုံးမှာ မီးသတ်ငုတ် ၃၀၀ လောက်ပဲရှိတယ်။ အခု ၆၀၀ ကျော် တိုးမြှင့်တပ်ဆင်ပြီးသွားပါပြီ။ ရွှေပြည်သာမှာ အရင်က ရေပိုက်လိုင်းမရှိဘူး။ အခု ရေပိုက်လိုင်း တပ်ဆင်ပြီးချိန်မှာပဲ ရွှေပြည်သာမှာ မီးသတ်ငုတ်တွေ တပ်ဆင်ပေးထားတယ်။ ရန်ကုန်တစ်မြို့လုံးကို မီးသတ်ငုတ်တွေ လွှမ်းခြုံနေပါပြီ"ဟု ဦးမျိုးသိန်းက ပြောသည်။



**ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းမကြီးပေါ်ရှိ လမ်း (၅၀) နှင့် (၅၁) လမ်းကြားတွင် မီးသတ်ရေပိုက်ငုတ် တပ်ဆင်ထားသည်ကို တွေ့ရစဉ်။**

လက်ရှိတွင် ဝေဇယန္တာလမ်းတစ်လျှောက်၊ ရန်ကုန်ပြည်လမ်းတစ်လျှောက်၊ အောက်မင်္ဂလာဒုံလမ်းတစ်လျှောက်၊ ရွှေပြည်သာနှင့် ဘုရင့်နောင်လမ်းတစ်လျှောက်တို့တွင်လည်း မီးသတ်ရေပိုက်ငုတ်များ တပ်ဆင်ပေးထားကြောင်း သိရသည်။

"အခုလို မီးသတ်ရေပိုက်ငုတ်တွေ တပ်ဆင်ပေးတာကောင်းပါတယ်။ အရေးပေါ်မီးဘေးအန္တရာယ်နဲ့ကြုံတွေ့တဲ့အခါမျိုးမှာ ရေလုံလောက်မှုမရှိတာတွေကို ပူစရာမလိုတော့ဘူးပေါ့။ ရေသယ်တဲ့အချိန် မပေးရတဲ့အတွက်လည်း ဆုံးရှုံးမှုတွေနည်းသွားတာပေါ့။ မီးသတ်ရေပိုက်ငုတ်တွေ နေရာတိုင်းမှာ တပ်ဆင်ထားနိုင်မယ်ဆိုရင်တော့ ပိုကောင်းပါတယ်။ သုံးစွဲတဲ့အခါမှာလည်း ရေရဖို့တော့ လိုတာပေါ့"ဟု ဗိုလ်တထောင်မြို့နယ်တွင် နေထိုင်သည့် ဦးမြင့်အောင်က ပြောသည်။

မီးသတ်ရေပိုက်ငုတ်များ တပ်ဆင်ရာတွင် အချက်အချာကျသည့်နေရာများ၊ ယာဉ်အဝင်အထွက်လုပ်နိုင်သည့်နေရာများ၊ မီးဘေးအန္တရာယ်ရှိသည့် လူစည်ကားရာနေရာများတွင် အများဆုံးတပ်ဆင်ထားပြီး ရှေ့ဆက်၍လည်း တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မေ ၅ ရက်တွင်ဖွင့်လှစ်မည့် မုံရွာမြို့ ရုပ်ရှင်ရုံသစ် အကြိုဖွင့်ပွဲ၌ ရုံအပြည့်အားပေးကြည့်ရှု

**မုံရွာ မေ ၁**

မုံရွာမြို့ရှိ PARADISO အဆင့်မြင့်ရုပ်ရှင်ရုံကို မေ ၅ ရက်တွင် နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်များဖြင့် ဖွင့်လှစ်ရန်စီစဉ်ထားရာ ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီတွင် အကြိုဖွင့်လှစ်၍ မွန်းလွဲ ၁ နာရီနှင့် ည ၇ နာရီတို့တွင် ကြီးကြီးကျယ်ကျယ်ရုပ်ရှင်ဇာတ်ကားကို အခမဲ့ပြသခဲ့ရာ လူ ၃၂၀ ဆံ့သောရုံတွင် ပရိသတ်များ ရုံအပြည့်အားပေးခဲ့ကြကြောင်း PARADISO CINEMA ကုမ္ပဏီ၏ WT မန်နေဂျာ ဦးသန်းကျော်စိုးထံမှ သိရသည်။

မေ ၅ ရက်တွင် ရုပ်ရှင်သရုပ်ဆောင်များဖြင့် ဖွင့်အပြီးတွင် ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ ရုပ်ရှင်ရုံကြီးများတွင်ပြသနေသော ရုပ်ရှင်ဇာတ်ကားသစ်ကို ရုံတင်ပြသသွားမည်ဖြစ်သလို မည်သည့်ဇာတ်ကားပြသမည်ဆိုသည်ကို မဆုံးဖြတ်ရသေးကြောင်း သိရသည်။ ၇၄ ပေ၊ ပေ ၅၀ အကျယ်ရှိ ရုပ်ရှင်ရုံအတွင်း ၁၀ မီတာ၊ လေးမီတာ အကျယ် ပိတ်ကားထောင်ထားသလို အဆင့်မြင့်ထိုင်ခုံပေါင်း ၃၂၀ ရှိကာ ရှေ့ဆုံး ကျပ် ၁၀၀၀ တန်း သုံးတန်းမှစတင်ကာ ကျပ် ၁၅၀၀ တန်း၊ ကျပ် ၂၀၀၀ တန်းနှင့် နှစ်ယောက်ထိုင်တစ်တွဲလျှင် ကျပ် ၅၀၀၀ တန်းဟူ၍ အတန်း လေးတန်းထား ပြသနေကြောင်း သိရသည်။ ရုပ်ရှင်ပြသရာတွင် ဘာကိုပရိုဂျက်တာစနစ်ဖြင့်ပြသမည်ဖြစ်ရာ ရန်ကုန်ရုံးချုပ်မှ ပို့လာသောဖလင်မဟုတ်တော့သည့် ဟတ်ဒစ်များဖြင့် သိမ်းဆည်းပြသခြင်းဖြစ်ပြီး ဟတ်ဒစ်ရောက်တိုင်းလည်း ပြသ၍မရဘဲ ဒစ်ဂျစ်တယ်စနစ်ဖြစ်သည့်အတွက် သတ်မှတ်သည့်ရက်၊ သတ်မှတ်သည့်အချိန်ရောက်မှသာ ပိတ်ထားသောကီး(KEY)များ ပွင့်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေးမြို့များနှင့်အပြိုင် တစ်ပတ်တစ်ကားနှုန်း ကားအသစ်များကို လဲလှယ်ပြသသွားမည်ဖြစ်သလို ရုပ်ရှင်ပြသရာတွင် ရုံးပိတ်ရက်မဟုတ်သော ရိုးရိုးရုံးတက်ရက်များတွင် တစ်ရက်လျှင် နံနက် ၁၀ နာရီတစ်ပွဲ၊ မွန်းလွဲ ၁ နာရီ တစ်ပွဲနှင့် ည ၇ နာရီတို့တွင် ပြသပေးသွားမည်ဖြစ်သလို ရုံးပိတ်ရက်များတွင် ညနေ ၄ နာရီတစ်ကြိမ်တိုး၍ လေးကြိမ်ဆက်တိုက်ပြသပေးသွားမည်ဖြစ်ကြောင်း ဦးသန်းကျော်စိုးထံမှ သိရသည်။ ရုပ်ရှင်လက်မှတ်ခများကို ကြိုတင်ဝယ်ယူလိုသူများအနေဖြင့် ကြိုတင်လက်မှတ်များ ရောင်းပေးမည်ဖြစ်သလို လက်မှတ်များ အခက်အခဲမရှိဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေး ဆောင်ရွက်

**ပလိပ် မေ ၁**။ ။ပလိပ်မြို့အတွင်းရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးအတွက် ဘဲလင်းပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ထားသော ၃၃ ကေဗွီ ဓာတ်အားလိုင်းကို ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်တွင်ရှင်းလင်းခြင်း၊ ကြွေသီးများ လဲလှယ်ခြင်းကို သကြၤန်မတိုင်မီကာလအတွင်း ဓာတ်အားပိတ်ဆောင်ရွက်ခဲ့ကြောင်းနှင့် ၎င်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စဥ့်ကိုင်၊ ပလိပ်၊ တံတားဦးမြို့များအနေဖြင့် လာမည့်အချိန် ကာလများတွင် စဉ်ဆက်မပြတ် ဓာတ်အားရရှိနိုင်မည်ဖြစ်သည်။ **(မြို့နယ်လျှပ်စစ်)**



ကြေးမုံ





### ❐ ကျပ် ၅၀၀ တန်ထီမှ

ပြီးခဲ့သည့် ဧပြီ ၁ ရက်တွင် ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ခဲ့သည့် (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် အထူးဆုကြီးများအပါအဝင် ဆုမဲပေါင်း တစ်သိန်းကျော်အထိ ခွဲဝေချီးမြှင့်နိုင်ခဲ့ပြီး ယခု (၂)ကြိမ်မြောက်တွင် ထီရောင်းရသည့်ငွေအပေါ် ထီဆုငွေများ ပြန်လည်ခွဲဝေပေးရာတွင် ဆုမဲပေါင်း ကိုးသောင်းကျော် ချီးမြှင့်မည်ဖြစ်ပြီး ပထမအကြိမ်ထက် ဆုမဲအရေအတွက် အနည်းငယ်လျော့နည်းသွားကြောင်း သိရသည်။

(၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲအတွက် ထီလက်မှတ်များရောင်းချခဲ့ရာတွင် (၂)ကြိမ်မြောက်နှင့် ၂၀၁၇ မေလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ်('က' အက္ခရာမှ အစဉ်လိုက် 'န' အက္ခရာအထိ) အက္ခရာအလုံး၂၀၊ အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် အရန်ထီလက်မှတ် ('ကင' အက္ခရာမှ အစဉ်လိုက် 'ကတ' အက္ခရာအထိ) အရန်ထီ အက္ခရာ ၁၂ လုံး၊ အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် အရန်ထီလက်မှတ် 'ကထ' အက္ခရာမှာ ၄၂၇၂၇ အုပ်၊ ယင်းကြောင့် မေ ၁ ရက်တွင် ဖွင့်လှစ်မည့် ထီဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်း ၃၂ လုံးနှင့် ထီအုပ်ရေ ၄၂၇၂၇ အုပ်ဖြစ်၍ ထီစာအုပ်ပေါင်း ၂၆၆၀၉၀၃ အုပ်ဖြစ်ပြီး ထီလက်မှတ်ပေါင်း ၂၉၂၆၉၉၃၃ စောင် ရောင်းချခဲ့ရကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

အလားတူ ၂၀၀ ကျပ်တန် အောင်ဘာလေထီဖွင့်ပွဲကို လာမည့် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၄၁)ကြိမ်မြောက် ထီဖွင့်ပွဲတွင် နောက်ဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကိုသာ ရောင်းချ၍ ထီဖွင့်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။ **(ဆုနှင်းလဲ့)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၁၂ စီး၊ သွင်းကုန် ၅၃၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုးကျပ် ၅၂ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးကျပ် ၁၂ ဒသမ ၈၁၁ သန်းခန့်) စုစုပေါင်း ၁၄ မှု(ခန့်မှန်းတန်ဖိုးကျပ် ၆၄ ဒသမ ၈၁၁ သန်းခန့်)သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဧပြီ ၃၀ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Mitsubishi Pajero နှင့် Nissan Elgrand အမျိုးအစားယာဉ်များကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်နှစ်စီး(စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၇ ဒသမ ၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ✪ AFC Cup မှ

ဂိုးပြတ်ရှုံးခဲ့သောကြောင့် အကောင်းဆုံး အုပ်စုဒုတိယနေရာအတွက်ပါ မျှော်လင့်ချက်နည်းနေသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြိုင်ပွဲကျင်းပသည့်ပုံစံပြောင်းလဲထားပြီး ဇုန်အလိုက် အုပ်စုများခွဲထားခြင်းဖြစ်သည်။ မြန်မာကလပ်အသင်းများသည် အာဆီယံဇုန်တွင် ပါဝင်လျက်ရှိပြီး အုပ်စုသုံးခုမှ ထိပ်ဆုံးသုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရ တစ်သင်းတို့မှာ အာဆီယံဇုန်ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ရတနာပုံအသင်းပါဝင်သော အုပ်စု(H)တွင် သုံးသင်းသာပါဝင်ရာ အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် တွက်ချက်ရာတွင် ကျန်အုပ်စု၌ အောက်ဆုံးအသင်းနှင့် ရလဒ်ကို ပယ်ဖျက်ရမည်ဖြစ်သည်။

ထို့ကြောင့် ရတနာပုံအသင်းသည် ယနေ့ယှဉ်ပြိုင်ရမည့် ပွဲတွင် ထန်ကွမ်နင်အသင်းကို အနိုင်ကစားရန် လိုအပ်သလို အခြားအသင်းများ၏ ရလဒ်များကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ထန်ကွမ်နင်အသင်းနှင့် ပထမအကျော့ အဝေးကွင်းပွဲတွင် တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ရတနာပုံအသင်းသည် အုပ်စုသုံးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**အထက်မင်းလှ မေ ၁**

သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဧပြီ ၂၅ ရက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ သဘောသဘာဝနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ကိုယ်စားလှယ်များက မိမိကျေးရွာတွင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများနှင့် ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**



# သောက်သုံးရေ အခက်အခဲရှိကျေးရွာများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က သောက်ရေသန့်များ ပေးလှူ

**မြောင်းမြ မေ ၁**

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ကျေးရွာဒေသများ၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိရာ ဧပြီ ၂၉ ရက် နံနက်ပိုင်းက မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးညွန့်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်လွင်နှင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် သောက်သုံးရေအခက်အခဲနှင့်ကြုံတွေ့နေရသော မြောင်းမြမြို့နယ် ရေငန်းကျေးရွာအုပ်စု တောင်ပူဇာကျေးရွာသို့ မော်တော်ယာဉ်များဖြင့် သွားရောက်လှူဒါန်းခဲ့သည်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လမ်းညွှန်ချက်နှင့်အညီ ရေရှားပါးပြီး အခက်အခဲရှိတဲ့ ကျေးရွာပြည်သူတွေအတွက် သောက်ရေ လာရောက်ပေးလှူခြင်းဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးညွန့်ဇော်က ပြောကြားသည်။

"ရေလာရောက်ပေးလှူတဲ့အတွက် ကျေးရွာကလူတွေ သောက်ရေအဆင်ပြေသွားလို့ ဝမ်းသာကျေးဇူးတင်ပါတယ်" ဟု တောင်ပူဇာကျေးရွာနေ မန်းသန်းအေးက ပြောသည်။

ထိုသို့ပေးလှူရာတွင် သောက်ရေသန့် လီတာ ၂၀ ဘူးကြီး ၂၀၀ ကို ကျေးရွာရှိ အိမ်ထောင်စု ၅၇ စု(လူဦးရေ ၂၈၃ ဦးတို့)အား ပေးဝေနိုင်ခဲ့ပြီး ယခုနှစ်အတွက် နှစ်စဉီး အလှူဖြစ်ကာ သောက်ရေအတွက် အခက်အခဲရှိသော ကျေးရွာများမှ ဆက်သွယ်အကြောင်းကြားမှုအပေါ် ဆက်လက်ပေးလှူသွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်လွင်က ပြောသည်။

**အောင်မင်း(မြောင်းမြ)**

# မောင်တောမြို့ ရွာသစ်ကေရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁**

မောင်တောမြို့ ရွာသစ်ကေရပ်ကွက်တွင် ယမန်နေ့ မွန်းလွဲပိုင်းက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွာသစ်ကေရပ်ကွက်မှ ဖွေယော့ဇူရာမန်းသည် မာမက်ဖာရုထံ အရက်ဖိုးတောင်းရာ မပေးသဖြင့် ၎င်း၏နေအိမ်ခေါင်မိုးကို ဂက်စ်မီးခြစ်ဖြင့် မီးရှို့ခဲ့ရာမှ နေအိမ်ခေါင်မိုး မီးလောင်ခဲ့ခြင်းဖြစ်သည်။

ဖွေယော့ဇူရာမန်းအား မောင်တောမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မယ်စဲ့မြို့၌ လေပြင်းတိုက်ခတ်၍ ဓာတ်အားလိုင်းပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်

**မယ်စဲ့ မေ ၁**

ကယားပြည်နယ် မယ်စဲ့မြို့၌ ဧပြီ ၃၀ ရက် ညနေ ၆ နာရီခွဲခန့်က ရုတ်တရက် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပန်တိန်းကျေးရွာ ကရင်မရေထွက်အနီး မိုင်တိုင်အမှတ်(၈၅၆)ရှိ ဖားဆောင်း-မယ်စဲ့ 33KV ဓာတ်အားလိုင်းပေါ်သို့ သစ်ပင်ပြိုလဲ၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဖြိုးကိုကိုနှင့် လျှပ်စစ်ဓာတ်အားလိုင်းဝန်ထမ်းများက မေ ၁ ရက်နံနက်ပိုင်းက ဓာတ်အားလိုင်းပေါ်ရှိ သစ်ပင်ကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ယိုင်လဲသွားသော တိုင်သုံးတိုင်ကို ပြန်လည်တည့်မတ်ခြင်းနှင့် အိုဗာဟက်ကြိုးလျော့ကျ၍ အခန်း ၁၂ ခန်းတင်းခြင်းလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပေးခဲ့ရာ ညနေ ၅ နာရီတွင် မြို့နယ်အတွင်းမှ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြန်လည်အသုံးပြုနိုင်ခဲ့သည်။

မိုးဦးကျကာလတွင် မယ်စဲ့မြို့၌ မကြာခဏလေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ မကြာခဏပြတ်တောက်မှုအပေါ် မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ကျွမ်းကျင်လျှပ်စစ်လိုင်းဝန်ထမ်းများဖြင့် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်အားကစားပြိုင်ပွဲစတင်ကျင်းပ

**နေပြည်တော် မေ ၁**

နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ထွက်ပေါ်လာစေရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်အားကစားပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B) ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ထူးချွန်သော မျိုးဆက်သစ်အားကစားသမားများနှင့် နိုင်ငံတကာအဆင့်မီ လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုတိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲပြီးသွားပါက မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကြက်တောင်အားကစားနည်းမှ ဆုတံဆိပ်များ ဆွတ်ခူးရရှိနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် စေလွှတ်သွားမည်ဖြစ်ကြောင်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမျိုးသမီးအသင်းလိုက် အမှတ်ပေးပွဲစဉ်အဖြစ် ကယားပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ချင်းပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်အားကစားပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်မှ အမျိုးသား ၁၅သင်း၊ အမျိုးသမီး ၁၁ သင်း



ဝင်ရောက်ယှဉ်ပြိုင်၍ စုစုပေါင်း အားကစားသမား ၁၇၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မေ ၁ ရက်မှ ၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (C) တွင် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သဖြင့် အားကစားကို စိတ်ပါဝင်စားသော မိဘပြည်သူများ အနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# အာဆင်နယ်ကိုအနိုင်ရရှိခဲ့ပြီး စပါးအသင်း ချယ်လ်ဆီးကိုဖိအားပေးနိုင်ခဲ့



စပါးအသင်းသည် အာဆင်နယ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယားတွင် ဦးဆောင်နေသည့် ချယ်လ်ဆီး အသင်းအား ဆက်လက်ဖိအား ပေးနိုင်ခဲ့ပြီဖြစ်သည်။

ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့သည့် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၄)အဖြစ် အဲဗာတန်အသင်းနှင့်ကစားခဲ့ရပြီး အဲဗာတန်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ဖလားအတွက် ဒုတိယနေရာမှ စပါးအသင်းကိုဖိအားပေးနိုင်ခဲ့ပြီး စပါးအသင်းက အာဆင်နယ်အသင်းကိုအနိုင်ရရှိခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းကို ပြန်လည်ဖိအားပေးလိုက်ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့သည် လက်ရှိအမှတ်ပေးဇယားတွင် ချယ်လ်ဆီးအသင်းက ရမှတ် ၈၁ မှတ်၊ စပါးအသင်းက ၇၇ မှတ်ဖြင့် ၃၄ ပွဲစီကစားအပြီးတွင် လေးမှတ်ကွာအနေအထားဖြစ်နေသည်။

စပါးအသင်းသည် လက်ကျန်ပွဲစဉ်များအဖြစ် ဝက်စ်ဟမ်း၊ မန်ယူ၊ လက်စတာ၊ ဟားစီးတီးအသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး ချယ်လ်ဆီး အသင်းမှာမူ မစ်ဒယ်ဘရော့၊ ဝက်စ်ဘရွန်း၊ ဝက်ဖို့ဒ်၊ ဆန်းဒါးလန်းအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်များပြီးဆုံးပါက အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲအဖြစ် အာဆင်နယ်အသင်းနှင့်ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။

စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပွဲစဉ်တွင် စပါးအသင်းသည် ဒီလီအလီနှင့် ဟယ်ရီကိန်းတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိ ခဲ့ခြင်းဖြစ်ပြီး စပါးအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဒီလီအလီသည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းနှင့်အတူ သွင်းဂိုး ၂၀ ဂိုးအထိသွင်းယူနိုင်ခဲ့သည့် ကစားသမားလည်းဖြစ်လာခဲ့သည်။

ဟယ်ရီကိန်းသည် စပါးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၇ ဂိုးအထိရှိလာခဲ့ပြီး ပရီမီယာလိဂ်တွင်မူ အီဘရာဟီမိုဗစ်မှာ မန်ယူအသင်းနှင့်အတူ သွင်းဂိုး ၂၈ ဂိုး၊ အဂူရိုမှာ မန်စီးတီးအသင်းနှင့်အတူ သွင်းဂိုး ၃၁ ဂိုးအသီးသီးသွင်းယူထားကြသည်။

စပါးအသင်းသည် ယခုအာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ၁၉၆၀ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လိဂ်ပွဲ ကိုးပွဲဆက်တိုက်နိုင် ပွဲရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်လည်းတင်နိုင်ခဲ့ပြီဖြစ်သည်။

**(ငွေကြယ်)**

# သီယိုဟာနန်ဒက်ဇ်၊ ဘယ်လာရင်၊ ကော်တင်ဟိုနှင့် ဗာရက်တီတို့အား ဘာစီလိုနာအသင်းခေါ်ယူရန် ပစ်မှတ်ထားနေ

စပိန်လာလီဂါကလပ်ဘာစီလိုနာအသင်းသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမစတင်မီကာလအတွင်း လက်ရှိအသင်းကို အသင်းကောင်းတစ်သင်းအဖြစ် ပြန်လည်ဖွဲ့စည်းတည်ဆောက်ရန်အတွက် အက်သလက်တီကိုမက်ဒရစ်ဘယ်နောက်ခံကစားသမားသီယိုဟာနန်ဒက်ဇ်၊ အာဆင်နယ်အသင်း၏ ညာနောက်ခံကစားသမားဘယ်လာရင်တို့ကိုနောက်တန်းခံစစ်ကြောင်းအတွက် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

ထို့ပြင် ဘာစီလိုနာအသင်းအနေဖြင့် ကွင်းလယ်ပိုင်းကိုအားဖြည့်ရန်အတွက် လီဗာပူးအသင်း၏ ကွင်းလယ်ပိုင်းတွင် အားထားရသည့် ဖိလစ်ပီကော်တင်ဟိုနှင့် ပီအက်စ်ဂျီအသင်းကွင်းလယ်ကစားသမားမာကိုဗာရက်တီတို့အားခေါ်ယူရန်စီစဉ် လျက်ရှိသည်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌ မာရီယာဘာတိုမူးကမူ ပြီးခဲ့သည့်ဘောလုံးရာသီကဗလင်စီယာအသင်းမှ အန်ဒရီဂိုမက်စ်ကိုခေါ်ယူထားခဲ့ခြင်းကြောင့် လာမည့်အပြောင်းအရွှေ့ကာလတွင် ယူရို ၂၅ သန်းသာသုံးစွဲမည်ဟုဆိုသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းမှ တူရန်နှင့် မက်သီရူးတို့မှာ နွေရာသီအပြောင်းအရွှေ့ကာလတွင် ထွက်ခွာဖွယ်ရှိနေကြောင်းသိသည်။ ဘာစီလိုနာအသင်းသည် သီယိုဟာနန်ဒက်ဇ်ကိုခေါ်ယူမည်ဆိုပါကပေါင် ၂၄ သန်းကုန်ကျမည်ဖြစ်ပြီးဘယ်လာရင်အားခေါ်ယူမည်ဆိုပါကပေါင် သန်း ၃၀ ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

နောက်တန်းကစားသမားကိုသာအဓိကထားခေါ်ယူမည်ဖြစ်သောကြောင့် ကွင်းလယ်ပိုင်းအတွက်အားဖြည့်ရန် စီစဉ်ထားသည့် ကစားသမားနှစ်ဦးဖြစ်သောကော်တင်ဟိုနှင့် ဗာရက်တီတို့မှာဈေးကြီးနေပါကအဆိုပါကစားသမားနှစ်ဦးနှင့် ပတ်သက်ပြီးခေါ်ယူရန်စဉ်းစားရဖွယ်ရှိနေကြောင်းလည်းသိရသည်။

**(ငွေကြယ်)**



# ကြေးမုံကိုသာလွမ်း

ဝင်းပ

ကြေးမုံသတင်းစာ နှစ် (၆၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ 'စကိုင်းစတားဟိုတယ်' သို့ ဧပြီ ၂၈ ရက် နံနက်က ကျွန်တော်အစောဆုံးရောက်သွားပါသည်။ ဧည့်သည်တစ်ယောက်မှ မရောက်သေးပါ။ ကြေးမုံအယ်ဒီတာချုပ် ဦးခင်မောင်ကျော်ဒင်နှင့် သတင်းထောက်ချုပ် ဦးဌေးအောင်တို့ နှစ်ယောက်က ကျွန်တော့်ကို ဆီးကြိုနေရာချပေးပါသည်။ ကားလမ်းတွေကျပ်မည်ထင်ပြီး စောစောထွက်ခဲ့ရာ ယခင်ကလို ကားတွေကျပ်တာ မတွေ့သဖြင့် ကျွန်တော်စောစောရောက်သွားခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကြေးမုံသတင်းစာတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဝန်ထမ်းများ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများခန်းလုံးပြည့်လျှံ ရောက်လာကြသည်ကို တွေ့ရသည်။ ကြေးမုံကို တည်ထောင်ရာတွင် ဦးဆောင်ခဲ့သူ ဆရာကြီးဦးသော်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးခင်မောင်အေး (ခင်မောင်အေး-မန္တလေး)နှင့် အယ်ဒီတာဟောင်းကြီး ဟန်ဂေရီဦးကိုကိုကြီးတို့ကို တပည့်များက တွဲခေါ်လာရသည်ကို တွေ့ရပါသည်။ တစ်ချိန်တုန်းက သန်သန်မာမာ ပြန်ကြားရေးတာဝန်ကို စွမ်းစွမ်းတမံစွမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများကို ကြည့်ရသည်မှာဇရာ၏သဘောကို စောကြောမိသွားပါသည်။

တကယ်လို့များ ကြေးမုံ၏ ဖခင်ကြီးများဖြစ်ကြသည့် ဆရာဇဝန၊ ဆရာအောင်ဗလ၊ ဆရာစိန်ခင်အောင်ရီ၊ ဆရာ ဦးဝင်းတင်၊ ဆရာ ဦးကြီးမောင်(ငွေဥဒေါင်း)၊ ကျွန်တော့်သူငယ်ချင်း အယ်ဒီတာကိုတင်ထွေး(စာရေးဆရာတင်ထွေး)၊ 'ကြေးမုံ' ခေါင်းစည်းစာလုံးလိုဂိုဒီဇိုင်းကို ဖန်တီးရေးဆွဲခဲ့သူ ကာတွန်းဆရာကြီး ဦးဖေသိန်း(ကြေးမုံနီတိ)၊ ကာတွန်းဆရာကြီး ဦးအောင်ရှိန်(ကြေးမုံခင်)၊ ကြေးမုံအယ်ဒီတာချုပ် ဦးစိုးညွန့်(ဆရာထီလာစစ်သူ)၊ ဆရာကြီး သခင်လှကွန်း စသည့် ဆရာ့ဆရာကြီးများသာ သက်ရှိထင်ရှားရှိနေဦးမည်ဆိုလျှင် စကိုင်းစတားခန်းမကြီးက ထိပ်စားပွဲမှာခံ့ခံ့ညားညားကြီး မြင်တွေ့ရမှာ သေချာလှပါသည်ဟု ကျွန်တော်ခံစားရပြီး ဆရာများကို လွမ်းဆွတ်မိပါသည်။

အခမ်းအနားစလျှင် "ကြေးမုံသတင်းစာသည် အစဉ်အလာကောင်းသောသတင်းစာ၊လက်ရှိ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိသောအစိုးရသစ်လက်ထက်တွင် အစိုးရ၏ ဆောင်ရွက်မှု အခြေအနေများကို ပြည်သူများသိရှိစေရန် သတင်းများ မျက်ခြည်မပြတ်ဖော်ပြပေးလျက်ရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောဆိုပါသည်။

၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက်က စတင်တည်ထောင်ခဲ့ရာ ယခု အနှစ် ၆၀ တိုင် သက်တမ်းရှည်ကြာရပ်တည်နေမှုအပေါ် အတိုင်းမသိ ဝမ်းမြောက်မိပြီး ကျေးဇူးလည်းတင်မိပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ တစ်သက်လုံးလည်းပဲ မေတ္တာပို့ပါတယ်ဟု ဆရာကြီးဦးသော်ကမုဒိတာစကားပြောပါသည်။ ကြေးမုံ/ မြန်မာ့အလင်း စာတည်းမှူးချုပ်တာဝန်ယူခဲ့သူ ဆရာဦးရဲမြင့်ဖေကလည်း ကြေးမုံသက်တမ်း အနှစ် ၆၀ မှာ နှစ်ပေါင်း ၂၀ ကြာမျှ ကြေးမုံမှာ နေ့စားဘဝကနေ အယ်ဒီတာချုပ်ဘဝရောက်ကြောင်း နှစ်ပေါင်း ၆၀ မှာ သုံးချိုးတစ်ချိုး ပါဝင်ခွင့်ရခဲ့ကြောင်း မုဒိတာစကားဆိုပါသည်။

ကြေးမုံစာတည်းမှူးချုပ်(ငြိမ်း) ဦးမြင့်ဆွေကလည်း မိမိတာဝန်ယူစဉ်ကာလ သတင်းအရေးအသားအခက်အခဲပြဿနာများ ဖြေရှင်းခဲ့ရပုံ အတွေ့အကြုံများကို စိတ်ဝင်စားဖွယ် နောက်ကြောင်းပြန်ပြောပြရင်း မုဒိတာစကားပြောကြားသွားပါသည်။

ဤသို့ မုဒိတာစကားများကို နားထောင်ရင်း ကျွန်တော်တို့ စားပွဲမှာ ဆရာဟိန်းလတ်၊ ဆရာကာတွန်းမြေဇာ၊ ဆရာကာတွန်းငွေကြည်နှင့် ကျွန်တော်တို့လည်း ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ကြေးမုံဘဝများကို ပြန်လည်ပြောမိနေကြပါသည်။ ကာတွန်းငွေကြည်က ကြေးမုံဂျာနယ်မှာ ကြေးမုံသတင်းစာထုတ်ဝေတော့မည့် ကြော်ငြာများ ပါဝင်ခဲ့ပုံကို ပြောပြနေပါသည်။ ကျွန်တော်ကတော့ 'ကြေးမုံ' စာလုံးဒီဇိုင်းကို ဆရာဦးဖေသိန်းရေးပေးခဲ့စဉ်က ညဏ်ပူဇော်ခ ရခဲ့မယ်ထင်တယ်ဟု ပြောမိရာ ဆရာဦးဖေသိန်းတော့ မသိဘူး၊ ဟိုတုန်းက 'လုပ်သား' သတင်းစာဒီဇိုင်းကို ရေးပေးခဲ့တဲ့ ပန်းချီမောင်ငွေထွန်းက ဒီဇိုင်းခ သုံးထောင် တောင်းတာများတယ်ဆိုပြီး ချက်ချင်းမရကြောင်း၊ မောင်ငွေထွန်းက သူဒီဇိုင်းတန်ဖိုးတွက်ပြပုံကတော့ လှသဗျာ၊ နေ့စဉ်ထုတ်သတင်းစာမို့ တစ်နေ့ကို တစ်ပြားနဲ့တွက်ရင်တောင် သုံးထောင်မက တန်ပါ



တယ်" ဟု ပြန်ပြောခဲ့ရကြောင်း၊ သူ့အကြောင်းပြချက်က 'လှ' တာကြောင့် နောက်ဆုံးတော့ ပြန်ကြားရေးဌာနက ပေးလိုက်တယ်လို့ ကြားရတယ်တဲ့။ ဒါတောင် မောင်ငွေထွန်းဒီဇိုင်း 'လုပ်သား' စာလုံးအပေါ် နားမှာ အလုပ်သမားလူပုံကလေးကို ဖြည့်စွက်ရေးပေးခဲ့တဲ့ ယခု အမေရိကန်ရောက် ပန်းချီဆရာကြီး ဟယ်ရီအောင် တောင် ညဏ်ပူဇော်ခ ဘယ်လောက်ရခဲ့သလဲ မသိတော့ဘူး" ဟု ကျွန်တော်က ဖြည့်စွက်ပြောမိပါသည်။

ပန်းချီ၊ ကာတွန်းဆရာတွေမို့ ဗိုလ်တထောင်သတင်းစာ လိုဂိုကို ပန်းချီမောင်ညိုဝင်း ဖခင်ဆရာကြီး ဦးဘရင်ကလေး ဆွဲပေးတာ၊ မန္တလေးမှာ ဟံသာဝတီထုတ်ဖို့ စီစဉ်နေတုန်း ရှေ့သို့ စာစောင်တာဝန်ခံ ပန်းချီဆရာ ဦးကြည်ဝင်း (ရန်ကင်း) ရဲ့ရုံးကို ဆရာဦးဝင်းတင်လာတုန်းက ကျွန်တော်ရှိနေသည်။ ဆရာဦးဝင်းတင်၏ သူ့စိတ်ကြိုက် ဒီဇိုင်းပုံစံအတိုင်း ကိုကြည်ဝင်း(ရန်ကင်း) ကထုတ်ပေးခဲ့သည်။ ဒီဇိုင်းခလည်း ထိုက်ထိုက်တန်တန်ပေးသွားသည်။ ဘယ်လောက်ဆိုတာတော့ ကိုကြည်ဝင်းတောင်မေ့နေပြီလို့ ပြောဖူးကြောင်း၊ ဆရာဟိန်းလတ်နှင့် ကာတွန်း မြေဇာ၊ ကိုငွေကြည်တို့ကို ကြုံတုန်းကျွန်တော်ရှင်းပြခဲ့ပါသည်။

စကိုင်းစတားခန်းမကြီးထဲကမြင်ကွင်း၊ ကြေးမုံအယ်ဒီတာချုပ်များ၊ သတင်းထောက်ဟောင်းကြီးများ၊ စာရေးဆရာ ပင်တိုင်ဆောင်းပါးရှင်များကို ကြည့်နေရင်း ကြေးမုံနှင့် ကျွန်တော်ပါဝင်ပတ်သက်ဆက်နွှယ်မှုများကို ပြန်လည်စဉ်းစားကြည့်နေမိပါသည်။ ကျောက်မြောင်းဈေးနားမှာ ကြေးမုံစထုတ်တော့ ကျွန်တော်တို့ လူလားမမြောက်သေးပါ။ ကျွန်တော်လည်းကျောက်မြောင်းဈေးအရှေ့က ကျောက်တောလမ်းမှာနေပါသည်။

ကြေးမုံထွက်ထွက်ချင်း တစ်ဟုန်ထိုးလူသိများ၊ လူထုစိတ်ကြိုက်သတင်းစာတစ်စောင်ဘဝမှာ ကျွန်တော်တို့က ကြေးမုံတိုက်ရှေ့မှာ ရစ်သီရစ်သီနှင့်ဝှေ့လှိမ့်ရင်းသွားသွားကြည့်မိနေပါသည်။ အထဲကို မဝင်ရဲပါ။ ကျွန်တော် ထီးတန်းကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်ကို ရောက်သွားတော့ (၅၂) လမ်းသို့ ကြေးမုံရောက်သွားပြီး စာဖတ်ပရိသတ်ကြိုက် သတင်းစာဘုရင်ကြီးဘဝ ရောက်နေပြီ။ ကျွန်တော်ဘွဲ့ရပြီး မန္တလေးဆေးတက္ကသိုလ် မြန်မာစာဌာနမှာ အမှုထမ်းရင်း ဦးလေးလှ (လူထုဦးလှ) ဒေါ်ဒေါ်မာ (လူထုဒေါ်အမာ) တို့ထုတ်ဝေသော "လူထု" သတင်းစာတွင် အနုပညာဆောင်းပါးများစရေးနိုင်ခဲ့သည်။ ရန်ကုန်ပညာရေးတက္ကသိုလ်ကို ပြန်ပြောင်းခွင့်ရတော့ ကြေးမုံကို ကျွန်တော်ဆောင်းပါးတွေပို့ပါသည်။ စာပေဗိမာန်ပန်းချီပြပွဲခေတ် (၁၉၅၈-၁၉၆၂) တစ်လျှောက်လုံး ကြေးမုံသတင်းစာပါ ဆရာဦးဝင်းတင် (ဆရာပေါ်သစ်)၏ ပန်းချီဝေဖန်ရေးဆောင်းပါးများကို ကျွန်တော်တို့ စောင့်ဖတ်ကြရသည်။ ကြေးမုံကြိုက်ပန်းချီကား ကဏ္ဍကိုလည်း ဆရာဦးဝင်းတင်က အထူးဂရုတစိုက်ဖော်ပြသည်ကို ကျွန်တော်တို့ ပန်းချီလူငယ်များ အထူးနှစ်သက်ကြသည်။ ကြေးမုံသို့ စာမူပို့ရင်း ကျွန်တော်တို့ အယ်ဒီတာ ဆရာဦးဝင်းတင်နှင့် ဆရာဦးကြီးမောင်(ငွေဥဒေါင်း)တို့ စားပွဲရှေ့ကို အမြဲရောက်ပါသည်။

မူလက ကြေးမုံကိုရေးသော ဆောင်းပါးများကို ပန်းချီလှတင်ထွန်း ကလောင်နာမည်ကိုသာ သုံးပါသည်။ ဆရာဦးဝင်းတင်ကလည်း စာပေဗိမာန်ပန်းချီပြပွဲက ကျွန်တော့ ဆရာဦးထွန်းညွန့်နှင့် ကျွန်တော်၏ ရေဆေးရေးချက်များ ဆင်တူသည်။ ခေတ်သစ်ရေဆေးရေးဟန်များဖြစ်သည်ဟု (ကျွန်တော်နှင့် မသိကျွမ်းခင်လေးကပင် ဝေဖန်ရေးသားဖူးခဲ့သည်)။ ကျွန်တော်ကြေးမုံကို ဝင်ထွက်လာတော့ ဆရာဦးဝင်းတင် (ပန်းချီဝေဖန်ရေးဆရာပေါ်သစ်) က ကျွန်တော့်စာမူများကို လိုအပ်လျှင် ပြင်ပေးမြဲဖြစ်ပါသည်။ ဆရာ၏ အလှရှာတော်ပုံ စာအုပ်ထုတ်ဖို့စီစဉ်တော့ ကျွန်တော်နှင့် ရှေ့သို့ ကြည်ဝင်း (ရန်ကင်း)တို့ ဝိုင်းကူပေးခဲ့ကြပါသည်။ ထို့ကြောင့် ကျေးဇူးတင်သောစာရင်းတွင် ကျွန်တော်တို့၊ ပေါ်ဦးသက်တို့၊ ရွှေအောင်သိန်းတို့ နာမည်များကို ဆရာက ထည့်သွင်းဖော်ပြပေးခဲ့ပါသည်။

နောက်ပိုင်းကျွန်တော်ကြေးမုံတွင် ရေးသော ယဉ်ကျေးမှုပြတိုက် ပန်းချီကျောင်းစသည်တို့ကို ယဉ်ကျေးမှုဗိမာန်ဦးစီး၊ ထိုစဉ်က ညွှန်ချုပ် ဆရာတိုက်စိုးက ကျွန်တော့်ကိုသိနေရာ မကျေနပ်ကြောင်း ပန်းချီဆရာကြီး အမ်တင်အေးက တခြားကလောင်နာမည်နှင့်ရေးရန် အကြံပြုပါသည်။ မြန်မာစာဌာနမှာ ကျွန်တော် နည်းပြဆရာအမှုထမ်းနေခိုက်ဖြစ်၍ ဆရာမဒေါ်မာလေး (ဆရာဦးဖိုးကျော်မြင့် ဇနီး) က ကိုသန့်စင် ဘာနေ့သားလဲတဲ့၊ သောကြာသားလားတဲ့၊ မဟုတ်ဘူးဆရာမ ကျွန်တော်က ဗုဒ္ဓဟူးသား ဆို၍ 'ဝင်းပ' နာမည်ရွေးပေးခဲ့ပါသည်။ ဝင်းပနာမည်မရသေးမီ ကျွန်တော်က 'မောင်ကြာညွန့်' နာမည်နှင့် စာမူပို့ဖူးပါသည်။ ဆရာဦးဝင်းတင်က ကျွန်တော့်ကို ခေါ်၍ နောင်နှစ်တွေကြာသွားရင် ရတနာပုံခေတ် ပန်းချီတော်ဆရာ မောင်ကြာညွန့်နဲ့ မှားကုန်လိမ့်မယ် ဒီနာမည်မသုံးနဲ့တဲ့။ ထို့ကြောင့် နောက်ပိုင်း 'ဝင်းပ' ကလောင်ကို ဆက်တိုက်သုံးခဲ့ပါသည်။

ကြေးမုံတွင် ဆရာဦးဝင်းတင် စင်တင်ပေးခဲ့သော 'ဝင်း' ကလောင်နှစ်ချောင်းရှိပါသည်။ ပထမ 'ဝင်းမှာ အားကစားကလောင်ရှင် ဝင်းဖေဝင်းဖြစ်ပြီး ဒုတိယ 'ဝင်း' မှာ ကျွန်တော့်ကလောင်'ဝင်းပ' ဖြစ်သည်ဟု ကြေးမုံသတင်းထောက်(ငြိမ်း) ဒေးဒရဲမြတ်ဆွေက အမြဲပြောလေ့ရှိပါသည်။ ယခုတော့ ဒေးဒရဲမြတ်ဆွေကလည်း ဒေးဒရဲဖြုတ်ပြီး မြတ်ဆွေနာမည်နှင့်ပဲ ယခုတိုင် ရေးနေသည်ကို တွေ့ရပါသည်။ ထိုစဉ်က ဓာတ်ပုံကို တင်ကြိုင်၊ ကိုသွင်ဝင်း၊ ကိုထွန်းမင်း၊ ကိုတင်မောင်လတ်(လမ်းမတော်)တို့ကိုလည်း သတိရမိပါသည်။ သူတို့ကိုသတိရမိတော့ လွန်ခဲ့သော ၄၅ နှစ်က ကြေးမုံတိုက်ပေါ်က အဖြစ်အပျက်ကလေးတစ်ခုကို သတိရလွမ်းဆွတ်မိပါသည်။ တိတိကျကျ ပြောရလျှင် ၁၉၇၂ ခုနှစ် ဇူလိုင် ၁၃ရက် ညနေက အဖြစ်အပျက် အမှတ်ရစရာလေးတစ်ခုပါ။

ထိုနေ့ညနေ ၅ နာရီလောက်က (၅၂) လမ်း ကြေးမုံတိုက်သို့ကျွန်တော်ရောက်သွားခဲ့ပါသည်။ နောက်တစ်နေ့ ဇူလိုင် ၁၄ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီပန်းချီသိပ္ပံသို့ ပန်းချီပညာဆည်းပူးရန် ထွက်ခွာမည်ဖြစ်ရာ ကြေးမုံဝိုင်းတော်သားများကို နှုတ်ဆက်ရန်ဖြစ်ပါသည်။ကျွန်တော်ရောက်သွားတော့ ကြေးမုံဝိုင်းတော်သားတွေ ၁၂ ကျပ်တန် ရခိုင်ပုဆိုးတစ်ထည်ကို မဲဖောက်ဖို့ စီစဉ်နေသည်ကို တွေ့ရပါသည်။ ကျွန်တော့်ကိုတွေ့တာနှင့် ကိုတင်မောင်လတ် (လမ်းမတော်)က "ဟာ အတော်ပဲ ခင်ဗျားကံကောင်းနေတယ်။ နိုင်ငံခြားလည်း သွားတော့မှာ ခင်ဗျားလည်း မဲဝင်နှိုက်ဗျာ။ ခင်ဗျားပဲ ပေါက်မယ်ထင်တယ်" တဲ့။ ဒါနဲ့ ကျွန်တော်လည်း ငွေနှစ်ကျပ်ထည့်ဝင်ပြီး မဲဝင်နှိုက်ခွင့်ရပါသည်။ ကိုတင်မောင်လတ်(လမ်းမတော်)၏ဟောကိန်းမှန်လှပါသည်။ နောက်ဆုံးမှ ရောက်လာသော ကျွန်တော်က ရခိုင်လုံချည်လေးကို မဲပေါက်သွားခဲ့ပါသည်။ ထိုရခိုင်လုံချည်လေးကို ပြင်သစ်နိုင်ငံအထိ ယူသွားပြီး အပြင်မထွက်သည့်ရက်များတွင် အမှတ်တရ ဝတ်ဆင်ခဲ့ပါသည်။ ပါရီတွင်ပညာသင်ခရီးသွားဆောင်းပါးများကို ကြေးမုံသို့ ရေးပို့ပါသည်။ ကြေးမုံဖတ် ပန်းချီပရိသတ်က ကျွန်တော်ရေးသားပေးပို့ခဲ့သည့် ဆောင်းပါးများအနက် "အထိမခံရွှေပန်းကန်မိုနာလီဇာ" ကို အထူးစိတ်ဝင်စားခဲ့ကြပါသည်။

ကျွန်တော်ပြန်ရောက်ပြီး'ပါရီပန်းချီခရီးသည်' စာအုပ် ၁၉၇၆ ထုတ်တော့ စာကြေးမုံ ဦးကြီးမောင်(ဆရာငွေဥဒေါင်း)က ဝတ္ထုဟန်နှောခရီးသွားဆောင်းပါးများဟူ၍ ဂုဏ်ပြုရေးသားခဲ့ပါသည်။ ထိုစာအုပ်ကိုလည်း 'ဝင်းပ' ကလောင်နာမည်ဖြင့်ပင် ရေးသားခဲ့ပါသည်။ စံလှစာပေကို စံလှက ထုတ်ဝေ၍ ပုဂံကိုချောက ပုံနှိပ်ပေးပါသည်။စာအုပ်မျက်နှာဖုံးကို ကျွန်တော့်မိတ်ဆွေ ပန်းချီဆရာငှက်ပျောသီးဇော်ဝင်းက ဆွဲပေးခဲ့ပါသည်။

ယခုနောက်ပိုင်းဝင်းပနာမည် ရံဖန်ရံခါသုံး၍ ပန်းချီလှတင်ထွန်းကိုသာ တောက်လျှောက်သုံးခဲ့ပါသည်။ သို့သော်ကြေးမုံကလောင် 'ဝင်းပ' ကိုတော့ အသိမှတ်ပြုခံရနေဆဲဖြစ်ပါသည်။ ဆရာဒေါက်တာဖေမြင့် ဝန်ကြီးမဖြစ်မီကလေးက နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အလှူတော်မင်္ဂလာခန်းမတွင်တွေ့ရာ ကျွန်တော် ပန်းချီလှတင်ထွန်းပါဆရာဟု နှုတ်ဆက်မိပါသည်။ ထိုအခါ ဆရာ(ဝန်ကြီး)က 'ဝင်းပ' မဟုတ်ဘူးလားဟု ပြန်နှုတ်ဆက်စကားကြားရတော့ ဟုတ်ကဲ့ပါဆရာဟု ပြန်ပြောရင်း ကျွန်တော့်ကလောင် ကြေးမုံ 'ဝင်းပ' ကို အသိအမှတ်ပြုခံရ၍ ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ ဆရာဖေ (ထိုစဉ်က ဝန်ကြီးမဖြစ်သေး၍) က ငါ့ကလောင်ဝင်းပကို အသိအမှတ်ပြုလိုက်တာပီတိဖြစ်ရကြောင်း ကျွန်တော့မိတ်ဆွေ ပန်းချီဆရာ စာရေးဆရာများကို ထုတ်ကြွားမိခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော့်ဘဝမှာ 'ကြေးမုံ'က လွမ်းစရာ . . . ပါခင်ဗျား။

# မြို့ပြနှင့်ကျေးလက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**မယ်စဲ့ မေ ၁**
နယ်စပ်ဒေသရှိတိုင်းရင်းသားလူမျိုးများ မြို့ပြနှင့် ကျေးလက်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုမရှိစေရေး၊ ပြည်သူများနှင့်ဌာနဆိုင်ရာများအကြား လုပ်ငန်းများလွယ်ကူချောမွေ့စွာ ချိတ်ဆက်လုပ်ကိုင်နိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို ဧပြီ ၃၀ ရက်က မယ်စဲ့မြို့နယ် မယ်ဆည်နမ်ကျေးရွာအုပ်စု နန့်ပိန်းလိုင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်က ခေတ်စနစ်ပြောင်းလဲမှုနှင့်အညီ ပြည်သူများမှလိုက်ပါပြောင်းလဲဖို့လိုကြောင်း၊ မိမိတို့ဒေသ၏လိုအပ်ချက်များကို လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရေး လျာထားရန်နှင့် ပြည်သူကိုဗဟိုပြု၍ ပြည်သူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် ပြည်သူများနှင့်လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်အောင်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်ပုံစံ(၇)လျှောက်ထားရမည့် နည်းလမ်းများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစံထွန်းအေးက မွေးစာရင်းသေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရာတွင် လိုအပ်သည့်အချက်များကိုလည်းကောင်း၊ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးက ရေဝေရေလဲစိုက်ခင်း၊ ကျောက်ထုတ်လုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်းနှင့် ဒေသခံအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ လမ်းဦးစီးဌာန မြို့နယ်လမ်းဦးစီးမှူး ဦးစိုးဝင်းက နိုင်ငံတကာဆက်သွယ်ရေး၊ လမ်းနယ်နိမိတ်သတ်မှတ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာကောင်းမြတ်သူက ငါးနှစ်အောက်ကလေးသေနှုန်းလျော့နည်းရေးနှင့် ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရေး အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ ဆင်းရဲမှုလျော့နည်းစေရေးအတွက် ပြည်သူများမှ ပူးပေါင်းပါဝင်ရန်လိုကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူးဒေါ်စောဝတ်ရည်က ကျေးရွာစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အားလပ်ချိန်တွင်စာပေလေ့လာဖတ်ရှုကြရန်ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မျိုးစေ့ပြောင်းလဲစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာသော ဒေသခံပြည်သူများ၏ မေးမြန်းမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပြန်/ဆက်ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



## သောက်သုံးရေခက်ခဲသောကျေးရွာများသို့ ရေများလှူဒါန်း

**မောက်မယ် မေ ၁**
နွေရာသီ တောင်ပေါ်ဒေသအချို့ကျေးရွာများတွင် ကျေးရွာနေတိုင်းရင်းသားပြည်သူများသောက်သုံးရေခက်ခဲသည့် ပြဿနာများ ရင်ဆိုင်ကြုံတွေ့နေရသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စု ကျေးရွာများရှိ ပန်တခွါးကျေးရွာ၊ လွိုင်ဆမ်ဆစ်ကျေးရွာ၊ ဖာစန်းကျေးရွာ၊ လွိုင်ခွမ်ရွာဟောင်းကျေးရွာတို့သို့ မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေး ဦးမိုးဇော်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါ်ဆိုင်ဟိန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က ဧပြီ ၃၀ ရက်တွင် မီးသတ်ကားအပါအဝင် ကားသုံးစီးဖြင့် အိမ်ပေါင်း ၆၀၀ ခန့်အား သောက်သုံးရေ ဂါလန်ပေါင်း ၆၀၀၀ ကျော်ကို သွားရောက်ပေးပို့ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ကျန်ရှိနေသေးသော သောက်သုံးရေခက်ခဲသည့် ကျေးရွာများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က ပြောကြားသည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**

## သဘာဝပတ်ဝန်းကျင်များကို တစ်သက်စာစားမကုန်အောင် ပြစား

**ကသာ မေ ၁**
ကသာဒေသ ခရီးသွားလုပ်ငန်းအသစ် ဖော်ထုတ်နိုင်ရေးဆွေးနွေးပွဲကို ကသာမြို့ အရေးပိုင်မင်းနေအိမ်တွင် ဧပြီ ၃၀ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ မြို့နယ်များတွင် သဘာဝခရီးသွားလုပ်ငန်းများလုပ်ကိုင်ရန် သဘာဝအရင်းအမြစ်များစွာတည်ရှိပြီး ဖော်ထုတ်လုပ်ကိုင်ခြင်းမရှိသေးသည့် နေရာများစွာကို ခရီးသွားလုပ်ငန်းအသစ်များဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသခံပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သဖြင့် သဘာဝခရီးသွားဒေသများ ဖော်ထုတ်နိုင်ရေး ဒေသခံပြည်သူများ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်မည့်သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ တောတွေတောင်တွေ အများကြီးရှိတယ်။ သဘာဝခရီးသွားလုပ်ငန်းသာ ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်မယ်ဆိုရင် တိုင်းဒေသကြီးမှာ လေ့လာစရာတွေအများကြီးရှိတယ်။ ကသာခရိုင်အတွင်းမှာဆိုရင် တောတိုင်းမှာ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်ဖို့ Camp တွေလုပ်မယ်။ ကျောင်းသား ကျောင်းသူတွေကို သစ်တောသစ်ပင်တွေကို ချစ်တတ်အောင်လုပ်မယ်လို့ မှန်းထားတယ်။ ဒါမှ ရေရှည် တည်တံ့ခိုင်မြဲမယ်။ ကသာမှာဆို အရေးပိုင်အိမ် (၁၂) လုံးရှိတယ်လို့ သိရတယ်။ ဗန်းမောက်၊ ဇလုံတောင်သဘာဝပတ်ဝန်း ကျင်တွေ မပျက်စီးသေးဘူး။ ပြန်လည်ထိန်းသိမ်းပြီး သဘာဝခရီးသွားလုပ်ငန်းတွေ လုပ်ကိုင်မယ်။ အခုနောက်ပိုင်းမှာ သဘာဝပတ်ဝန်းကျင်တွေကို ရောင်းမစားဘူး၊ တစ်သက်စာစားမကုန်အောင် ပြစားသွားမှာပါ” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။

ကသာဒေသ ခရီးသွားလုပ်ငန်းဖော်ထုတ်နိုင်ရေး ညှိနှိုင်းအစည်းဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကသာဒေသခရီးသွားလုပ်ငန်းသစ် ဖော်ဆောင်ရေးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ခိုင်ကမ်းမြို့ပြစီမံကိန်းများအား စစ်ဆေး



**ခိုင်ကမ်း မေ ၁**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ချင်းပြည်နယ်အတွင်းရေးမှူးတို့လိုက်ပါလျက် ဧပြီ ၃၀ ရက် ညနေ ၄ နာရီက တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ စုပေါင်းရုံးဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ခိုင်ကမ်းမြို့ မြို့ပြစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့အုပ်ချုပ်ရေးမှူး ဦးမာန်နိုင်းနှင့် တီးတိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်တို့က မြို့ပြစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခိုင်ကမ်းမြို့သည် တီးတိန်မြို့နယ်မှ မြို့အဖြစ် အသစ်တိုးချဲ့ဖွဲ့စည်းထားသည့်မြို့ဖြစ်ပြီး ယနေ့အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပညာရေးဦးစီးဌာန စသည့်ဌာနများက ရုံးများ စတင်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။ **(မြို့ပြန်/ဆက်)**

## မီးဘေးကြိုတင်ကာကွယ်ရေးမီးငြိမ်းသတ်နည်းသရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ရေဦး မေ ၁**
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ရေဦးမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းကာ ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီက မြို့မစည်ပင်သာယာဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးဘေးသတိပေး မြေစိုက်ပိုစတာ စိုက်ထူခြင်းလုပ်ငန်းများ ပြုလုပ်ခဲ့သည်။

မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးရန်ပိုင်ဖြိုးဦးဆောင်ကာ သန္ဓေတပ်ဖွဲ့ဝင်များ၊ ရပ်ကျေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးအကြောင်းသိကောင်းစရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဈေးသူ၊ ဈေးသားများ၊ ဈေးပတ်ဝန်းကျင်နှင့် ဈေးဝယ်သူများထံ ဖြန့်ဝေပေးခဲ့ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးဖြိုးအောင်က မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြု မီးသတ်နည်းများရှင်းပြခဲ့ပြီးနောက် စည်ပင်ရုံးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသည်များကိုယ်တိုင် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်မှု လေ့ကျင့်ခဲ့သည်။

သရုပ်ပြရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ထွေး၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ညွှန့်ဆွေ၊ စည်ပင်ရုံးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူ ဈေးသားများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် တာဝန်ရှိသူများက ဈေးတွင်း၊ ဈေးပြင်ရှိ မီးသတ်ရေကန်၊ ရေစုပ်စက်နှင့် ရေထွက်ငုတ်များ၊ မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး မြို့နယ်တာဝန်ရှိသူများက ကျောင်းကြီးလမ်းနှင့် အလယ်လမ်းလမ်းဆုံအနီးမြေကွက်လပ်၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေး ဆိုင်းဘုတ်စိုက်ထူရာသို့ သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**



## သင်္ကြန်မတိုင်ခင်က အရောင်းတွင်ခဲ့သလောက် သင်္ကြန်အပြီးတွင် ကိုယ်ရောင်းထားသည့်ရွှေ ကိုယ်ပြန်ဝယ်ရုံလောက်သာ အလုပ်ဖြစ်နေ

**မုံရွာ မေ ၁**
မုံရွာမြို့ ရွှေဆိုင်အများစုသည်သင်္ကြန်မတိုင်ခင်ကအရောင်းတွင်ခဲ့သလောက် သင်္ကြန်အပြီးကာလတွင်ကိုယ်ရောင်းထားရသည့် ရွှေကို ပြန်ဝယ်ရုံလောက်သာအလုပ်ဖြစ်နေကြောင်း မုံရွာမြို့ ချင်းတွင်းရတနာဈေး ရွှေဆိုင်ပိုင်ရှင်အများစုထံမှ သိရသည်။

“သင်္ကြန်မတိုင်ခင်ကထက် အခု ဧပြီ ၂၈ ရက်မှာ ရွှေတစ်ကျပ်သားကျပ် ၂၀၀၀၀ ဝန်းကျင် ခုန်တက်သွားပေမယ့် ရွှေဆိုင်အတော်များများထိုင်နေကြရတယ်။ အလုပ်မဖြစ်ကြဘူး။ အခုအချိန်မှာ ကိုယ်ရောင်းထားတဲ့ရွှေကို ရွှေဆိုင်အတော်များများက ပြန်ဝယ်နေကြရတာပါ။ ရွှေတုံးရွှေခဲတွေကတော့ မန္တလေးရွှေဈေးကွက်ကိုမှီခိုနေရတော့ မုံရွာရွှေဆိုင်တွေအနေနဲ့ ရွှေလိုရင် မန္တလေးမှ လှမ်းဝယ်ရသလို ရွှေပို့နေရင်လည်း မန္တလေးကိုထုတ်ရတာတွေရှိတာပေါ့။ မုံရွာကို ရွှေတုံးရွှေခဲတွေ တိုက်ရိုက်ဝင်တာရှိပေမယ့် ဖြုန်းအားထက်ပိုရင် မန္တလေးကိုပို့ပေးရတယ်။ ဥပမာမုံရွာကို တစ်ရက်ရွှေ သုံးပိဿာဝင်တယ်ဆိုရင် မကုန်တဲ့အတွက် မန္တလေးကို ပို့ပေးရတာတွေရှိသလိုပေါ့” ဟု မုံရွာရွှေဆိုင်ပိုင်ရှင် ကိုလေးက ရှင်းပြသည်။

ပြီးခဲ့သည့်နှစ်ထက် ယခုနှစ်သည် ပဲစင်းငုံဈေးမကောင်းသလို လက်ရှိတွင် ကွမ်းရွက်ဈေးနှုန်းမှာလည်းကျဆင်းနေပြီး ရွှေဝယ်ခွန်ကောက်မည်ဟူသောသတင်းကြောင့် ပြီးခဲ့သည့်နှစ်သင်္ကြန်အပြီးကာလကထက် ရွှေအရောင်းအဝယ် သိသိသာသာပါးနေကြောင်းသိရသည်။ ရွှေအရောင်းအဝယ်ပါးခြင်းနှင့်အတူ ရွှေဈေးမှာလည်းမြင့်တက်နေကြောင်း မုံရွာရွှေဆိုင်များမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကွမ်းခြံကုန်းမြို့နယ်လက်ခုပ်ကုန်းကျေးရွာတွင်းလမ်းခင်း

**ကွမ်းခြံကုန်း မေ ၁**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာအုပ်စု လက်ခုပ်ကုန်းကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေဖြင့် ကျေးရွာတွင်းလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြောင်း သိရသည်။

ယခင်က သဲလမ်းမှ ဂဝံကျောက်လမ်းသို့ အဆင့်မြှင့်တင်ခင်းခြင်းဖြစ်သည်။ လမ်းအရှည် ပေ ၃၀၀၀၊ အကျယ် ၁၂ ပေနှင့် ဒုခြောက်လက်မရှိသည်။ လမ်းခင်းခြင်းလုပ်ငန်းအတွက် စီမံကိန်းထောက်ပံ့ငွေကျပ် ၂၃၈၄၀၀၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်းကို မေ ၇ ရက်တွင် အပြီးသတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းခင်းခြင်းလုပ်ငန်းပြီးဆုံးပါက လုပ်ငန်းနှင့်ပတ်သက်၍ လူထုစစ်ဆေးပွဲကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

**ဒီးမော့ဆို မေ ၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ဧပြီ ၃၀ ရက် ညနေ ၅ နာရီက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် သေးဆူလဲရွာသစ်ကျေးရွာ စိန်ဂျိုးဇက်ဓမ္မာရုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်ကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးဘာသာပေါင်းစုံရှိရာ မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရားများကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ကြသည်ကို ကြည်နူးဖွယ်တွေ့မြင်ရပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဓမ္မာရုံအတွက် အလှူငွေ ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။ အဆိုပါအဆောက်အအုံသည် အလျား ပေ ၁၂၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၅ ပေ ရှိပြီး ကျေးရွာပြည်သူလူထုနှင့် အလှူရှင်များထည့်ဝင်ငွေကျပ်သိန်း ၄၀၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် အားလုံးလက်တွဲပူးပေါင်းပါဝင်

**ဘားအံ မေ ၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့ကြောင်းသိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒုတိယအကြိမ် ရန်ပုံငွေ ၁၅၂ ဒသမ ၆၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ထီလုံ-တညင်းကုန်း-တာပေါင်လမ်း ၁ မိုင် ၄ ဖာလုံကတ္တရာလမ်းအား ကြည့်ရှုစစ်ဆေးပြီး လမ်းဦးစီးဌာန ကရင်ပြည်နယ်မှ တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိသော လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်း ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးမှူး ဦးသောင်းဟန်စိုးနှင့် တာဝန်ရှိသူများက ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်းလျာထားချက်များအား ရှင်းလင်းတင်ပြသည်။

လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်းသည် ၁၈ ပေအကျယ်၊ လမ်းမိုင်အရှည် ၂၅ မိုင်ရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အမာခံမြေသားလမ်းနှင့် ကတ္တရာလမ်း ၂ မိုင်ခင်းပြီး ကျန်ရှိသည့် ၂၃ မိုင်အား ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် နယ်မြေခံငြိမ်းချမ်းရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရှမ်းရွာသစ်မြို့ သံန္တိသုခဘုန်းတော်ကြီးကျောင်း၌ တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် အတိုင်းအတာအလိုက် ဖြည့်ဆည်းပေးနိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးကို တတ်နိုင်သမျှ သင်ကြားကြစေလိုကြောင်း၊ ရှမ်းရွာသစ်မြို့သည် ယခင်က အနက်ရောင်နယ်မြေဖြစ်ပြီး ယခုအခါ ငြိမ်းချမ်းရေးဖြစ်တည်တိုးတက်လာသည်နှင့်အမျှ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် အားလုံး လက်တွဲပူးပေါင်းပါဝင်ကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းရွာသစ်မြို့ ခရီးသွားကဏ္ဍလေးကြိုကော်ရေတံခွန်၊ ပရေကြေတို ရေတံခွန်နှင့် ကြားအင်းရေပူစမ်းတို့အား သွားရောက်ကြည့်ရှုခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နတလ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၁၀ ဖြင့် ဆောင်ရွက်ခဲ့သော ကမော့လဲ(ကျောင်း)-ကြာအင်းကျေးရွာချင်းဆက် ကတ္တရာလမ်းနှစ်မိုင်အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကျောက်ဖြူမြို့ နဒီသောင်ယံကမ်းခြေတစ်လျှောက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ကျောက်ဖြူ မေ ၁**

ကျောက်ဖြူခရိုင် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့်တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ပညာရေးကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ စုစုပေါင်းအင်အား ၁၅၀၀ ခန့်သည် ဧပြီ ၂၉ ရက် နံနက် ၇ နာရီက ကျောက်ဖြူမြို့ ပွိုင့်ကမ်းခြေ၊ ဦးဥတ္တမပန်းခြံ၊ နဒီသောင်ယံကမ်းခြေတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။



မိဘပြည်သူများ နံနက်ပိုင်း၊ ညနေပိုင်းတွင် ကိုယ်လက်လှုပ်ရှားမှုများနှင့် လမ်းလျှောက်အပန်းဖြေသည့် နေရာတစ်ခုလည်းဖြစ်သည်။ သင်္ကြန်ကာလတွင်စည်းကမ်းမဲ့စွာစွန့်ပစ်သောအမှိုက်များ၊ ပင်လယ်ပြင်မှ မျောပါလာသောအမှိုက်သရိုက်များကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ရခြင်းသည် (နဒီသောင်ယံ) ပင်လယ်ကမ်းခြေသန့်ရှင်းသာယာလှပစေရန်နှင့် ကမ်းခြေတစ်လျှောက် ပြည်သူများ ပျော်ရွှင်စွာသွားလာနိုင်စေရန် ရည်ရွယ်၍ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးကူညီစောင့်ရှောက်ပေး

**လှိုင်းဘွဲ့ မေ ၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ ဒေသခံပြည်သူများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဧပြီ ၂၉ ရက် နံနက်ပိုင်းက မြို့မပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးကူညီစောင့်ရှောက်မှုများပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် အရိုးရောဂါ၊ သွားရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ ကလေးရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင် ဒေသခံပြည်သူ ၁၅၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများနှင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သောလူနာများအား မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဒေသခံများအား ကျန်းမာရေးကူညီစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**



ouf,fkdjifrvmeltifuqif;a&; toyfhmay;yukefuktta&;f c½kdr*vmawmifhefU,fodzLrDxm;&yfuufuf&yfuufr®kd {lyD25&ufnae4em&DuifyEml,fwyfzLS&rSifrmifD toyfhmay;a[majymcuifofoonf

**ကျော်စိုးမိုး**

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲနှင့် သန့်ရှင်းရေးလုပ်အားပေး



**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧပြီ ၃၀ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် မင်္ဂလာဒုံ စစ်ဆေးရုံကြီးတို့တွင် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ဦးဆောင်ကာ ပြုလုပ်ခဲ့သည်။

"မြောက်ဥက္ကလာပဆေးရုံမှာ သန္တေနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၊ မင်္ဂလာဒုံစစ်ဆေးရုံမှာ ၇၀ စုစုပေါင်း ၁၇၀ သွေးလှူဒါန်းပါတယ်။ သွေးလှူဒါန်းတဲ့ရဲဘော်တွေကို ညွှန်ကြားရေးမှူးချုပ်နဲ့ တာဝန်ရှိသူတွေက အားဖြည့်အစာအာဟာရများ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်" ဟု ဦးစီးအရာရှိ ဦးကျော်လွင်ဦးက ရှင်းပြသည်။

မြောက်ဥက္ကလာပဆေးရုံကြီးနှင့် မင်္ဂလာဒုံစစ်ဆေးရုံတို့တွင် မီးသတ်ဦးစီးဌာန ဌာနချုပ်နှင့် သင်တန်းကျောင်းမှတပ်ဖွဲ့ဝင် ၁၀၀၊ အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်မှ တပ်ဖွဲ့ဝင် ၂၀၀ စီ၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်မှ တပ်ဖွဲ့ဝင် ၁၀၀ စီ စုစုပေါင်း ၇၀၀ တို့က ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် ညွှန်ကြားရေးမှူးများ၊ ခရိုင်မှူးများက ကြည့်ရှုအားပေးခဲ့ကြသည်။ "မြောက်ဥက္ကလာဆေးရုံဝင်းက ၂၉ ဧကကျော် ကျယ်ဝန်းတဲ့အတွက် သန့်ရှင်းရေးဆောင်ရွက်ရာမှာ အခက်အခဲရှိပါတယ်။ အခုလို မီးသတ်ဦးစီးဌာနက စုပေါင်းပြီး သန့်ရှင်းရေးလုပ်အားလာပေးတာ ကျေးဇူးတင်ရှိပါတယ်" ဟု ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက ပြောသည်။

**၁၉၇**

# လက်တွေ့အသုံးချဆေးနည်းတိုများ(၂၃)

ကြည်လွင်မြင့်(မုဒြာ)



**ဆရာရှင့်၊ နနွင်းကို ဒီအတိုင်းသောက်လို့ ရသလား ရှင့်။ နနွင်းလုံးက ဘာတွေထည့်လုံးရပါသလဲရှင့်။ ဘယ်အချိန်သောက်ရသလဲ။ ဘာအကျိုးအာနိသင် ရှိသလဲရှင့်။**

နနွင်းမှုန့်စစ်စစ် (ဆန်မှုန့်လွတ်နနွင်း) ဝယ်ပြီး ဒီအတိုင်းသောက်လို့ရပါတယ်။ ကော်ဖီဇွန်းသေး တစ်ဇွန်းမောက်မောက် သောက်ပါ။ နနွင်းမှုန့်ကို ပျားရည်နဲ့ လုံးပြီးလည်း သောက်ကြတယ်။ ရွှေးကြီးစေ့လောက် သုံးလုံးကနေ ငါးလုံးအထိ အသက်အရွယ် ခန္ဓာကိုယ် အပိန်အဝ ချင့်ချိန်ပြီးသောက်ပါ။ နနွင်းသောက်တာဟာ သွေးသားသန့်စင်ပြီး အစာအိမ်နဲ့အူလမ်းကြောင်းကိုလည်း အကျိုးပြုပါတယ်။ နနွင်းကို ဟင်းထဲမှာ နေ့စဉ်ထည့်ချက်ရင်လည်း သီးခြားစားနေစရာမလိုပါလို့ဆိုပါတယ်။ နနွင်းစားတာ သူငယ်ပြန်ရောဂါနဲ့ ပါကင်ဆန်ရောဂါခေါ် ခြေတုန်၊ လက်တုန် ရောဂါတွေကနေ ကာကွယ်ပေးပါတယ်။ နနွင်းလုံးဝမစားတဲ့ အနောက်နိုင်ငံတွေမှာ ပါကင်ဆန်ရောဂါ ပိုပြီးအဖြစ်များတယ်လို့ ဆိုပါတယ်။ နနွင်းနဲ့ပျားရည်ကို လောဘကြီးပြီး စားလွန်းရင် အပူများပြီး ဆံပင်ကျွတ်တတ်ပါတယ်။

**ဆရာရှင့်၊ ကားစီးတိုင်း ခေါင်းမူးပြီး တစ်ခါတလေ အန်တတ်ပါတယ်။ အပြင်လေဝင်၊ လေထွက်ကောင်းတဲ့ ကားဆိုရင်တော့ မမူးပါဘူးဆရာ။ ကားမူးမှာစိုးလို့ ခရီးသွားရမှာ ကြောက်နေပါတယ်။ ကားစီးခါနီး ဘာစားရမယ်။ ဘာဆေးသောက်ရမယ်ဆိုတာ ဖြေပေးပါဦး။**

ကားစီးခါနီးမှာ မူးပြီးမအန်အောင် အစားအသောက်ကို အဝမစားပါနဲ့။ ရေကိုလည်း များများမသောက်ပါနဲ့။ ချင်းတက်ကို ပါးပါးလှီးပြီး ရေစိုအဝတ်နဲ့ထုပ်ယူသွားပါ။ ပါးစပ်ထဲမှာ ငုံထားပြီး ချင်းအရည်ကို တဖြည်းဖြည်း မျိုချပေးပါ။ အအန်သက်သာပါတယ်။ ခေါင်းမူးရင် နားထင်နှစ်ဖက်မှာ ချင်းကို ပါးပါးလှီးထားပြီး ကပ်ထားပါ။

**ဆရာခင်ဗျာ၊ ကျွန်တော်တို့ကိုးကွယ်တဲ့ ဘုန်းတော်ကြီးတစ်ပါးမှာ ဆွမ်းခံကြွရင်း ခလုတ်တိုက်မိရာကနေ ဘယ်ဘက်ခြေမဆစ်နာသွားပါတယ်။ ပရုတ်ဆီလိမ်းတာ ရောင်လာပြီး ပိုနာလာပါတယ်။ အဲဒီအနာကြောင့် ခြေမျက်စိထိနာလာပါတယ်။ အထူးကုဆရာဝန်ပြတဲ့အခါ ဂေါက်ရောဂါရှိနေတယ်လို့ သိရပါတယ်။ ပဲပင်ပေါက်တွေ ဘုဉ်းပေးမိလို့ ပိုရောင်လာတာဖြစ်တယ်လို့ သိရတယ်။ အကိုက်အခဲပျောက်ဆေးတွေသောက်ပြီး နေ့မှာ ဝေဒနာသက်သာပေမယ့် ညစာဘုဉ်းမပေးရလို့ ညအခါ အကိုက်အခဲပျောက်ဆေးမသောက်ပါ။ ညနက်တဲ့အခါ အအေးဒဏ်ကြောင့် ပိုပြီးကိုက်ခဲလာတယ်။ အဆစ်ရောင်ရောဂါပျောက် ဆေးနည်းတွေရှိရင် ဖော်ပြပေးပါဆရာ။**

အဆစ်ရောင် အကိုက်အခဲမှန်သမျှက မျှစ်၊ မျှစ်ချဉ်၊ ပဲပင်ပေါက် စတာတွေနဲ့ မတည့်ပါ။ လေပူစာတွေ၊ အုန်းထမင်း၊ ဒံပေါက်၊ ဒူးရင်းသီး စတာတွေနဲ့လည်း မတည့်ပါ။ အနီရောင်ရှိတဲ့အသား၊ ခြေလေးချောင်းသား၊ ဝမ်းတွင်းသားတွေနဲ့လည်း မတည့်ပါ။ အဆစ်ရောင် ပျောက်ဆေးနည်းမှာ ပိတ်ချင်းသီး၊ ငရုတ်ကောင်း၊ ကံ့ကော်ဝတ်ဆံ၊ ဆောင်မေခါ၊ စမုန်မျိုးငါးပါး၊ သစ်ကြံပိုး၊ ကရဝေးရွက်၊ ပန်းဥ၊ ပန်းမ ၅ ကျပ်သားစီနှင့် တောင်မရိုးခေါက် ၂၅ ကျပ်သား စသည်တို့ကို စုဆောင်းပြီး အမှုန့်ကြိတ်ပါ။ ရရှိတဲ့ဆေးမှုန့်ကို ၅ ကျပ်သားခွဲပြီး ပျားရည်စစ်စစ် ၁၀ ကျပ်သားနဲ့ရောတေပြီး ပြုလုပ်ပါ။ ဟင်းစားဇွန်း တစ်ဇွန်း တစ်နေ့တစ်ကြိမ် စားနိုင်ပါတယ်။ လေးဖက်နာ အမြစ်ဖြတ်ဆေး၊ တောင်မရိုးဆေးကြီးလို့ ရှေးဆေးကျမ်းတွေမှာ ဖော်ပြထားတဲ့ ဆေးကောင်းဖြစ်ပါတယ်။

**စောင်းလျားသီး ဆေးဖက်ဝင်ပုံတွေကို သိပါရစေ။**

ကုန်းဘောင်ခေတ်မှာ မြန်မာတို့ရဲ့ အစောဆုံး သိပ္ပံပညာရှင်လို့ဆိုကြတဲ့ ယောမြို့စားအတွင်းဝန် ဦးဖိုးလှိုင် ပြုစုရေးသားခဲ့တဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ စောင်းလျားသီးအစိမ်းသည် ချဉ်၏၊ ပူ၏၊ စပ်၏၊ ဝမ်းမီးချက်ပြီးနောက်ပူ၏။ စပ်၏။ သည်းခြေကို ပျောက်စေတတ်၏။ လေကိုနိုင်၏လို့ ဆိုထားတာကို တွေ့ရတယ်။ ဝမ်းမီးချက်ပြီးနောက် ချဉ်တဲ့စပ်တဲ့ အရသာရှိတဲ့အစာဟာ ဆီးချိုရောဂါကိုလည်းကုနိုင်လို့ စမ်းသပ်ပြီး ဓာတ်စာအဖြစ် ကျွေးကြည့်ကြပါ။ ကျောက်ကပ်က ကျောက်ကျစေဖို့ စောင်းလျားသီးအမှည့်နဲ့ ငါးပြေမ ရောချက်စားရင် သုံးရက်စားပြီး ကျောက်ကျလာတာကို တွေ့ဖူးပါတယ်။ ဆီးချိုရောဂါအတွက်ဆိုရင် စောင်းလျားသီးအစိမ်းနဲ့ ငါးအမျိုးမျိုး ချက်စားနိုင်ပါတယ်။



**ဆရာကြီးရှင့်၊ သမီးလေးက ခြောက်လပါ။ ဝမ်းသွားပြီး ကိုယ်ပူနေတယ်။ နို့စို့ရင် ပြန်အန်ပါတယ်ဆရာ။ ဘာလုပ်သင့်တယ်ဆိုတာ ကျေးဇူးပြုပြီး ပြောပြပေးပါဆရာ။**

မိခင်အစားမှားရင် အအေးပပ်ပြီး နို့ပူရင် ကလေးအထက်လှန်အောက်လျှောဖြစ်တတ်ပါတယ်။ လက်ဖက်ခြောက်အဖန်ရည် မတ်ခွက်တစ်ဝက်မှာ သကြားဟင်းစားဇွန်းသုံးဇွန်းနဲ့ ဆားလှော် ကော်ဖီဇွန်းတစ်ဝက်လောက်ထည့်ဖျော်ပြီး မိခင်က ကုန်အောင်သောက်ပေးပါ။ မိခင်သောက်ရင် နို့ကတစ်ဆင့် ကလေးမှာ အကျိုးရှိပါတယ်။

**ဆရာ မင်္ဂလာပါ။ သမီးက ကုပ်အကြောက တအားတက်ပါတယ်။ အဲဒီကနေ လက်မောင်းနဲ့ လက်ဆစ်တွေအထိ ကိုက်ပါတယ်ဆရာ။ ဆေးခန်းပြတော့ ဇက်ကျီးပေါင်းလို့ပြောပါတယ်။ မြန်မာဆေးနဲ့ ကုလို့ရပါသလား။ သမီးအသက် ၂၅ နှစ်ပါ။ စာသင်တဲ့အလုပ် လုပ်ပါတယ်။ ဖြေကြားပေးပါရှင့်။**

ဇက်ကျီးပေါင်းသက်သာအောင် ဦးခေါင်းကို ဘယ်လှည့်၊ ညာလှည့် လေ့ကျင့်ခန်း ပုံမှန်လုပ်ပေးပါ။ သဘော်ရွက်ကို ပျော့အောင် ရေနွေးခဏစိမ် ဇက်မှာ ကပ်ပေးပါ။ မုန်ညင်းဆီထဲမှာ ချင်းတက်ထောင်းထည့်၊ မီးနဲ့ချက်ပြီး လက်မောင်းနဲ့ လက်ဆစ်တွေကို လိမ်းပေးပါ။ သက်ရင်းကြီးကို ဆားနဲ့ရောထောင်း၊ အဝတ်နဲ့ ကြပ်ထုပ်ပြုလုပ်ပါ။ ရေနွေးငွေ့ခံပြီး ဇက်နဲ့ လက်ပြင်မှာ ကြပ်ထုပ်ထိုးပေးပါ။

**ဆရာကြီးရှင့်၊ ကျွန်မအမျိုးသားက ကွမ်းစားပါတယ်။ ပြတ်တာတော့ တစ်နှစ်လောက်ရှိပါပြီ။ အခု သွားကိုက်တာ ဆရာဝန်ပြတော့ ပြည်တည်လို့ ဖောက်ထုတ်ထားရပါတယ်။ နောက်ထပ် မဖြစ်အောင် ဆေးနည်းလေးတွေ ပေးပါရှင့်။**

သွားဖုံးပြည်မတည်အောင် အချိုလျှော့စားပါ။ အစာစားပြီးတိုင်း ရေနဲ့ ပလုတ်ကျင်းပါ။ ပုဏ္ဏရိတ်ပန်းပင်ရဲ့ အရွက်၊ အရိုးတွေကို ပြုတ်ပြီး ငုံပေးရင် သွားဖုံးတွေရောင်တာ၊ ပြည်တည်တာ သက်သာစေပါတယ်။



**ဆရာရှင့်၊ ကျွန်မမျက်နှာမှာ ယားပြီး အင်ပျဉ်လို ထွက်လာလို့ပါ။ မျက်နှာ ခဏခဏသစ်ပါတယ်။ မိတ်ကပ်လည်း မလိမ်းပါ။ တစ်ပတ်ကျော်နေပါပြီ။ ဘာဆေးလိမ်းရမလဲဆရာ။**

ခရေပွင့်ခြောက်ကို သနပ်ခါးနဲ့ ရောသွေးပြီးလိမ်းကြည့်ပါ။ သွေးယားနဲ့ အင်ပျဉ်ဆိုရင် သက်သာစေနိုင်ပါတယ်။

**ဆရာရှင့်၊ သားလေးက နှစ်နှစ်နဲ့ လေးလပါ။ ဝမ်းသွားပြီး အန်တယ်ဆရာ။ ရက်နည်းနည်း ကြာပါပြီ။ မပျောက်လို့ ဆေးနည်းလေးပေးပါဆရာ။**

ရေနွေးကြမ်း အဖန်ရည်တစ်ခွက်မှာ သကြား နှစ်ဇွန်းခတ်၊ ဆားလှော်အနည်းငယ်ထည့်တိုက်ပါ။ ကလေးကို မာတဲ့အစားအစာ မကျွေးပါနဲ့။ ဆန်ပြုတ်ထဲ ပဲရာဇာအနည်းငယ်ထည့်ပြုတ်ပြီး ခပ်ကျဲကျဲတိုက်ပေးပါ။

**ဆရာခင်ဗျ၊ ကျွန်တော်က သက်သတ်လွတ် စားတဲ့သူပါ။ အသီးအနှံတွေက အအေးစာဖြစ်လို့ ဆောင်းရာသီမှာ စားရင် အစာမကြေဘူးလို့ပြောပါတယ်။ အသားလည်းမစားသူဖြစ်တဲ့အတွက် ဘယ်လို စားသုံးသင့်တယ်ဆိုတာ ဖြေကြားပေးပါ။**

အသီးအနှံအတော်များများဟာ အအေးစာဖြစ်တဲ့ အပြင် လေပွစေတဲ့အစာတွေဖြစ်တဲ့အတွက် ပူပူနွေးနွေး စားသင့်ပါတယ်။ အေးစက်နေတဲ့ အစာမှန်သမျှ လေပွစေနိုင်ပါတယ်။ ပန်းဂေါ်ဖီထုပ်လို အစာတွေက လေပွစေတဲ့အစာတွေဖြစ်ပေမယ့် ကြော်လှော်ပြီး ပူပူနွေးနွေး စားရင် လေမပွတဲ့အပြင် အစာကြေလွယ်ပါတယ်။ မြန်မာထမင်းဟင်း အရောင်းဆိုင်တွေမှာ ဟင်းအေးတွေ ရောင်းချတဲ့အတွက် အေးတဲ့ရာသီမှာစားရင် အစာမကြေရင်ပြည့်၊ ရင်ကယ် ဖြစ်လေ့ရှိပါတယ်။ တရုတ်အစားအစာ ရောင်းချတဲ့ဆိုင်တွေမှာ ပူပူနွေးနွေး ချက်ပြုတ်ကြော်လှော်ပြီး ရောင်းချတဲ့အတွက် အစာမကြေဖြစ်ခဲပါတယ်။ ချင်းကိုလည်း များများအသုံးပြုတာ တွေ့ရပါတယ်။ ချင်းများများထည့်ချက်ထားတဲ့ အစားအစာတွေမှ (သီတ) ဓာတ်ကို ဖျက်ပြီး (OPS) အစာကြေစေတဲ့ အပူဓာတ်ကို ဖြစ်စေပါတယ်။ ဆောင်းရာသီမှာ ချင်းကို ပိုစားသင့်ပါတယ်။ ရှေးလူကြီးတွေက ရုံးပတီသီး၊ ခရမ်းသီးတွေကို အအေးစာဖြစ်လို့ ငရုတ်ကောင်းမှုန့်ထည့်ချက်ကြတာ တွေ့ဖူးပါတယ်။ ရိုးရာဆေးပညာနဲ့ အာယုဗေဒဆေးပညာမှာ ငရုတ်ကောင်း၊ ချင်း၊ ပိတ်ချင်း သုံးမျိုးကို အစပ်သုံးပါးဆိုပြီး အစာကြေစေဖို့ ဟင်းခတ်အမွှေးအကြိုင်အဖြစ်သုံးစွဲတာ တွေ့ရတယ်။



**ဦးခေါင်းမှာ ဗောက်ထပြီး ယားတာ ဘယ်လိုလုပ်ရမလဲဆရာ။**

ကြက်သွန်နီဥ ထက်ခြမ်းခြမ်း ဦးရေပြားထဲထိ စိမ့်ဝင်အောင် ပွတ်ပေးပါ။ နာရီဝက်လောက်ပွတ်ပြီး နောက်ခေါင်းလျှော်ပစ်ပါ။ နေ့စဉ် ခုနစ်ရက်လောက် ပုံမှန်ပြုလုပ်ပေးရင် ဗောက်ပျောက်ပါတယ်။

**ကြက်သွန်ဖြူကို ဆေးဖက်ဝင်တယ်ဆိုလို့ စားချင်ပါတယ်။ ကြိုက်လည်းကြိုက်ပါတယ်။ ဒါပေမယ့် စားပြီးပါးစပ်နံလို့ ဘယ်လိုလုပ်ရပါမလဲ ဆရာ။**

ကြက်သွန်ဖြူစားပြီး ပါးစပ်နံရင် ကွမ်းယာမှာထည့်တဲ့ စမုန်စပါးကို ဝါးစားပါ။ လေးညှင်းပွင့်နဲ့ ရောစားရင် ပိုပြီး အနံ့ပျောက်ပါတယ်။ အလွယ်နည်းကတော့ ကြက်သွန်ဖြူစားပြီး ဆန်စေ့တွေကို ဝါးပြီး ထွေးပစ်ပါ။ အနံ့ပျောက်ပါတယ်။

**မျက်နှာမှာ ဝက်ခြံဖု အကြီးကြီးတစ်ဖုပေါက် နေပါတယ်။ ဘာဆေးသုံးစွဲရမလဲ ဆရာ။ (ဆေးပူတွေလိမ်းရင် မည်းကျန်ခဲ့မှာ စိုးလို့ပါ။)**

မြင်းခွာရွက်ကို ကြိတ်ပြီး ဝက်ခြံဖုပေါ်မှာ အုံပေးပါ။ နုလျှင်ကြေ၊ ရင့်လျှင် ပေါက်သွားပါလိမ့်မယ်။ အမာရွတ်လည်း မထင်ပါ။

**ဆရာ ကျွန်တော့်မှာ မျိုးရိုးလိုက်တဲ့ ရင်ကျပ်ပန်းနာရှိပါတယ်။ အထူးသဖြင့် ဆောင်းရာသီမှာ ပြန်ဖြစ်လေ့ရှိပါတယ်။ အစားမှားရင် ဖြစ်လေ့ရှိတယ်။ အခု ဒန့်သလွန်သီး ခြံထဲမှာသီးနေတာ စားချင်စိတ်ဖြစ်လို့ ရင်ကျပ်ရောဂါနဲ့ သင့်၊ မသင့် သိလိုပါတယ်ဆရာ။**

ဒန့်သလွန်သီးက ရင်ကျပ်ရောဂါနဲ့သင့်ပါတယ်။ ချဉ်ရည်ဟင်း၊ ပဲကုလားဟင်းချက်စားရင် ပိုသင့်ပါတယ်။ ဥတုဘောဇနသင်္ဂဟကျမ်းမှာ ဒန့်သလွန်သီးသည် စိမ့်၏။ လွန်စွာဝမ်းမီးတောက်စေတတ်၏။ ဒေါထိုးရင် ကျပ်နာ၊ ရင်ဘတ်နာ၊ နူနာ၊ ဓာတ်ကုန်ခန်းသောအနာ၊ ပန်းနာ၊ ဂူနာတို့ကိုနိုင်၏လို့ ဆိုထားတာတွေ့ရပါတယ်။ စိတ်ချလက်ချစားပါ။



# ပါ့ခ်ဘွန်နဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်း မရှိသေးကြောင်း အေဂျင်စီဟောင်း ပြောကြား

တောင်ကိုရီးယားရဲ့ တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “2NE1”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပါ့ခ်ဘွန်ဟာ လတ်တလောမှာ သူ့ရဲ့အေဂျင်စီဟောင်း ဝိုင်ဂျီအန်တာတိန်းမန့်လက်အောက်မှာရှိတဲ့ သယ်ဘလက်လေဘယ်နဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို ပြောကြားခဲ့တဲ့အပေါ် ဝိုင်ဂျီအန်တာတိန်းမန့်က အဖွဲ့ဖျက်သိမ်းခဲ့ပြီးချိန်မှ လက်ရှိအချိန်အထိ ပါ့ခ်ဘွန်နဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းမရှိသေးကြောင်း တုံ့ပြန်ပြောကြားခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

“2NE1”အဖွဲ့ဟာ ပြီးခဲ့တဲ့နှစ် နှစ်ကုန်ပိုင်းမှာ အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ကာ ပရိသတ်တွေအတွက် အဖွဲ့ရဲ့ နှုတ်ဆက်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Goodbye” ကိုလည်း နောက်ဆုံးအနေနဲ့ ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဖွဲ့ဝင်လေးဦးနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ “2NE1” ဟာ အဖွဲ့မဖျက်သိမ်းမီကပင် အဖွဲ့ဝင်တစ်ဦးဖြစ်သူ မင်ဇီဟာ နုတ်ထွက်ကာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်သာ ရပ်တည်တော့မှာဖြစ်ကြောင်းပြောကြားခဲ့တာကြောင့် အဖွဲ့ဖျက်သိမ်းချိန်မှာတော့ သုံးဦးသာ ကျန်ရှိနေသေးတာဖြစ်ပါတယ်။ ယင်းသုံးဦးအနက် စီအယ်လ်နဲ့ ဆန်ဒရာပါ့ခ်တို့က အဖွဲ့ရဲ့အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ကြကာ ပါ့ခ်ဘွန်ကတော့ ချုပ်ဆိုနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ ဧပြီ ၃၀ ရက်မှာတော့ ပါ့ခ်ဘွန်က သူ့ရဲ့လက်ရှိအေဂျင်စီနဲ့ပတ်သက်ပြီး ပရိသတ်တွေက မေးခွန်းထုတ်လာတဲ့အပေါ် သယ်ဘလက်လေဘယ်နဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း ဖြေကြားခဲ့တဲ့အတွက် ဝိုင်ဂျီအန်တာတိန်းမန့်က ယခုလို တုံ့ပြန်ရှင်းလင်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဝိုင်ဂျီအန်တာတိန်းမန့်က ပါ့ခ်ဘွန်အနေနဲ့ သူ့ရဲ့အေဂျင်စီနဲ့ပတ်သက်ပြီး ပရိသတ်တွေကို ထုတ်ဖော်ပြောကြားခဲ့တာတွေကိုလည်း မီဒီယာတွေကိုအသိပေးခဲ့ပါတယ်။ ပါ့ခ်ဘွန်ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာ သူဟာ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ စာချုပ်ချုပ်ဆိုခဲ့ခြင်း ရှိ မရှိကို ဒွိဟဖြစ်စေမယ့် စာသားတွေကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ ဧပြီ ၂၇ ရက်မှာတော့ ဝိုင်ဂျီအန်တာတိန်းမန့်ရဲ့ ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ တက်ဒီကို သူ့ရဲ့ပရိုဂျူဆာအဖြစ် ရေးသားဖော်ပြခဲ့ပြီး ဧပြီ ၃၀ ရက်မှာတော့ သယ်ဘလက်လေဘယ်နဲ့ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း ရေးသာဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုပါ့ခ်ဘွန်ရဲ့ ရေးသားဖော်ပြချက်တွေကို ဝိုင်ဂျီအန်တာတိန်းမန့်ဘက်က အပြင်းအထန်ကန့်ကွက်ခဲ့ကာ စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိကြောင်းလည်း ငြင်းဆိုခဲ့ပါတယ်။ ဒါ့ကြောင့် တောင်ကိုရီးယားပရိသတ်တွေက ပါ့ခ်ဘွန်ရဲ့ အေဂျင်စီသစ်နဲ့ပတ်သက်ပြီး မဝေခွဲနိုင်ဖြစ်နေကြကာ အချို့ကလည်း မဟုတ်မမှန်ပြောကြားခဲ့တဲ့အတွက် ပါ့ခ်ဘွန်အပေါ် အတော်လေး ဒေါသတကြီး တုံ့ပြန်ခဲ့ကြကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# “Lemonade”တေးအယ်လ်ဘမ် တစ်နှစ်ပြည့်အထိမ်းအမှတ် ပညာသင်ဆုပေးအပ်သွားမယ့် ဘီယွန်းစေး

ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဘီယွန်းစေးဟာ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် “Lemonade”ရဲ့ ထုတ်လွှင့်ခြင်းတစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပညာသင်ဆုလေးဆုကို ရွေးချယ်ပေးအပ်သွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ အမ်တီဗီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဘီယွန်းစေးရဲ့ ကြေညာချက်အရ ပညာသင်ဆုကို ကမ္ဘာတစ်ဝန်းမှ အမျိုးသမီးငယ်တွေ ပါဝင်လျှောက်ထားနိုင်ပြီး အားလုံးထဲကမှ အကန့်အသတ်ဘောင်တစ်ခုကို ကျော်လွန်ကာ တွေးခေါ်နိုင်စွမ်းရှိသော၊ ရဲရင့်ပြီး သိလိုစိတ်ပြင်းသော၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော အမျိုးသမီးငယ်များကို ရွေးချယ်ကာ ပေးအပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။

စုစုပေါင်းပညာသင်ဆုလေးဆုကို ပေးအပ်သွားမှာဖြစ်ပြီး ယင်းပညာသင်ဆုရရှိသူတွေဟာ ဘာကလေဂီတကောလိပ်၊ ဟောဝက်ဒ်တက္ကသိုလ်၊ ပါစန်ဒီဇိုင်းကျောင်းနဲ့ ဆဲလ်မန်းကောလိပ်တို့မှာ တက်ရောက်ခွင့်ရမှာဖြစ်ပြီး ကျောင်းတစ်ကျောင်းစီအတွက် ပညာသင်ဆုတစ်ဆုစီ ပေးအပ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ပညာသင်ဆုရရှိသူတွေဟာ သက်ဆိုင်ရာကျောင်းတွေမှာ ၂၀၁၇-၁၈ ပညာသင်နှစ်အတွက် တက်ရောက်ခွင့်ရမှာဖြစ်ပြီး ပညာသင်ဆုကိုတော့ အနုပညာ၊ ဂီတ၊စာပေနဲ့ အာဖရိကန်-အမေရိကန်စာပေလေ့လာနေသော ဘွဲ့ရကျောင်းသူများ ပါဝင်လျှောက်ထားနိုင်ကြောင်းလည်း သိရပါတယ်။

ဘီယွန်းစေးဟာ “Lemonade” တေးအယ်လ်ဘမ်အတွက် အမေရိကန်နိုင်ငံရဲ့ အထင်ကရတေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ၂၀၁၇ ခုနှစ် ဂရမ်မီဆုပေးပွဲကြီးမှာ ထူးချွန်ဆုနှစ်ဆုကို သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

# PSY ၏ တေးအယ်လ်ဘမ်သစ်ထွက်ရှိမည့်ရက် ကြေညာ

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ PSY ရဲ့ တေးအယ်လ်ဘမ်သစ်ဟာတော့ ပရိသတ်ရှေ့ကို ရောက်ရှိလာဖို့အတွက် အတော်လေးကိုနီးကပ်လာခဲ့ပြီ ဖြစ်ပါတယ်။ မကြာသေးမီက တေးအယ်လ်ဘမ်မှာ ပါဝင်သရုပ်ဆောင်ပေးကြမယ့် အနုပညာရှင်တွေအကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တဲ့ PSY က လတ်တလောမှာတော့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်ရက် အတိအကျကို အသိပေးလိုက်ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာမီထွက်ရှိလာတော့မယ့် PSY ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ သူ့ရဲ့ ရှစ်ခုမြောက်စတီရီယိုတေးအယ်လ်ဘမ်ဖြစ်ပြီး လာမယ့် မေ ၁၀ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ မေ ၁ ရက်မှာ PSY က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်ရက်ကို ပရိသတ်တွေနဲ့ မိတ်ဆက်ပေးခဲ့ရာမှာတော့က အမြည်းဓာတ်ပုံတစ်ပုံကိုပါ တွဲဖက်ဖော်ပြခဲ့ပါတယ်။ ယင်းဓာတ်ပုံမှာတော့ “4×2=8”လို့ ရေးသားဖော်ပြထားတာတွေ့ရပြီး အဆိုပါစကားလုံးတွေရဲ့ ဆိုလိုရင်းကိုတော့ PSY က တစ်စုံတစ်ရာ ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ဒါပေမယ့် မကြာမီတေးအယ်လ်ဘမ်ထွက်ရှိချိန်မှာတော့ နားလည်သဘောပေါက်သွားမှာဖြစ်ကြောင်းလည်း အေကေပေ့ါဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

PSY ရဲ့ တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ရဲ့ တေးဗီဒီယိုမှာတော့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ လီဗြောင်ဟွန်းနဲ့ “Apink”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နာအွန်းတို့ပါဝင်သရုပ်ဆောင်ပေးသွားမှာဖြစ်ကြောင်းကိုလည်း ပြီးခဲ့တဲ့ ဧပြီ ၂၆ ရက်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

PSY ရဲ့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ ကမ္ဘာကျော်တေးသီချင်းတွေမှာ အမျိုးသမီးတေးသံရှင်တွေ ပါဝင်အားဖြည့်ထားတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း ထွက်ရှိခဲ့ပြီး PSY ကို ကမ္ဘာကျော်တစ်ဦးဖြစ်လာစေခဲ့တဲ့ “Gangnam Style ”တေးသီချင်းမှာတော့ တေးသံရှင် ဟွန်အကပါဝင်အားဖြည့်ပေးထားတာဖြစ်ပါတယ်။ အဲဒီနောက် “Gentleman”တေးသီချင်းမှာတော့ ဂါအင်က ပါဝင်သီဆိုသရုပ်ဆောင်ပေးခဲ့ကာ နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်း “Daddy”မှာတော့ စီအယ်လ်နဲ့ တွဲဖက်ဖန်တီးထားတာ တွေ့ရပါတယ်။ မကြာမီထွက်ရှိလာမယ့် တေးအယ်လ်ဘမ်သစ်မှာ ပါဝင်နေတဲ့တေးသီချင်းတစ်ပုဒ်မှာတော့ PSY ဟာ နာအွန်းနဲ့ တွဲဖက်သီဆိုထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာတော့ PSY ရဲ့ ရှစ်ခုမြောက်စတီရီယိုတေးအယ်လ်ဘမ်ရဲ့ အသံသွင်းခြင်းလုပ်ငန်းတွေဟာ ပြီးဆုံးသွားခဲ့ပြီဖြစ်ကာ ထုတ်လွှင့်ဖို့အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။








# အောလန်ဒိုဘလွန်းကြောင့် ရခဲ့တဲ့ဒဏ်ရာအကြောင်း ဖွင့်ဟလာတဲ့ နွန်မီရက်ပေ့စ်

ဟောလိဝုဒ်မင်းသမီး နွန်မီရက်ပ်ပေ့စ်က တစ်ခါက မင်းသား အော်လန်ဒိုဘလွန်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့ဖူးကြောင်း မကြာသေးမီက မီဒီယာတွေကို ဖွင့်ဟပြောကြားခဲ့တယ်လို့ အော့စ်ရှူးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသမီးက သူနဲ့အတူ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ အော်လန်ဒိုဘလွန်းဟာ “Unlocked”ရုပ်ရှင်ရိုက်ကွင်းပေါ်မှာ သူ့ကို ဒဏ်ရာရစေခဲ့တာဖြစ်ကြောင်းနဲ့ အော်လန်ဒိုဘလွန်းရဲ့ တံတောင်နဲ့ သူ့ရဲ့နှာခေါင်းကို တိုက်မိခဲ့တာကြောင့် နှာခေါင်းရိုးကျိုးသွားခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ရက်ပေ့စ်က သူနဲ့အော်လန်ဒိုဘလွန်းအကြားမှာ မုန်းတီးတဲ့ဆက်ဆံရေးမျိုးမရှိခဲ့ဘဲ ဒီလိုထိခိုက်ဒဏ်ရာရခဲ့တာဟာ မတော်တဆထိခိုက်မှုသက်သက်သာဖြစ်တယ်လို့လည်း ဆိုခဲ့ပါတယ်။

လတ်တလောမှာ အသက်(၃၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသမီး ရက်ပေ့စ်က “ကျွန်မရဲ့ နှာခေါင်းရိုးကျိုးသွားခဲ့တာပါ။ ဒါဟာ အက်ရှင်ရိုက်ကွင်းပေါ်က မတော်တဆဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုပါပဲ”လို့ ဒဏ်ရာရခဲ့တာနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုဒဏ်ရာရရှိခဲ့တဲ့အပေါ် အော်လန်ဒိုဘလွန်းဘက်က တုံ့ပြန်မှုနဲ့ပတ်သက်ပြီးလည်း မင်းသမီးက အော်လန်ဒိုဘလွန်းဟာ စိတ်မကောင်းဖြစ်သွားပုံရကာ သူ့ကို တောင်းပန်ခဲ့ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

“Unlocked” ရုပ်ရှင်မှာ နွန်မီရက်ပေ့စ်က စီအိုင်အေ စုံထောက်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းရုပ်ရှင်ဟာ ကြောက်စရာကောင်းတဲ့ ဇီဝတိုက်ခိုက်မှုကြီးကနေ လန်ဒန်မြို့ကြီးကို လွတ်မြောက်အောင်ကယ်တင်ပုံတွေကို ရိုက်ကူးပုံဖော်ထားတဲ့ တိုက်ခိုက်ရေးရုပ်ရှင်တစ်ကားဖြစ်ပါတယ်။ အော်လန်ဒိုဘလွန်းကတော့ ယင်းရုပ်ရှင်မှာ MI 5 စုံထောက်တစ်ဦးအဖြစ် ပါဝင်ထားကာ ရက်ပေ့စ်ပါဝင်ထားတဲ့ ဇာတ်ကောင်နဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ “Unlocked” ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်းလာမယ့် စက်တင်ဘာ ၁ ရက်မှစတင်ပြီး ရုံတင်သွားရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။

## မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးပြုလုပ်

**နတ်တလင်း မေ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ သကျမဟာမြတ်မုနိဘုရားကြီးပရိဝုဏ်အတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များကို မေ ၁ ရက် နံနက် ၈ နာရီက (၇၁) ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းသာယာရေး ပြည်သူ့အကျိုးပြုလုပ်ငန်းစုပေါင်းဆောင်ရွက်ကြရာ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်သိန်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး သက်ချိုဦးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀ တို့က သန့်ရှင်းရေးများစုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **ဝ၇၁**

## ပြည်သူ့အကျိုးပြုလုပ်ငန်းများစုပေါင်းဆောင်ရွက်

**ပြည် မေ ၁**

မေ ၅ ရက်တွင်ကျရောက်မည့် (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးအေးကျော်ဦးဆောင်သော တပ်ဖွဲ့ဝင် ၅၀ နှင့် မိသားစုဝင် ၂၀ တို့သည် ဧပြီ ၃၀ ရက် နံနက်ပိုင်းက ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်ရင်ပြင်ပေါ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ပြီး မေ ၁ ရက် နံနက်ပိုင်းတွင် ပြည်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဌာန၌ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့က သွေးလှူဒါန်းခြင်းနှင့် တပ်ဖွဲ့ဝင် ၂၀၀ တို့က ဆေးရုံကြီးပရဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်

**သံတွဲ မေ ၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တော်ရေးရာဝန်ကြီး ဦးကျော်လွင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃၀ ရက် နံနက် ၈ နာရီခွဲက သံတွဲမြို့ ဒွာရာဝတီခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ လာမည့်နှစ်တွင်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ အစိုးရသစ်အနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးများကို ပြည်သူနှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထားပြီး တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများကလည်း ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းခိုင်က ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြပြီးနောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ တိုင်းရင်းသားမျိုးနွယ်စုငယ်များ၏ စာပေ၊ အနုပညာယဉ်ကျေးမှုတို့ ထိန်းသိမ်းရေးအတွက် ပံ့ပိုးကူညီပေးရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ရေးတို့အတွက် တင်ပြကြရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဦးစီးမှူးများက ရှင်းလင်းဖြေကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်နေပြည်သူများအတွက် ဆိုလာမီးအိမ်နှင့် ပုဇွန်ဖြေကျေးရွာအုပ်စု ကျက်သရေကျွန်းကျေးရွာ မူလတန်းကျောင်းပြုပြင်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းခိုင်နှင့် ပုဇွန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမင်းသူတို့က လက်ခံရယူကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ်အတွင်းရှိ လင်းနို့လိုဏ်ဂူသို့သွားသည့်လမ်း ယခုနှစ်ဆောင်းရာသီဖွင့်လှစ်နိုင်ရေး မြေသားလမ်းဖောက်လုပ်

**ကန့်ဘလူ မေ ၁**

ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီး ဂုံဂါးကြိုးဝိုင်းသစ်တောနယ်မြေအတွင်းရှိ လင်းနို့လိုဏ်ဂူသွားရာ မြေသားလမ်းအရှည် ၅ မိုင် ၂ ဖာလုံအား ယခုနှစ်ဆောင်းရာသီတွင် ဖွင့်လှစ်နိုင်ရေး ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ သဘာဝပတ်ဝန်းကျင်၊ သစ်တောများကို ချစ်ခင်မြတ်နိုးတတ်စေရန်၊ ခြေလျင်တောင်တက်လေ့လာခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သည့် တောတွင်းသင်တန်းများ ပို့ချနိုင်ရေးနှင့် သဘာဝခြေခံခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရန်အတွက် အဆိုပါလမ်းအား ဖောက်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။



"ဒီဒေသက ဘူမိရုပထူးခြားဒေသဖြစ်တာကြောင့် ပြည်ထောင်စုကိုတင်ပြထားပါတယ်။ ကျောင်းသား ကျောင်းသူများအတွက် တောတွင်းလေ့လာစရာအကောင်းဆုံးနေရာတစ်ခုဖြစ်တဲ့အတွက်ရယ်၊ သဘာဝခရီးသွားလုပ်ငန်းဖော်ဆောင်ဖို့လည်း အကောင်းဆုံးနေရာတစ်ခုဖြစ်တာကြောင့် လမ်းသစ်ဖောက်လုပ်ပြီး အခုနှစ်ဆောင်းရာသီမှာ ဖွင့်လှစ်နိုင်ဖို့အတွက် လုပ်ဆောင်နေတာပါ" ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

လင်းနို့လိုဏ်ဂူနှင့် ပတ်ဝန်းကျင်ဒေသတွင် လိုဏ်ဂူ ၄၂ လုံးရှိပြီး ထင်ရှားသည့် လင်းနို့လိုဏ်ဂူ၊ ဦးစောမိုင်းလိုဏ်ဂူ၊ ဝက်ကာလိုဏ်ဂူတို့ထင်ရှားပြီး အဆိုပါလိုဏ်ဂူများတွင် သဘာဝအလျောက်ဖြစ်တည်လျက်ရှိသော ကျောက်ပန်းဆွဲ၊ ကျောက်စားပွဲများတည်ရှိပြီး လင်းနို့လိုဏ်ဂူတွင် လင်းနို့များကျက်စားနေထိုင်ပြီး ပတ်ဝန်းကျင်ဒေသတွင် တောဆင်ရိုင်းများနှင့် သားရဲတိရစ္ဆာန်များ ကျက်စားနေထိုင်လျက်ရှိကြောင်း သိရသည်။


လင်းနို့လှိုင်ဂူသို့ သွားသည့်လမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် သန်း ၅၀၀ ဖြင့် အရှည် ၅ မိုင် ၂ ဖာလုံရှိပြီး မြေသားလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ တံတားအကြီး၊ အသေးခြောက်စင်းအား ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မိုးရာသီအကြို အမှိုက်သရိုက်များရှင်းလင်း၊ ရေစီးရေလာကောင်းမွန်ရေးစုပေါင်းဆောင်ရွက်

**ကော့သောင်း မေ ၁**

ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ယခုနှစ် မိုးရာသီမကျမီ ရေစီးရေလာကောင်းမွန်ရေး မြို့တွင်းလမ်းများ၏ လမ်းဘေးရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းနှင့် အမှိုက်သရိုက်များရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများကို ဧပြီ ၂၉ ရက် မွန်းလွဲပိုင်းက လိုက်လံဆောင်ရွက်ကြကြောင်း သိရသည်။

ကော့သောင်းမြို့သည် တောင်စောင်းတောင်ကုန်းများပေါ်တွင် လူနေအိမ်များ ဆောက်လုပ်နေထိုင်သည့်မြို့ဖြစ်ရာ မြို့နေပြည်သူတချို့ အမှိုက်များအား စည်းကမ်းမဲ့စွာ ရေနုတ်မြောင်းအတွင်း စွန့်ပစ်မှုကြောင့် မိုးရာသီရောက်တိုင်း မိုးရွာသွန်းမှုနှင့်အတူ မြောင်းများပိတ်ဆို့၍ လမ်းပေါ်ရေကျော်မှုဖြစ်ပွားကာ မြို့တွင်းလမ်းများပျက်စီးမှုမဖြစ်ပေါ်ရေး ယခုနှစ်မိုးရာသီမကျရောက်မီ ကြိုတင်၍ ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဘုရင့်နောင်အင်ပူပတ်လမ်းတစ်လျှောက် လမ်းဘေးမြောင်းများအတွင်း အမှိုက်သရိုက်များအား ရှင်းလင်းဖယ်ရှားခြင်း၊ မော်တော်ယာဉ်များဖြင့်သယ်ယူကာ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာသို့ သယ်ယူပို့ဆောင်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်ရေး အမှိုက်များပိတ်ဆို့နေသည့် ရေနုတ်မြောင်းအား တူးဖော်ပေးခြင်း စသည့်လုပ်ငန်းများအား မြို့နေပြည်သူများအကျိုးအတွက် လိုက်လံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



## ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဗန်းမော် မေ ၁**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ လမ်းညွှန်မှုဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဗိုလ်ကြီးထက်ဘုန်းဇော် ဦးစီးဆရာဝန်နှင့် သူနာပြုများသည် ဧပြီ ၂၉ ရက်က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ဗန်းမော်ခရိုင် မံရွတ်ကျေးရွာ၊ အောင်ကျော်ဇေယျ မြသိန်းတန်ဘုရားကြီးမွှာရုံတွင် နံနက် ၈နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်ခဲ့ရာ ကျေးရွာနေပြည်သူများ၏ မျက်စိရောဂါ၊ သွားရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ အဖျားရောဂါ၊ ဒူးနာ/ခါးနာ၊ သွေးတိုး၊ ဆီးချို/သွေးချို၊ ရောဂါဝေဒနာများအား ရှာဖွေစမ်းသပ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကာ ဒေသခံပြည်သူ ၂၀၀ ခန့် ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပြီး ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူရန်လိုအပ်သော လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တစ်ဆင့်လွှဲပြောင်းပို့ဆောင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာသို့ ဗန်းမော်တပ်နယ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်နှင့် တပ်မတော်အရာရှိကြီးများက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သူရိန်စိုး(ကချင်မြေ)**

## အပူဒဏ်ကြောင့် ကျန်းမာရေး ပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများတွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-

(၁) အရိပ်ရ၍အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။

(၂) ရေနှင့်ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။

(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲတိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန်အမြန်ကျစေပါသည်။)

**နီးစပ်ရာဆေးရုံ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**စစ်တွေ မေ ၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရခိုင်ပြည်နယ်တရားလွှတ်တော်၌ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတသောတရားစီရင်ရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီက ပြည်နယ်တရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။




အဆိုပါအခမ်းအနားတွင် ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်က အဖွင့်အမှာစကားပြောကြားပြီး UNDP မှ Rule of Law officer Ms.Natalie Matranga က မွမ်းမံသင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် တရားစီရင်ရေးကဏ္ဍပြောင်းလဲမှုများဆောင်ရွက်ရာတွင် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းများချမှတ်၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် တရားသူကြီးများနှင့် တရားရေးအရာရှိများကိုလည်း တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင်ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် တရားစီရင်ရေးဆိုင်ရာစံနှုန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကိုသိရှိနားလည်ရန်၊ မိမိဌာန၊ မိမိဒေသတွင် ဥပဒေနှင့်အညီလိုက်နာကျင့်သုံးနိုင်စေရန်အတွက် UNDP ၏ပံ့ပိုးကူညီမှုများဖြင့် ယခုလို မွမ်းမံသင်တန်းများကို ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။ မွမ်းမံသင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်မှအမှုထမ်း ၂၅ ဦးတက်ရောက်ကြောင်း သိရသည်။

ယနေ့သင်တန်းဖွင့်ပွဲသို့ ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လေ့ကျင့်ရေးဌာနမှ ညွှန်ကြားရေးမှူး၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(စစ်တွေ)**

## မီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲကျင်းပ

**မြစ်ကြီးနား မေ ၁**

၂၀၁၇ ခုနှစ် မေ ၅ ရက်တွင်ကျရောက်မည့် (၇၁) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မေ ၁ ရက် နံနက် ၇ နာရီမှစတင်ကာ ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှဦးဆောင်၍ မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာနမှူး ဦးစိုးဝင်းနှင့် တပ်ဖွဲ့ဝင်အရာရှိများ ကြီးကြပ်ကာ ဆေးရုံရှေ့မျက်နှာစာ မြက်များအပြောင်ရှင်းလင်းခြင်း၊ ဆေးရုံဝင်းအတွင်း ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ဆေးရုံတက်လူနာများ အပန်းဖြေစိတ်သက်သာမှု ရရှိစေရန် ပန်းအလှပင်များစိုက်ပျိုးခြင်း ပြုပြင်မွမ်းမံခြင်းနှင့် ရေစီးရေလာကောင်းမွန်ရန် ရေမြောင်းများဖောက်လုပ်ခြင်းတို့ကို သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၇၁ ဦးက တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဂုဏ်ပြုသွေးလှူဒါန်းပွဲကို အဆိုပါဆေးရုံရှိ အမျိုးသားသွေးလှူဘဏ်ခန်းမ၌ ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းနှင့် သွေးလှူဒါန်းပွဲသို့ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။

အလားတူ မိုးညှင်းခရိုင် မီးသတ်တပ်ဖွဲ့ဦးစီးဌာနမှလည်း (၇၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့ ပြည်သူ့ဆေးရုံ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘိုးဘွားရိပ်သာများတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ဘယ်အချိန်မှာ ထားရစ်သူ ဖြစ်လာမလဲ

**သန်းတင်အောင်(ကြေးမုံ)**

လူဘဝမှာ ဘယ်သူကမှ အရေးမပေးပါဘဲ အရာရောက်နေသည်မှာ အချစ်ဆိုတဲ့ကိစ္စဟု တစ်ခါက ဖတ်ဖူးမှတ်ဖူးခဲ့ပါတယ်။ ဒီလိုပဲ ဘယ်သူ ဘယ်ပုဂ္ဂိုလ် ဘယ်လိုလူတန်းစားမှ မျက်နှာသာမပေး အရေးမပါဘဲ အရာရောက်နေတာ တစ်ခုရှိသေးတယ်။ အဲဒါကတော့ မရဏလို့ခေါ်တဲ့ သေခြင်းတရားပဲ ဖြစ်ပါတယ်။ လူဆိုတာ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကာလကြားမှာ ပြေးလွှားရင်းနဲ့ သေဆုံးရတာတွေချည်းပါပဲ။ မိမိသွေးသားကို ဘယ်လောက်ပဲ ငုံထားမတတ်အောင် ချစ်ပါတယ်ဆိုတဲ့ မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ သားသမီး၊ ဆွေမျိုးအပေါင်းအသင်း၊ မိတ်ဆွေ၊ သူငယ်ချင်းအားလုံးကိုလည်း စွန့်ခွာချန်ထားခဲ့ရမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ငယ်စဉ်က ကိုယ့်အိမ်ဝန်းကျင်၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ နာရေးတစ်ခုရှိရင်ပဲ ကိုယ့်အိမ်က သီချင်းနားထောင်ဖို့နေနေသာသာ ရုပ်မြင်သံကြားကြည့်ဖို့ဆိုတာလည်း မစဉ်းစားနဲ့၊ ရယ်တာတောင် အသံမထွက်ရဘူးလို့ မိဘတွေနဲ့ လူကြီးသူမတွေက ဆုံးမခဲ့တယ်။ အသုဘအိမ်မှာလည်း တိတ်ဆိတ်ပြီး ဖေးမစကားတွေနဲ့ အားပေးစကားသာပြောပြီး မျက်နှာကိုလည်း ဘာမှမလိမ်းခြယ်ဘဲ ကိုယ်ချင်းစာနာစိတ်နဲ့ သွားရောက်ကြရတယ်။ ဒါဟာ လူမှုရေးအရ စာနာခြင်းနဲ့ နားလည်ပေးခြင်းပါပဲ။

ဒီနေရာမှာ ကိုယ်သွားပို့ဖူးတဲ့ အသုဘတစ်ခုနဲ့ ပတ်သက်လို့ပြောချင်ပါတယ်။ လူစုလူဝေးနဲ့ရှိနေတာရယ်၊ ယပ်တောင်လေးတဖျပ်ဖျပ်ခပ်နေတာကြောင့်သာ နာရေးအိမ်လို့ သိလိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ နာရေးလာမေးတဲ့သူတွေက ရယ်ကာမောကာနဲ့ တချို့ဆိုရင် အသံတောင်ထွက်ရယ်လိုက်သေးရဲ့။ ဘယ်သူ့သမီးကတော့ အငယ်အနှောင်းလေ၊ ဘယ်သူ့သားတော့ ဘာမှန်းမသိတဲ့ ယောင်ချာချာ၊ ဘယ်ရုပ်ရှင်မင်းသားကဘယ်လို၊ ဘယ်ရုပ်ရှင်မင်းသမီးကဘယ်ပုံတဲ့ နာရေးအိမ်နဲ့ မအပ်စပ်တဲ့စကားတွေကို ပြောနေကြတာ ကြားရတော့ စိတ်ထဲမှာ သိပ်ပြီးဘဝင်မကျချင်ဘူး။

ဘာပဲဖြစ်ဖြစ် လူတိုင်းဟာ သေဆုံးဖို့ မွေးဖွားလာတာဖြစ်လို့ သေဘေးကို ဘယ်သူမှရှောင်လွှဲလို့ရမှာမဟုတ်ပါဘူး။ သေသောသူ သုသာန်သို့သွားတယ်ဆိုပါစို့။ သေသွားသူဟာ သုသာန်သို့ သူ့ဘာသာသွားလို့တော့ မရပါ။ သုသာန်ရောက်အောင် ကျန်ရစ်သူတွေက လိုက်ပို့ရတယ်။ သူသေကိုယ်ပို့ ကိုယ်သေသူပို့ဆိုတဲ့ ဆိုရိုးစကားလည်းရှိတယ်။

နောက်ဆိုရိုးစကားတစ်ခုက မသာတစ်ခေါက် ကျောင်းဆယ်ခေါက်တဲ့။ သံဝေဂယူဖို့အတွက်လို့ နားလည်ပါတယ်။ ဘုန်းကြီးကျောင်းကို ဆယ်ခေါက်ရောက်လို့ ဘဝရဲ့ဆင်းရဲခြင်းတွေကို ထဲထဲဝင်ဝင်သိချင်မှ သိနိုင်လိမ့်မယ်။ အသုဘတစ်ခေါက်လိုက်ပို့လိုက်ရင် သေသူရဲ့ရုပ်အဆင်းကို ကြည့်လို့ပဲဖြစ်ဖြစ်၊ ကျန်ရစ်သူ မိသားစုတွေ ခံစားနေရတဲ့ ပရိဒေဝ၊ သောက၊ ဗျာပါဒတွေကို ကြည့်လို့ပဲဖြစ်ဖြစ် နှလုံးစိတ်ဝမ်း နုံးချည့်လှပါတယ်။ လူ့ဘဝရဲ့ ဆင်းရဲခြင်း အစစ်အမှန်တရားတွေကို တဖြည်းဖြည်းနားလည် သဘောပေါက်လာပါတယ်။

မိမိကိုယ်တိုင် ဒီခရီးဒီလမ်းကို အနှေးနဲ့အမြန် သွားကြရမှာဖြစ်လို့ မသေခင် ဘာတွေလုပ်ဆောင်သင့်လဲ။ ကျန်ရစ်သူမိသားစုတိုင်းရဲ့ ခံစားချက်တွေကို နားလည်စာနာပေးမယ့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာကြီးသုံးပါးကို ဆင်ခြင်ပြီးနေကြဖို့လိုပါတယ်။ ဘဝမှာ ပျော်စရာဆိုတာ ဘာမှလဲမတည်မြဲ တကယ်မရှိလို့ မတည်မြဲတာပဲရယ်လို့ အသိစိတ်ကိုဖြစ်စေတဲ့အတွက် ကိုယ်လည်း ဒီလိုပဲကြုံတွေ့ရမှာ မလွဲဧကန်ဖြစ်ပါလားဆိုတဲ့ သံဝေဂတရားရစေတဲ့အတွက် လူကြီးသူမတွေပြောနေတဲ့ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုရိုးစကားဖြစ်တည်လာတယ်လို့ပဲ တွေးတောမိပါတယ်။

ကျွန်တော်တို့ ဘဝသက်တမ်းတစ်လျှောက်မှာ မိရင်းဖရင်းတွေ၊ ညီအစ်ကို မောင်နှမတွေ၊ သားသမီးတွေ၊ ဆွေမျိုးအပေါင်းအသင်းတွေ၊ ကျောင်းတုန်းက သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ စတဲ့သူတွေဟာ နှုတ်ဆက်ချိန်ရလို့ နှုတ်ဆက်ကာ ထွက်သွားကြပြီ။ နှုတ်ဆက်ချိန် မရတဲ့သူတွေလည်း ထွက်သွားကြပြီ။

ဒီနေရာမှာ အကြောင်းသင့်လို့ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတစ်ယောက်အကြောင်းပြောချင်ပါတယ်။ အဲဒီသူငယ်ချင်းက သူ့အလုပ်နားရက်မှာ သေဆုံးခဲ့တာပါ။ သူကတော့ အရက်သောက်လို့ သေတာလို့ပဲ အကြမ်းဖျင်း ပြောရမယ်။ မှတ်မှတ်ရရ အဲဒီသူငယ်ချင်း သေဆုံးမယ့်နေ့မတိုင်ခင် တစ်ရက်က "မင်းတို့ရွာကို အလည်လိုက်ချင်တယ်ကွာ။ ဒါပေမယ့် အလုပ်ကတစ်ဖက်၊ မိသားစုကတစ်ဖက်ဆိုတော့ လိုက်ဖို့လည်း မလွယ်ဘူး။ ဒီနှစ်ထဲ မင်းရွာကိုပြန်ရင် မိသားစုလိုက် အလည်လိုက်မယ်ကွာ"လို့ ပြောခဲ့တာလေး မှတ်မိသေးတယ်။

နောက်တစ်နေ့ နံနက်စောစောမှာပဲ အဲဒီသူငယ်ချင်း ဆေးရုံတင်လိုက်ရတယ်။ ပြီးတော့ဆုံးသွားပြီလို့ ကြားလိုက်ရတဲ့အချိန်မှာ မယုံကြည်နိုင်အောင်ဖြစ်ခဲ့မိတယ်။ ဒီအချိန်မှာ အဲဒီသူငယ်ချင်းဆုံးသွားတာ တစ်နှစ်ကျော်ရှိပြီဆိုပေမယ့် သူပြောခဲ့တဲ့ စကားတွေကိုတော့ မနေ့တစ်နေ့ကလိုပဲ ထင်နေဆဲပါ။ အဲဒီအချိန်က သူပြောခဲ့တဲ့စကားတွေဟာ သူ့ရဲ့နောက်ဆုံးစကား ဖြစ်လိမ့်မယ်လို့ မတွေးမိခဲ့ဘူး။

လုပ်ဖော်ကိုင်ဖက် နောက်သူငယ်ချင်းတစ်ယောက်ဆိုရင်လည်း ဒီနှစ်သင်္ကြန်မှာ စတုဒိသာကကျွေးတဲ့ ထမင်းကို စားပွဲဝိုင်းတစ်ဝိုင်းတည်း အတူတူစားခဲ့ပြီး စားလို့ကောင်းလိုက်တာ စားဟ၊ ထမင်းထည့်ဟ ဟင်းထည့်ဟဆိုပြီး ကျွန်တော့်ထမင်းပန်းကန်ထဲ အတင်းထည့်ကျွေးကာ ဖော်ရွေနေရှာတယ်။ မကြာခင် မိနစ်ပိုင်းလောက်မှာပဲ ဆိုင်ကယ်မတော်တဆမှုဖြစ်ပြီး ဆေးရုံကို ပို့လိုက်ရတယ်။ အချိန်က ခဏလေးပါပဲ။

ညပိုင်းမှာပဲ အဲဒီသူငယ်ချင်းလည်း ဆုံးသွားပြီဆိုတာ သိလိုက်ရတယ်။ ဘယ်လိုပုံ၊ ဘယ်လိုနည်းတွေနဲ့ ဘယ်မှာများ ပြန်ဆုံကြရပါဦးမလဲ။ ဒါလည်း သူနဲ့ ကျွန်တော်ရဲ့ နောက်ဆုံးအကြိမ် ထမင်းလက်ဆုံစားတာ ဖြစ်မယ်လို့ မတွေးမိခဲ့ဘူး။

ကျွန်တော်တို့ကို ထားပြီးသွားတဲ့လူတွေ တဖြည်းဖြည်းများလာပြီ။ ဘယ်အချိန်မှာ ကျွန်တော်တို့က ထားရစ်သူ ဖြစ်လာမလဲ တွေးတောရင်း. . .။

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

### (၂) ကြိမ်မြောက် ကျပ် ၅၀၀တန် ထီပေါက်စဉ် ၂၀၁၇ ခုနှစ် ၊ မေ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု**

က - ၇၈၃၂၁၄

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆု**

င - ၇၁၁၀၄၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆု**

ပ - ၈၈၉၉၈၉

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

| | | | |
|---|---|---|---|
| က | ၁၁၃၃၆၀ | ကထ | ၄၅၄၆၅၈ |
| ဒ | ၁၄၄၃၃၈ | တ | ၄၅၆၀၀၆ |
| ကထ | ၁၆၆၇၈၃ | ဏ | ၄၆၂၉၇၉ |
| ည | ၁၉၄၆၉၆ | ထ | ၄၆၄၃၁၇ |
| က | ၂၁၄၉၃၃ | ကစ | ၅၆၇၀၈၁ |
| ကဍ | ၂၄၀၀၅၁ | ကဇ | ၆၄၄၄၆၆ |
| ဆ | ၂၄၀၄၆၃ | င | ၆၆၆၇၀၆ |
| က | ၂၅၃၈၁၆ | ရ | ၆၉၃၇၅၀ |
| ကဍ | ၂၆၁၈၆၆ | ကဏ | ၇၅၉၅၃၆ |
| ဃ | ၂၈၁၉၄၀ | ကဍ | ၈၁၉၇၇၈ |
| ခ | ၃၄၂၃၇၈ | ဆ | ၈၂၈၉၁၆ |
| ကဇ | ၃၇၃၅၂၇ | ည | ၈၅၀၄၈၁ |
| ကပ | ၃၇၉၉၉၈ | ဂ | ၈၇၈၄၈၂ |
| ဆ | ၃၈၁၉၉၅ | ဇ | ၉၁၈၇၇၈ |
| ဏ | ၃၈၈၀၇၃ | န | ၉၄၆၆၅၁ |
| င | ၄၃၆၃၂၆ | ဏ | ၉၉၀၂၁၀ |

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ**

| | | | |
|---|---|---|---|
| ကဋ | ၁၄၅၁၇၉ | ကဇ | ၅၃၄၉၀၆ |
| န | ၁၈၅၀၆၁ | ကဈ | ၅၅၂၃၇၉ |
| ကဆ | ၁၉၇၂၅၉ | တ | ၅၆၄၅၇၀ |
| ဈ | ၂၂၁၄၈၅ | ထ | ၅၇၀၁၅၇ |
| ဍ | ၂၅၂၉၂၅ | ကင | ၅၈၁၃၉၄ |
| ဃ | ၂၆၅၆၄၈ | ကဇ | ၅၉၅၇၄၄ |
| ဇ | ၂၆၆၅၁၅ | ပ | ၅၉၇၃၉၇ |
| န | ၂၈၀၅၇၅ | ဓ | ၆၉၁၃၇၄ |
| ကတ | ၂၉၀၉၃၀ | ကဇ | ၇၅၈၁၇၇ |
| ပ | ၂၉၂၂၃၂ | ဇ | ၈၀၁၃၇၀ |
| ရ | ၃၀၈၃၂၄ | ကဏ | ၈၂၅၇၈၅ |
| ခ | ၃၁၆၆၇၉ | ဍ | ၈၇၅၆၂၅ |
| ထ | ၃၂၁၉၁၁ | ကပ | ၈၉၃၇၇၀ |
| ကထ | ၃၂၈၅၂၆ | ကဍ | ၉၁၃၈၉၀ |
| ကတ | ၃၄၆၇၂၇ | ဈ | ၉၄၃၁၃၃ |
| ဂ | ၃၆၁၄၄၁ | ကင | ၉၄၄၆၀၆ |
| န | ၃၈၀၉၈၃ | န | ၉၇၁၇၉၄ |
| ကည | ၄၈၇၇၆၉ | ဓ | ၉၇၅၈၉၅ |
| ဈ | ၅၀၀၇၃၁ | င | ၉၈၉၂၂၄ |

**ဆုတစ်ဆုချင်းကျပ်(၁၀)သိန်းဆုများ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| က | ၁၀၅၅၉၅ | ည | ၃၄၇၉၅၂ | ဓ | ၅၆၇၀၁၅ | ဍ | ၇၅၀၇၆၈ |
| ကဍ | ၁၅၀၁၈၁ | ကည | ၃၆၀၈၁၅ | ကထ | ၅၆၇၆၆၅ | ကဏ | ၇၈၂၈၈၇ |
| ဃ | ၁၅၄၇၀၄ | န | ၃၆၅၄၂၇ | ထ | ၅၇၅၀၈၈ | ပ | ၇၈၆၂၉၂ |
| ကဍ | ၁၆၆၈၉၃ | က | ၃၇၀၀၅၉ | ဃ | ၅၇၅၈၉၄ | န | ၈၃၈၇၇၀ |
| င | ၁၉၀၅၉၄ | ကဏ | ၃၈၆၈၄၇ | စ | ၅၈၀၁၅၉ | ကဏ | ၈၅၀၂၈၀ |
| ဒ | ၂၂၇၁၁၉ | က | ၃၈၆၉၆၅ | ကည | ၅၉၀၆၆၅ | ဒ | ၈၇၀၆၀၇ |
| ခ | ၂၄၄၂၂၂ | ဇ | ၄၂၅၅၈၁ | ဋ | ၆၅၀၈၈၂ | ခ | ၈၉၃၅၉၀ |
| ကဋ | ၂၆၀၅၅၁ | ရ | ၄၄၂၇၆၀ | ပ | ၆၇၀၆၂၅ | ဓ | ၈၉၄၅၀၅ |
| ကရ | ၃၀၈၃၆၈ | ည | ၄၈၇၀၂၉ | င | ၆၈၀၃၀၄ | ဃ | ၈၉၅၅၅၅ |
| ကဈ | ၃၂၂၈၄၈ | ကဆ | ၄၉၁၇၄၁ | ဋ | ၇၃၅၆၅၇ | ကတ | ၉၉၀၆၁၁ |
| ဒ | ၃၂၅၆၅၂ | ပ | ၅၄၈၅၅၉ | | | | |

# (၂)ကြိမ်မြောက် ကျပ်၅၀၀တန် ဝေဝေဆာဆာပဒေသာဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ကင | - ၁၈၃၅၂ | ကဍ | - ၅၉၈၀၉ |
| ဏ | - ၃၈၃၈၅ | ကဏ | - ၅၉၉၅၅ |
| ကတ | - ၄၂၂၅၆ | စ | - ၈၂၄၃၄ |
| ကထ | - ၅၅၇၇၃ | င | - ၉၂၄၆၄ |
| ကထ | - ၅၆၈၄၅ | ဓ | - ၉၅၆၁၅ |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ခ | - ၂၀၄၃ | ခ | - ၇၂၉၃ |
| ဈ | - ၂၉၀၁ | ကဋ | - ၇၄၄၇ |
| ဇ | - ၃၄၃၉ | ဇ | - ၇၇၂၂ |
| န | - ၆၁၂၈ | ည | - ၈၃၄၉ |
| ကဇ | - ၆၇၆၇ | က | - ၈၆၃၉ |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဇ | - ၁၁၆ | ကည | - ၂၆၄ | ကဈ | - ၄၅၄ | ကဆ | - ၇၁၃ | ဃ | - ၉၇၄ |
| စ | - ၁၁၉ | ပ | - ၃၂၂ | ဋ | - ၅၁၀ | ခ | - ၇၃၇ | | |
| ဋ | - ၁၃၆ | ဏ | - ၃၂၄ | ဏ | - ၆၂၀ | ဈ | - ၇၅၃ | | |
| ကထ | - ၂၂၀ | န | - ၃၂၉ | ကတ | - ၆၃၇ | ကဇ | - ၈၁၂ | | |
| က | - ၂၃၂ | ည | - ၄၀၉ | င | - ၆၄၀ | ကဆ | - ၈၉၅ | | |

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

ဓ - ၃၂ ကစ - ၃၃ တ - ၃၈ ကထ - ၄၀ ဆ - ၅၈ င - ၆၅ တ - ၉၂

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

(၃၄၀) ကြိမ်မြောက် ကျပ်၂၀၀ တန် ထီပေါက်စဉ်
၂၀၁၇ ခုနှစ် ၊ မေ လ (၁) ရက်နေ့

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၅၀၀)ဆု**

ခ - ၇၇၁၉၇၆

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆု**

က - ၂၂၅၇၄၂

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆု**

က - ၃၄၀၂၈၆

**ဆုကြီးတစ်ဆုချင်း ကျပ်(၂၅)သိန်းဆု**

ခ - ၈၃၀၆၄၃

**ဆုကြီးတစ်ဆုချင်း ကျပ်(၁၀)သိန်းဆု**

ခ - ၃၁၀၆၈၆

**ဝေဝေဆာဆာပဒေသာကျပ်(၃)သိန်းဆုများ**

က - ၅၂၃၇၆ ဂ - ၈၇၅၈၅

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆုများ**

က - ၆၅၆၄

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ**

ခ - ၉၀၀

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၁၇ခုနှစ်၊ မေလ (၁) ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေ သိန်းဆုဖွင့်ပွဲတွင် (၂) ကြိမ်မြောက် ကျပ် ၅၀၀ တန် အတွက် ဆုမဲပေါင်း (၉၂၂၁၅)ဆုနှင့်(၃၄၀) ကြိမ်မြောက် ကျပ် ၂၀၀တန် အတွက် ဆုမဲပေါင်း (၁၁၂၅)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို "က" အက္ခရာမှ အစဉ်လိုက် "န" အက္ခရာထိ အက္ခရာလုံးရေ ၂၀ နှင့် အရန်ထီ "ကဒ" အက္ခရာမှ အစဉ်လိုက် "ကအ" အက္ခရာထိ ၁၆ လုံး၊ စုစုပေါင်း အက္ခရာ ၃၆ လုံးခန့်၊ ထီစာအုပ်ပေါင်း (၂၉၄၅၄၄၈)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ်(၅၀၀)တန် အရန်ထီလက်မှတ်စာအုပ်များကို "ကဒ"အက္ခရာ လက်ကျန်ထီများမှစ၍ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အနည်းဆုံးအုပ်ရေ (၁၀၀) နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၃. ၅. ၂၀၁၇) ရက်နေ့မှ (၂၄ . ၅ . ၂၀၁၇) ရက်နေ့ထိ ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၄။ (၃၄၁) ကြိမ်မြောက် ကျပ်(၂၀၀) တန်ထီ လက်မှတ်များကိုလည်း အက္ခရာ(၃)လုံး ထီစာအုပ်ပေါင်း (၂၄၅၄၅၄)အုပ် ရောင်းချပေးမည် ဖြစ်ပါသည်.

<u>ဆုငွေစတင်ထုတ်ပေးမည့်ရက် (၁၁. ၅. ၂၀၁၇)</u>

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက် ရှိပြီး ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား **www.irdmyanmar.gov.mm** တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။


Healthcare Call Center
သိလိုသမျှ ကျန်းမာရေး 7887 ဖုန်းဆက်မေး
၂၄ နာရီ ဝန်ဆောင်မှု
Healthcare Call Center
7887
အထွေထွေရောဂါဝေဒနာများ၊ အထူးကုဆရာဝန်ကြီးများနှင့်ဆေးရုံဆေးခန်းလမ်းညွှန်၊ မျိုးဆက်ပွားကျန်းမာရေး၊
အလှအပနှင့်နေထိုင်မှုပုံစံများ၊ ရင်တွင်းခံစားချက်များစသည့် ကျန်းမာရေးအသိပညာဗဟုသုတများနှင့်ပတ်သက်၍
MPT မိုဘိုင်းလ်ဖုန်းဖြင့် Hotline နံပါတ် 7887 သို့ ခေါ်ဆိုပြီး ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါပြီ။
www.healthcare.com.mm


YOMA HOME LOAN နှင့်
ပိုမိုကောင်းမွန်သောဘဝကို
တည်ဆောက်လိုက်ပါ။
အနီးဆုံးဘဏ်ခွဲများမှာ စုံစမ်းမေးမြန်းနိုင်သလို
Call Center ဖုန်းနံပါတ် 9662 သို့မဟုတ်
097 9662 9662 ကိုလည်း ခေါ်ဆိုမေးမြန်းနိုင်ပါတယ်။
Yangon
အခုပဲ လျှောက်ထား လိုက်ပါ။
Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။
ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

**Kindergarten Program & Pingu's English Language Course**

Pingu's English School သည် UK မှဖွင့်လှစ်လိုက်ပြီး UK Curriculum ကိုသင်ကြား၍ Singapore နိုင်ငံမှ Early Childhood Systematic Approach ကိုအသုံးပြုကာ ကလေးများကို ပြုစုပျိုးထောင်ပေးနေသော International ကျောင်းတစ်ခုဖြစ်ပါသည်။

New intake and classes starting in June 2017

Early bird enrolment discounts available

**Kindergarten Program**
Monday to Friday
(9AM - 3PM)
- Activity based learning System
- English, Maths, Science, Art & Music

Pre-KG Age 2-3
KG-2 Age 3-4
KG-3 Age 4-5

**Pingu's English Language Course**
2Daysperweek
(2hours/day)
- English 4 skills with Spiral Syllabus from UK
- Activity based learning system

Tots 18 months to 3yrs old
Level-1
Level-2
Level-3

26A, Kanbawza Yeik Thar Road, Bahan Township, Yangon. | www.facebook.com/pingusenglish.myanmar | CALL NOW : 09975751817,0152 5218,09979990788

**ရွှေအိုးကြီး**
မြဝတီ၊ မဲဆောက်၊ ဖာပေါ၊ ဘားအံဘုရားဖူးနှင့် ချစ်သူမြိုင်
Hotel (Visa) (75000)
ပြည်၊ အကောက်တောင် May-9 (30000)
09421073634, 777636630

**DADDY** (ဒယ်ဒီ)
ဘားအံ-ကျောက်ကလပ် 37000
ဂူလေးဂူ-ချစ်သူမြိုင် နေ့ချင်းပြန်
May - 5, 9, 12, 19, 26
09448001903,09440334848

**အမည်မှန်**

မိတ္ထီလာမြို့၊ မြာအုပ်စု ရေဝေကျေးရွာနေ အဖ ဦးကျော်နှင်း၏သား ဦးထွန်းဦး ၉/ဝတန(နိုင်)ဝဝ၄၃ဝ၄]သည် အမည်မှန်ဖြစ်ပါကြောင်း။

**ဦးထွန်းဦး**

**nurture** Private Primary School
We nurture tomorrow leaders!
a part of GETC

**ကိုယ်ပိုင်မူလတန်းကျောင်း**

"ကျောင်းနေပျော်၍ ခဦးအားတွေးခေါ်တတ်ရမည်"

- အစိုးရသင်ရိုးနှင့် Cambridge သင်ရိုး
- အရည်အသွေး၊ အရည်အချင်းနှင့် သဘောထားပြည့်ဝသောဆရာ/မ
- ထိရောက်သောသင်ကြားရေးစနစ်
- မြန်မာကလေးများလိုအပ်သောထပ်ဆောင်းသင်ရိုး
- ကန့်သတ်ထားသောလူဦးရေ

၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်အတွက် ဝင်ခွင့်လျှောက်လွှာများစတင်လက်ခံနေပါပြီ

အမှတ် -၂၀(B)၊ စေတနာမွန်လမ်း၊ တောင်သုကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်။ (ကွယ်ကဘော်နှင့် အင်းစိန်ဆေးရုံအနီး) ဖုန်း ၀၉၄၂၀၆၂၂၂၇/၈

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သီးခြားငွေထုတ်စာရင်းခေါင်းစဉ်ဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-1(T)/MESC/2017-2018 | မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ လိုအပ်သော အိမ်သုံးမီတာ၊ လုပ်ငန်းသုံးမီတာ၊ Transparent Box & Accessories များနှင့် မီတာဆီးလ်များဝယ်ယူရန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇-၄-၂၀၁၇ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၁-၅-၂၀၁၇ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇ လမ်း၊ ၇၇×၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၆၉၁၂၀ ၊ ၀၂-၇၃၈၀၁**

Develop By
တကောင်းဘွားကုမ္ပဏီလီမိတက်
TA GAUNG BWAR CO.,LTD.

- AYA Bank နှင့် ချိတ်ဆက်၍ တိုက်ခန်းတန်ဖိုး၏(၃၀%) ငွေပေးချေခြင်းဖြင့် တိုက်ခန်းလက်ဝယ်ပိုင်ဆိုင်နိုင်ပြီး ကျန်ငွေ (၇၀%)ကို လပေါင်း (၁၂၀) တိုတို Hire Purchase စနစ်ဖြင့် အရစ်ကျ ငွေပေးချေနိုင်ခြင်း . . .
- တိုက်ခန်းဝယ်ယူသူအားလုံးအတွက် စုပေါင်းမြေပိုင်ဆိုင်မှု ရရှိခြင်း . . .

One Unit - 2 Carparks, ကျယ်ဝန်းသော GYM နှစ်ထပ်ခန်းမ၊ Infinity Swimming Pool၊ ကျယ်ဝန်းသော Relax Area & Garden, Mini Mart,Coffee Shop အစရှိသည့် Facilities ပြည့်စုံသော Condominium တွင် 1000 Sqft မှ 2300 Sqft အကျယ်အဝန်းရှိ ပြင်ဆင်ပြီး အခန်းများအား ရောင်းချပေးနေပါသည်။







No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888, 09 830 3888
Email : tagaungbwarcompany@gmail.com , Facebook : Ta Gaung Bwar

# ကျပ် ၅၀၀ တန် ထီ (၂)ကြိမ်မြောက်ဖွင့်

**ရန်ကုန် မေ ၁**

(၂) ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲကို မေ ၁ ရက်က ရန်ကုန်မြို့ အောင်ဘာလေသိန်းဆုဌာနခွဲတွင် ကျင်းပခဲ့ကာ ဆုမဲပေါင်း ကိုးသောင်းကျော် ဖွင့်လှစ်ပေးခဲ့ပြီး ကျပ် ၂၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲကိုလည်း ဆက်လက်ကျင်းပခဲ့သည်။

(၂) ကြိမ်မြောက် ဖွင့်လှစ်ခဲ့သည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များ ရောင်းချခဲ့ရသည့် ငွေစုစုပေါင်းမှာ ကျပ်သန်းပေါင်း ၁၃၃၀၄ ဒသမ ၅၁၅ ဖြစ်ပြီး ထီလက်မှတ်စာအုပ်များ ရောင်းချရငွေ၏ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ပြန်လည်ခွဲဝေပေးခြင်း ဖြစ်ရာ ချီးမြှင့်ခဲ့သည့် ဆုငွေပေါင်းမှာ ကျပ်သန်းပေါင်း ၇၉၈၂ ဒသမ ၇၀၉ ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆုငွေများကို ခွဲဝေချီးမြှင့်ရာတွင် အထူးဆုကြီးစနစ်တွင် ကျပ် သိန်းတစ်သောင်း တစ်ဆု၊ ကျပ်သိန်းငါးထောင်ဆု တစ်ဆု၊ ကျပ်သိန်းတစ်ထောင်ဆု တစ်ဆု၊ ဆုတစ်ဆုချင်း စနစ်တွင် ကျပ်သိန်းတစ်ရာ ဆု ၃၂ ဆု၊ ကျပ်သိန်းငါးဆယ်ဆု ၃၈ ဆု၊ ကျပ်ဆယ်သိန်းဆု ၄၂ ဆု၊ ဝေဝေဆာဆာ ပဒေသာ ဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု ၁၀၀၊ ကျပ်နှစ်သိန်းဆု ၁၀၀၀၊ ကျပ်တစ်သိန်းဆု ၂၀၀၀၀၊ ကျပ်ငါးသောင်းဆု ၇၀၀၀၀ စုစုပေါင်း ဆုမဲ ၉၂၂၀၅ ဆုဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ကျပ် ၅၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲနှင့်အတူ အကြိမ် (၃၄၀)မြောက် ၂၀၀ ကျပ်တန် ထီဖွင့်ပွဲကိုလည်း ဆက်လက်ကျင်းပခဲ့ပြီး အမြင့်ဆုံးဆု ကျပ်သိန်း ၁၅၀၀ နှင့်အတူ ကျပ်သိန်း ၁၀၀၊ ကျပ်သိန်း ၅၀ ဆုများ ပါဝင်မည်ဖြစ်ပြီး အနိမ့်ဆုံး ဆုမဲမှာ ကျပ်တစ်သိန်းဖြစ်သည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❒

# ပြည်တွင်းငါးတင်ပို့မှုတန်ချိန် ယခင်နှစ်ထက်မြင့်တက်



**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံ၏ ပြည်တွင်းငါး တင်ပို့မှုတန်ချိန်သည် ယခင်နှစ်ထက် မြင့်တက်လာကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာန တာဝန်ခံ ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က "ဘဏ္ဍာနှစ်အနေနဲ့ ကြည့်မယ်ဆိုရင်တော့ ပြီးခဲ့တဲ့ မတ် ၃၁ ရက်က တစ်နှစ်ပြည့်ခဲ့တာပါ။ ဒါပေမယ့် အခု ဘဏ္ဍာရေးနှစ်ကြားကာလမှာ ငါးတင်ပို့မှုကို မတွက်ရသေးပေမယ့် ရရှိပြီးတဲ့ ကိန်းဂဏန်းတွေအရဆိုရင် ပို့ကုန်တန်ချိန်လည်း တိုးလာသလို ငွေတန်ဖိုးတွေလည်း တိုးလာတာတွေ့ရပါတယ်။ ပင်လယ်ငါးဖမ်းလုပ်ငန်းကလည်း ကုန်ချိန်တိုးလာသလို အခြား ငါးပိ၊ ငါးခြောက်လုပ်တဲ့ ငါးတွေဟာလည်း ကုန်တက်အလွန်များလာတာတွေ့ရပါတယ်"ဟု ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ပွင့်လင်းရာသီ အစဖြစ်သော ဇွန်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ စတင်ခဲ့ပြီး စက်တင်ဘာလမှစတင်ကာ ယနေ့အချိန်ထိ ပင်လယ်ငါးများ ကုန်တက်ကောင်းနေဆဲဖြစ်ကြောင်း သိရသည်။ ငါးသလောက် အများဆုံး ဖမ်းဆီးရမိပြီး ယခုနှစ်အတွင်း ပို့ကုန်အပြင် ပြည်တွင်း စားသုံးသူများအတွက် စျေးချိုချိုဖြင့် ပေါများစွာဝယ်ယူစားသုံးနိုင်ကြောင်း သိရသည်။ အခြား ငါးပိ၊ ငါးခြောက်ပြုလုပ်သော ပင်လယ်ငါးများ၏ ဖမ်းဆီးရရှိမှုသည်လည်း မြင့်တက်လာကြောင်းနှင့် ပြည်တွင်းမွေးမြူရေးငါးများနှင့် ငါးမြစ်ချင်းတင်ပို့မှုများလည်း ကိန်းဂဏန်းပမာဏတစ်ခုတွင်ရှိကြောင်း ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များထံမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

# အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) မေလပထမပတ်တွင် ကျင်းပမည်

**ရန်ကုန် မေ ၁**

အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)ကို မေ (၂၊ ၃၊ ၄)ရက်တွင် ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးမှ အားကစား/ပညာရေးအသင်းမှာ ဒုတိယနေရာမှ သစ္စာအားမာန်အသင်းနှင့် တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၃)ကို မေ ၂၊ ၃၊ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်အားလုံးကို ပဒုမ္မာကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၃)အဖြစ် မေ ၂ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း၊ မေ ၃ ရက်တွင် သစ္စာအားမာန်အသင်းနှင့် အားကစား/ပညာရေးအသင်း၊ မေ ၄ ရက်တွင် ဂန္ဓမာအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို အောင်ဆန်းကွင်း၌ ပုံမှန်ကျင်းပလေ့ရှိသော်လည်း ယခုတစ်ပတ်တွင် ရှုံးထွက်ပြိုင်ပွဲ ကျင်းပရန်ရှိသောကြောင့် ကွင်းပြောင်းလဲခဲ့ပြီး ပွဲစဉ်အားလုံးကို ညနေ ၄ နာရီတွင် စတင်မည်ဖြစ်သည်။

ပွဲစဉ်(၂)အပြီးတွင် အားကစား/ပညာရေးအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ သစ္စာအားမာန်အသင်းက နှစ်ပွဲကစား လေးမှတ်၊ မြဝတီအသင်းက တစ်ပွဲကစား သုံးမှတ်၊ ဇွဲကပင်အသင်းက နှစ်ပွဲကစားသုံးမှတ်၊ အား/ကာသိပ္ပံအသင်းက တစ်ပွဲကစား တစ်မှတ်ရထားပြီး ဂန္ဓမာနှင့် YREO အသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း-ချစ်ကိုကို**

# AFC Cup နောက်ဆုံးပွဲ ရတနာပုံနှင့်ထန်ကွမ်နင် ယနေ့ကစားမည်

**ရန်ကုန် မေ ၁**

၂၀၁၇ AFC Cup ပြိုင်ပွဲအုပ်စု (H)နောက်ဆုံးပွဲအဖြစ် ရတနာပုံအသင်းသည် ထန်ကွမ်နင်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရမှသာ နောက်တစ်ဆင့်တက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲများအဖြစ် မေ ၂ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ မြန်မာကလပ် ရတနာပုံအသင်းနှင့် ဗီယက်နမ်ကလပ် ထန်ကွမ်နင်အသင်း၊ မေ ၃ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် မလေးရှားကလပ် ဂျိုဟိုးဒါရူးလ်အသင်းနှင့် မြန်မာကလပ် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မကွေးအသင်းသည် အုပ်စုပွဲစဉ် (၅) ပြီးကတည်းက အုပ်စုအဆင့်မှထွက်ခဲ့ရပြီး ရတနာပုံအသင်းသာ အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် မျှော်လင့်ချက်ရှိနေခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ဟုမ်းယူနိုက်တက်အသင်းကို အဝေးကွင်း၌ ရှုံးနိမ့်ပြီးနောက် အုပ်စုပထမနေရာနှင့် လွဲချော်ခဲ့ပြီး

**စာမျက်နှာ ၁၂ ကော်လံ ၆ သို့** ✪



AFC Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကစားရမည့် ရတနာပုံအသင်း။

DECO-LAND GROUP
DECO
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 01 684292, 684405~08

ရွှေခိုးစည် ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) 50% Dis အထူးစျေး 75000
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ ပြည်ဝင်ပြည်)၊ ပဒုတ္တာ။
■ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်ဝမ်းလှိုဏ်ဂူ(၄)ရက်။ လွိုင်ကော်ပါ(၅)ရက်။
■ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းစေတီ(၃)ရက်။ မုံရွာပါ(၄)ရက်။
■ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ကွဲပီ၊ ဇက်ဝဲ(၅)ရက်။ Apr 28, May 5
373275, 708342, 0949219404

"River Samon Institute of Management ၏ (၃) နှစ်ပြည့် နှစ်ပတ်လည် အထူးအစီအစဉ်အနေဖြင့် ၂၀၁၇ခုနှစ်၊ မေလ နှင့် ဇွန်လ ကျောင်းဖွင့်ချိန်များတွင် MBA တက်ရောက်ကြမည့် ကျောင်းသားကျောင်းသူများ အားလုံးကို Scholarship USD 1000 ပေးအပ်ချီးမြှင့်သွားပါမည်။



# Ph.D MBA MBA

Section-1 (Sunday Only)
Section-2 (Saturday & Sunday)

Logistics and Supply Chain Management

## Why Should Join Lincoln University College?

* Globalization of Education * Knowledge Enrichment * Diverse Opportunities * Affordability * Quality Education
* Flexible Payment * Credit Transfer (UK, US, Canada, Australia, New Zealand & Europe)
* Global Education ကိုကုန်ကျစရိတ် သက်သာစွာဖြင့် Lincoln University, Myanmar Campus တွင်ရယူလိုက်ပါ။

Scholarship USD 1000 ရရှိမဲ့အခွင့်အရေး...!

Hot Line
09-420725566
09-73094060

Enroll Now! for MAY & JUNE Intake

@ Myanmar Campus

- CB Bank နှင့်ချိတ်ဆက်ပြီး Education Loan စီစဉ်ပေးပါသည်။

RIVER SAMON INSTITUTE OF MANAGEMENT
No.(8), 5th Floor, Room(#506), Pan Chan Tower, Bargayar Road, Myaynigone, Sanchaung Tsp, Yangon, Myanmar. Email: info@riversamon.com, Website: http://www.lincoln.edu.my

Organizer by Creation Strength Co., Ltd.

# MEGA EXPO

THE BEST OF TAUNGGYI HOUSING, LIVING, MOBILE FAIR & CAR SHOW

DATE : 1-6-2017 to 5-6-2017
TIME : (9:00) am to (9:00) pm
PLACE: Taunggyi City Hall

19(B), PARAMI ROAD, SOUTH OKKALAPA TSP, YANGON. 09-450045003, 09-450050005, 09-450055888, 09-250513383

အရစ်ကျ ငွေချေစနစ်နှင့် အငှားမှအပိုင်ဝယ်စနစ်

PRIME-BOSS

MX-C300F
Full Color MFP



Std : Fax/ Network Print/ Color Scan/ PS3

MX-2614N
Digital Full Color MFP System
- Std : Feeder/ Duplex
- 7" Color LCD Touchpanel
- Std: A3Color Copy/ Network Print/ Network Color Scan
- USB Memory Print/Scan
- Low Runing Cost (လုပ်ငန်းသုံးရန်သင့်လျော်)



Special Gift 40" LED TV



AR-6020
Digital MFP System
Std : A3 Copy/ Print/ Color Scan

Special Price 800,000 KS




Prime - Boss Company Limited
* မိတ္တူနှင့် DTP လုပ်ငန်းများ ဆက်သွယ်နိုင်ပါသည်။ *
* All Photos Shown with Option
Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botataung Township, Yangon. Tel : 01 256644, 256508 Hot Line : 09 788888929 Fax -01 256158
Naypyitaw - Tel: 067-421393 Mandalay - Tel: 09-91023841 Email: sales@primeboss.com.mm
Since 1996

မြန်မာပြည်မှာဘာဝယ်ရမလဲ?

# မြန်မာစီးပွားရေးလမ်းညွှန် ၂၀၁၇

ထွက်ပြီ



အထက်ပိုင်း မြို့ပေါင်း (၁၃၃)မြို့ ပါဝင်သည်။
အောက်ပိုင်း မြို့ပေါင်း (၁၀၈)မြို့ ပါဝင်သည်။

www.myanmarbusiness-directory.com
YANGON ☎ 09 44 800 1662
MANDALAY ☎ 02 4000 611

YOUR GUIDE TO MYANMAR
Myanmar Business DIRECTORY

